ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ- ၂၀၈)

၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်၊ အင်္ဂါနေ့။ Tuesday, 28 April 2020 ၉၉၉၆

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သွေးစည်းကြဖို့၊ စည်းလုံးကြဖို့နှင့် စပ်လျဉ်း၍ သတင်းစကားပါး




နေပြည်တော် ဧပြီ ၂၇

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သွေးစည်းကြဖို့၊ စည်းလုံးကြဖို့နှင့် စပ်လျဉ်း၍ ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည် –**

ဆရာကြီး သခင်ကိုယ်တော်မှိုင်းက အရေးကြီးရင် သွေးစည်းရမယ်လို့ ဆော်ဩခဲ့ပါတယ်။

ICJ ကိစ္စနဲ့ The Hague ကိုသွားခဲ့တုန်းက ကမ္ဘာအရပ်ရပ်၊ နိုင်ငံပေါင်းစုံက ကျွန်မတို့ ပြည်သူ ၄၀၀ ကျော်လောက် ကျွန်မတို့ကို အားပေးထောက်ခံဖို့ ရောက်လာကြပါတယ်။ အဲ့ဒီအချိန်မှာ သွေးစည်းခြင်းရဲ့ အဓိပ္ပာယ်နဲ့ တန်ဖိုးကို ကောင်းကောင်းကြီး ခံစားခဲ့ရပါတယ်။ အေးလှတဲ့ရာသီမှာ နွေးထွေးမှုရခဲ့ပါတယ်။

ကြီးမားတဲ့ဝန်ဟာ ပေါ့သွားသလိုပါပဲ။ ကူထမ်းပေးမဲ့သူတွေ ရောက်လာတာကိုး။

ကမ္ဘာကျော် စာရေးဆရာကြီး တစ်ဦးက ပြောဖူးပါတယ်၊ တိုက်ပွဲကြီးများရဲ့ ဦးတည်ချက်က ရန်ပြုဖို့ မဟုတ်ဘူး၊ စည်းလုံးဖို့သာ ဖြစ်တယ်တဲ့။ ဒီအတွေးကို ကျွန်မ သိပ်သဘောကျတယ်။ စိန်ခေါ်မှု ကြီးကြီးမားမားတွေကို ရင်ဆိုင်ကြတဲ့အခါ သွေးစည်းကြဖို့၊ စည်းလုံးကြဖို့က အဓိကပါပဲ။ အောင်မြင်ခြင်းရဲ့ အခြေခံပါပဲ။

The Hague ကို၊ ကိုယ့်စရိတ်နဲ့ကိုယ်၊ အလုပ်အကိုင်ပစ်ပြီးလာတဲ့သူတွေထဲမှာ မြန်မာနိုင်ငံသားမဟုတ်တော့တဲ့သူတွေလည်းပါပါတယ်။ အရေးကြီးတော့ သွေးစည်းကြတယ်လေ၊ သူစိမ်းတွေ (၃)ရက်အတွင်း မိသားစုရင်းချာသဖွယ်၊ တူညီတဲ့ ယုံကြည်ချက်၊ တူညီတဲ့စေတနာတွေနဲ့ ညီညွတ်နေကြတာ အလွန်ကြည်နူးစရာပါ။

ထိုင်းနိုင်ငံက ကျွန်မတို့ ပြည်သူတွေ COVID ရောဂါပြဿနာကြောင့် ဒီအပတ်အတွင်းမှာ သောင်းဂဏန်းနဲ့ ချီပြီးပြန်လာကြပါတော့မယ်။ အခက်အခဲကြုံနေလို့ အမိမြေကို အားကိုးတကြီး ပြန်လာကြတာကို ကျွန်မတို့ ဂုဏ်ယူရမှာပါ။ အတတ်နိုင်ဆုံး ကျန်းမာရေးအစီစဉ်တွေနဲ့ ကြိုဆိုရမှာပါ။ ငါတို့အမိမြေ ပြန်ရောက်ပြီ၊ ငါတို့လုံခြုံပြီလို့ ခံစားစေချင်တယ်။

အရေးကြီးလို့ သွေးစည်းကြရအောင်။

**○ ကမ္ဘာကျော် စာရေးဆရာကြီးတစ်ဦးက ပြောဖူးပါတယ်၊ တိုက်ပွဲကြီးများရဲ့ ဦးတည်ချက်က ရန်ပြုဖို့မဟုတ်ဘူး၊ စည်းလုံးဖို့သာ ဖြစ်တယ်တဲ့။ ဒီအတွေးကို ကျွန်မ သိပ်သဘောကျတယ်။ စိန်ခေါ်မှု ကြီးကြီးမားမားတွေကို ရင်ဆိုင်ကြတဲ့အခါ သွေးစည်းကြဖို့၊ စည်းလုံးကြဖို့က အဓိကပါပဲ။ အောင်မြင်ခြင်းရဲ့ အခြေခံပါပဲ။**

**ကြေးမုံ ယနေ့ ဖတ်စရာ**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ပညာရေးဝန်ကြီးဌာနမှ အထောက်အကူပြု စက်ပစ္စည်းများ လှူဒါန်း

စာမျက်နှာ » ၃

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများ၌ ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့မှုအနည်းဆုံးဖြစ်အောင် စိစစ်ဆောင်ရွက်လျက်ရှိ

စာမျက်နှာ » ၆

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာမျက်နှာ » ၈



ကြေးမုံ

# မင်္ဂလာကာလသစ်သို့ သန္နိဋ္ဌာန်ပြုလျှောက်လှမ်း

မည်သူမျှ မွန်းကျပ်မှုကို မလိုလား။ လွတ်လပ်ပေါ့ပါးမှုဖြင့်သာ ရှင်သန်လိုကြသည်။ သို့သော် တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ဖြစ်ပေါ်လာသော အခြေအနေအရ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများနှင့် ပြည်သူအားလုံး ရှောင်လွှဲ၍မရ မလွဲမသွေ ကြုံတွေ့ကြရပါသည်။ ရောဂါဘေးကို အသိစိတ်ဓာတ်ဖြင့်ဆောင်ရွက်ခဲ့ရာမှ မတ် ၁၃ ရက်တွင် ပြည်သူများသို့ပန်ကြားချက်အရ လူစုလူဝေးဖြင့် ပြုလုပ်ကျင်းပသော ကိစ္စများကို ဧပြီလ ၃၀ ရက်နေ့အထိ ပြုလုပ်ခွင့်မရှိဘဲ ရပ်ဆိုင်းခဲ့ရသည်။

ပြည်သူများ ရောဂါကူးစက်မှုဘေးမှ ကင်းဝေးစေရေးအတွက် ရောဂါကူးစက်လွယ်သော လူစုလူဝေးစုဝေးမှုကို ရှောင်ရှားနိုင်ရန် အချိန်အတိုင်းအတာတစ်ခုတွင် ပြည်သူများအား အသိပေးပန်ကြားခြင်း ဖြစ်သည်။ အမှန်တကယ်တွင် မြန်မာနိုင်ငံ၌ လူစုလူဝေးဖြင့်ကျင်းပသော ပွဲလမ်းသဘင်အခမ်းအနားများအား တားမြစ်ခဲ့ခြင်းသာဖြစ်ပြီး ရောဂါပိုးစတင်တွေ့ရှိသော မတ်လ ၂၃ ရက်နေ့မှ နောက်ပိုင်း မတ်လကုန်ဝန်းကျင်ခန့်ရောက်မှသာ စည်းကမ်းသတ်မှတ်ချက်များ၊ ဒေသန္တရအမိန့်များနှင့် ကြုံတွေ့ရခြင်းဖြစ်သည်။

နှစ်သစ်ကူးပြောင်းသည့် မဟာသင်္ကြန်ကာလမှာ အများပြည်သူပိတ်ရက်များဖြစ်ပြီး ရောဂါဖြစ်ပွားမှု၊ ကူးစက်မှုနှင့်ပတ်သက်၍ အရေးကြီးသော ကာလဖြစ်သည်။ Stay at Home မိမိနေအိမ်တွင်သာ နေထိုင်ကြရန် အသိပေးပန်ကြားတိုက်တွန်းခဲ့မှုများအပေါ် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများအားလုံး လိုက်နာဆောင်ရွက်ခဲ့ကြ၍ အကျိုးရှိထိရောက်မှုကိုဖြစ်စေပါသည်။ ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြည်ပမှဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူပြည်သားများအား ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန်အတွက် ထိရောက်သောအစီအမံများကို ဆက်လက်ချမှတ်နိုင်ရန် ယာယီကန့်သတ်မှုအစီအမံများကို မေလ ၁၅ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း အသိပေးထားသည်။

အဆိုပါအစီအမံသည် ယာယီကန့်သတ်မှုအစီအမံဖြစ်သော်လည်း ပြည်သူအားလုံးအနေဖြင့် ရောဂါဘေးမှကင်းဝေးစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့်ကာလဖြစ်သည်။ တစ်ကမ္ဘာလုံးရင်ဆိုင်ကြုံတွေ့နေရသော ကိုဗစ်-၁၉ ကူးစက်ရောဂါအန္တရာယ်မှာ ဇန်နဝါရီလမှစတင်၍ အချိန်ကာလ လေးလခန့်ရှိပြီဖြစ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် ရောဂါကူးစက်မှုနှင့် ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များနှင့် ထိတွေ့ခဲ့သည်မှာ တစ်လဝန်းကျင်မျှသာရှိသည်။

ပြည်သူအများစုမှာ အခြေခံပြည်သူများသာဖြစ်ရာ Stay at Home နေထိုင်ခြင်းနှင့် ကန့်သတ်မှုအစီအစဉ်များကို ရင်ဆိုင်ရခြင်းကြောင့် ခက်ခဲပင်ပန်းခါးစည်းခံကြရမည်ကို နားလည်စာနာ ခံစားမိပါသည်။ ကျွန်ုပ်တို့ပြည်သူအများစု၏ တစ်လတာဆင်းရဲဒုက္ခ ရောက်ကြရမှုများသည် ပြည်သူအားလုံး တစ်ဘဝတာ ဘေးရောဂါကင်းဝေးစေနိုင်မည်ဖြစ်၍ တိုတောင်းသောကာလတစ်ခုတွင် ဖွဲစိတ်သန်သန်သည်းခံ စောင့်စည်းကြစေလိုပါသည်။

ကျွန်ုပ်တို့အားလုံးသည် ၂၀၂၀ ပြည့်နှစ် မေလ ၁၅ ရက်နေ့နောက်ပိုင်းမှစ၍ ရောင်နီသာသည့် နေ့သစ်တစ်ခုသို့ ရောက်တော့မည်ဟု မှတ်ယူသန္နိဋ္ဌာန်ပြုကာ လာမည့်ရက်သတ္တပတ်နှစ်ပတ်တာကာလအတွင်း ကပ်ဘေးရောဂါအန္တရာယ်အပေါင်းမှ ကင်းဝေးရေးအတွက် အားတင်းကြံ့ကြံ့ခံကာ ဆက်လက်ရုန်းကန်ရင်ဆိုင်ဖြတ်သန်းကြရန် တိုက်တွန်းလိုပါသည်။ မလိုအပ်ဘဲ အိမ်ပြင်မထွက် Stay at Home နေထိုင်ခြင်း၊ သက်ဆိုင်ရာက ထုတ်ပြန်ထားသည့် စည်းကမ်းချက်များ၊ လမ်းညွှန်ချက်များအား တိကျစွာလိုက်နာခြင်း၊ ငါးဦးထက်ပိုသော လူစုလူဝေးများကို ရှောင်ရှားခြင်း၊ လိုအပ်၍အပြင်ထွက်လျှင် သတ်မှတ်ချက်နှင့်အညီ နှာခေါင်း၊ ပါးစပ်အအုပ်အစည်းတပ်ခြင်း၊ ဝင်ပြီးထွက်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းတို့ကို မဖြစ်မနေပြုလုပ်ခြင်းဖြင့် ဆက်လက်ကျော်ဖြတ်ကြရမည် ဖြစ်သည်။

မကြာမီရောက်ရှိလာမည့် မင်္ဂလာရှိသော မိုးသောက်ရောင်ခြည်ကာလသစ်ဆီသို့ စိတ်လက်ကြည်သာလန်းဖြာစွာဖြင့် ရောက်ရှိနိုင်ရေးအတွက် မကြာမတင်ကာလများတွင် ဘေးရောဂါအန္တရာယ်ကင်းဝေးစေရေးကို ရည်ရွယ်၍ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များ၊ သတ်မှတ်ထားသည့်ကန့်သတ်မှုများကို အားတင်းခံကာ တိကျစွာလိုက်နာဆောင်ရွက်ရင်း သန္နိဋ္ဌာန်ဆန္ဒပြုသောကာလသစ်ဆီသို့ မဖြစ်မနေ မရောက်ရောက်အောင် လျှောက်လှမ်းကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့် "စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ၎င်း "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ၎င်း Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၇-၄-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၉,၉၀၀ | ၁,၁၇၇ | ၁၁,၆၆၈,၁၀၀ |
| MTSH | ၃,၆၀၀ | ၃,၅၅၀ | ၆,၁၇၇ | ၂၁,၉၇၆,၈၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၄ | ၃၃,၂၀၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၂၀၉ | ၄,၄၉၃,၅၀၀ |
| TMH | ၂,၇၀၀ | ၂,၈၀၀ | ၁၁၄ | ၃၀၇,၄၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧပြီ ၂၇

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၁၅/၄၆၀ ကျပ် | ၄၆၀/၄၈၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၄၃၀/၄၇၀ ကျပ် | ၄၉၅/၅၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၂၉၀/၃၃၀ ကျပ် | ၃၄၀/၃၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၂၅/၄၇၀ ကျပ် | ၄၇၅/၄၉၅ ကျပ် |

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၃၅၀/၃၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၃၆၀/၃၆၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၂၄၀/၂၅၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၁၇.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၃၈.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၀.၁၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၆၃၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၅.၃၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၆၀၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၂၂.၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅.၅၂ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၄.၈၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၉.၀၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်အေးအေးသင်း၊ ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ပညာရေးဝန်ကြီးဌာနမှ အထောက်အကူပြုစက်ပစ္စည်းများ လှူဒါန်း

**နေပြည်တော် မေ ၂၇**

ပညာရေးဝန်ကြီးဌာနမှ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အထောက်အကူပြုစက်ပစ္စည်းများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်လှူဒါန်းရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံရယူသည်။

**ဆန်းသစ်တီထွင်**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများ Video Conferencing ဖြင့် ပြောဆိုဆွေးနွေးကြရာတွင် ဝေဘာဂီအထူးကုဆေးရုံမှ တာဝန်ရှိသူများက လူနာခန်းများသို့ ပစ္စည်းများပေးပို့ရန်နှင့် ပိုးသတ်သန့်စင်ရေးလုပ်ငန်းများကို အလိုအလျောက် ဆောင်ရွက်သည့် စက်ပစ္စည်းများလိုအပ်သည်ကို တင်ပြခဲ့ပါကြောင်း၊ ထိုကဲ့သို့သော လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ တက္ကသိုလ်များမှ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပညာရှင်များက အလိုအလျောက်(Autopilot) နှင့် အဝေးထိန်း (Remote Controlled) စက်ပစ္စည်းများကို ကြိုးပမ်းဆန်းသစ်တီထွင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ပစ္စည်းကိရိယာများမှာယူရန်နှင့် ဝယ်ယူရန်ခက်ခဲနေချိန်တွင် ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ပစ္စည်းကိရိယာများရရှိရန်နှင့် ရရှိသည့်ပစ္စည်းများဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အထောက်အကူပြုစက်ပစ္စည်းများကို ပညာရှင်များက ဆန်းသစ်တီထွင်ပေးခဲ့ပါကြောင်း။

ယခု အထောက်အကူပြု စက်ပစ္စည်းများကို ပြုပြင်ထိန်းသိမ်းရန်နှင့် ပိုမိုအသုံးတည့်စေရေးမွမ်းမံရာတွင်လည်း ပညာရေးဝန်ကြီးဌာနမှ ပညာရှင်များက ဆက်လက်ပူးပေါင်းပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ဆက်လက်၍ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုလှူဒါန်းသည့် စက်ပစ္စည်းကိရိယာများသည် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများအတွက်သာမက ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်စဉ်ပြီးမြောက်ပြီးနောက်တွင်လည်း အခြားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက်ပါ အထူးအသုံးဝင်မည်ဖြစ်ပါကြောင်း၊ လူနာခန်းများသို့ ဆေးနှင့်ဆေးပစ္စည်းများ၊ အစားအသောက်များပေးပို့ရန်နှင့် ပိုးသတ်သန့်စင်ရေးလုပ်ငန်းများကို အလိုအလျောက် ဆောင်ရွက်သည့် စက်ပစ္စည်းများသည် ကိုဗစ်-၁၉ ကုသမှုပေးနေသည့် လုပ်ငန်းဆောင်ရွက်နေသူများ၏ လုပ်အားနှင့် အချိန်တို့ကို သက်သာစေမည်ဖြစ်သဖြင့် ပိုမိုအရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ရန်အတွက် အချိန်ပိုမိုပေးအပ်နိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆန်းသစ်တီထွင်မှုများ ပြုလုပ်နိုင်ရန်အတွက် ပညာရှင်များအား အခွင့်အလမ်းများ ပေးအပ်ခဲ့သည့် ပညာရေးဝန်ကြီးဌာနကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ ဆေးရုံများတွင်သာမက အခြားသော ဝန်ကြီးဌာန၏ လုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်ချက်များနှင့်ကိုက်ညီသည့် အလိုအလျောက်(Autopilot)နှင့် အဝေးထိန်း (Remote Controlled) စက်ပစ္စည်းများနှင့် ဒရုန်းများကို ပညာရေးဝန်ကြီးဌာနမှ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လှူဒါန်းမှုများကိုလက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများသည် အဝေးထိန်းပစ္စည်းသယ်ဆောင်စက် (Remote Controlled Trolley)များနှင့် အဝေးထိန်း ပိုးသတ်သန့်စင်ဆေးဖျန်းစက် (Remote Controlled Spray-Cleaner)များ စမ်းသပ်ပြသမှုများ၊ အသံချဲ့စက်တပ်ဆင်ထားသည့် ဒရုန်း(Speaker-Delivery & Monitoring Drone)နှင့် အလိုအလျောက် ပိုးသတ် သန့်စင်ဆေးဖျန်းဒရုန်း (Autopilot Sprayer Drone) စမ်းသပ်ပျံသန်းပြမှုတို့ကို ကြည့်ရှုသည်။

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် အဝေးထိန်းပစ္စည်းသယ်ဆောင်စက် (Remote Controlled Trolley)၊ အဝေးထိန်းပိုးသတ်သန့်စင်ဆေးဖြန်းစက် (Remote Controlled Spray-Cleaner)၊ အသံချဲ့စက်တပ်ဆင်ထားသည့်ဒရုန်း (Speaker-Delivery & Monitoring Drone)နှင့် အလိုအလျောက် ပိုးသတ်သန့်စင်ဆေးဖျန်းဒရုန်း (Autopilot Sprayer Drone)တို့ကိုလည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မန္တလေးနည်းပညာတက္ကသိုလ်(TUM)က အဝေးထိန်းပစ္စည်း သယ်ဆောင်စက် (Remote Controlled Trolley)ကို လည်းကောင်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်)က အဝေးထိန်းပစ္စည်းသယ်ဆောင်စက်(Remote Controlled Trolley)ကို လည်းကောင်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ စက်မှုနည်းပညာ၊ လေ့ကျင့်သင်တန်းကျောင်း (SITE)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ရွှေပြည်သာ)တို့က အဝေးထိန်းပစ္စည်းသယ်ဆောင်စက် (Remote Controlled Trolley)ကို လည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်က အလိုအလျောက်ပစ္စည်း သယ်ဆောင်စက်(Trolley Robot TR 201)ကို လည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မန္တလေးနည်းပညာတက္ကသိုလ်(MTU)က အလိုအလျောက် ပစ္စည်းသယ်ဆောင်စက်(Trolley Robot TR 201)ကို လည်းကောင်း ဆန်းသစ်တီထွင်ခဲ့ပြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးအောင်ထူး Doing Business ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် မေ ၂၇**

နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ယနေ့နံနက် ၁၁ နာရီတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည့် Doing Business ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ IFC နှင့် ကမ္ဘာ့ဘဏ်တို့မှ ကျွမ်းကျင်ပညာရှင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်သည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသော ကာလအတွင်း၌ ဝန်ကြီးဌာနများ အနေဖြင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် လွယ်ကူမှုဆိုင်ရာ လုပ်ငန်းစဉ်များကို ဆက်လက်ဖြေလျှော့ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်သွယ်ရေးဦးစီးဌာန အနေဖြင့်လည်း လိုင်စင်ထုတ်ပေးခြင်းလုပ်ငန်းများကို အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း၊ ဆက်လက်ဆောင်ရွက်မည့် Doing Business အထောက်အကူပြုအဖွဲ့ အစည်းအဝေးများနှင့် လုပ်ငန်းစဉ်များအား Video Conferencing ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးအတွက် လူချင်းထိတွေ့မှုနည်းရန် လိုအပ်သဖြင့် ရောဂါကို ကာကွယ်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်မှု လွယ်ကူစေရန် ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ ဖြေလျှော့ရေးတို့ကိုလည်း တစ်ပြိုင်နက်တည်း ဆက်လက် ဆောင်ရွက်နေကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း စီးပွားရေးလုပ်ငန်းများတွင် ကြုံတွေ့နေရသော အခက်အခဲများဖြေရှင်းပေးနိုင်ရေးကို အကောင်းဆုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။


ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ International Finance Corporation (IFC) မှ Acting Country Manager Ms. Ashani Alles၊ Senior Private Sector Specialist Mr. Jose Ricardo Silva၊ Consultant Mr. Antony Dickinson၊ World Bank မှ Senior Economist Mr. Faya Hayati တို့က ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

### ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကို ထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်းမပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည် တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ဆောင်ရွက်ရာတွင် စနစ်တကျပါဝင်ဆောင်ရွက်နိုင်ရန် စေတနာ့ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးရေး ညှိနှိုင်းဆွေးနွေး



**နေပြည်တော် မေ ၂၇**

ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ဆောင်ရွက်ရာတွင် စနစ်တကျပါဝင်ဆောင်ရွက်နိုင်ရန် စေတနာ့ဝန်ထမ်း(Volunteer)များကို လေ့ကျင့်သင်ကြားပေးရေးနှင့်ပတ်သက်၍ စေတနာ့ဝန်ထမ်းသင်တန်း လက်စွဲစာအုပ်ပြုစုရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမကြီးများနှင့် မေ ၂၅ ရက် ညနေပိုင်းက Video Conferencing ဖြင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့အတူ ယနေ့မွန်းလွဲပိုင်းက အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁)လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးနှင့် တာဝန်ရှိသူများသည် ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ စေတနာ့ဝန်ထမ်းများအတွက် သင်တန်းလက်စွဲစာအုပ်ပြုစုလျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်ပြီး ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ထိုသင်တန်းလက်စွဲစာအုပ်တွင်ပါဝင်မည့် သင်ခန်းစာများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတို့ပူးပေါင်းပြုစုလျက်ရှိကြောင်းနှင့် စေတနာ့ဝန်ထမ်းများအတွက် သင်တန်းလက်စွဲကို ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်ကြမည့် စေတနာ့ဝန်ထမ်းများထံသို့ အွန်လိုင်းမှ ဖြန့်ဝေသင်ကြားသွား မည်ဖြစ်ပြီး လိုအပ်သောလက်တွေ့ရှင်းလင်းဆွေးနွေး သရုပ်ပြသင်ကြားခြင်းကို စေတနာ့ဝန်ထမ်းများလုပ်ငန်းခွင် မဝင်မီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် Online Workshop on COVID-19 Crisis Management: React, Rethinks, Recover အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်



**နေပြည်တော် မေ ၂၇**

မြန်မာနိုင်ငံတွင် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ရောဂါကြောင့် ခရီးသွားလုပ်ငန်းများ ထိခိုက်ခံစားနေရမှုများကို လျော့ပါးသက်သာစေရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် လိုအပ်သောစီမံခန့်ခွဲမှုများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကိုဗစ်-၁၉ ကာလအတွင်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုများအား ပြန်လည်ကုစားနိုင်ရေး ဆောင်ရွက်ရန်ကိစ္စရပ်များ ညှိနှိုင်းဖော်ထုတ်သည့် အလုပ်ရုံဆွေးနွေးပွဲ Online Workshop on COVID-19 Crisis Management: React, Rethinks, Recover ကို ယနေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးရုံး နီလာအစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် ကျင်းပရာ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ဒုတိယဝန်ကြီး ဦးတင်လတ်တို့ တက်ရောက်ကြသည်။

**တက်ရောက်**

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦး၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် တာဝန်ရှိသူများ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် ရုံးခွဲတာဝန်ခံများနှင့် ပုဂ္ဂလိကကဏ္ဍမှ ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင် သုံးဦး ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့အချိန်၌ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် အထိခိုက်ဆုံး ခံစားနေရသည့် စီးပွားရေးလုပ်ငန်းတွင် ခရီးသွားလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံက ခရီးသွားလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များအနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာကိစ္စရပ်များတွင် မိမိတို့၏ အခြေခံအဆောက်အဦများ(အထူးသဖြင့် ဟိုတယ်များ)ကို သီးသန့်ခွဲခြားစောင့်ကြည့်ခံရမည့်သူများအတွက် ကူညီပေးအပ်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက် ပေးအပ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုအဆောက်အဦများအဖြစ် ပြောင်းလဲဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အထောက်အကူပစ္စည်းများ၊ အလှူငွေများကိုလည်း တတ်အားသရွေ့ ကူညီလှူဒါန်းခြင်းစသည့် ပံ့ပိုးကူညီမှုများကို အားတက်သရောဆောင်ရွက်နေကြသည်ကို တွေ့ရသည့်အတွက် ခရီးသွားလုပ်ငန်းကဏ္ဍ၏ စည်းလုံးညီညွတ်မှုနှင့် အဆင်သင့်ဖြစ်မှုအား များစွာချီးကျူးပါကြောင်း။

ယခုကြုံတွေ့ရသည့် အခက်အခဲများကြောင့် ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံတကာခရီးသည် ဝင်ရောက်မှုမှာ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ခန့်မှန်းထားပြီး ခရီးသွားလုပ်ငန်းမှရရှိငွေမှာ အမေရိကန်ဒေါ်လာ ၃၀၀ မှ ၄၅၀ ဘီလီယံခန့်ထိဆုံးရှုံးနိုင်ကြောင်း၊ ယခင် SARS နှင့် ကမ္ဘာ့စီးပွားပျက်ကပ်ကြုံတွေ့ခဲ့ရသည့် ကာလများဖြစ်သည့် ၂၀၀၃ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်တို့ထက် ပိုမိုဆိုးရွားသည့် အခြေအနေနှင့် ကြုံတွေ့နိုင်ကြောင်းကိုလည်း ဖော်ပြထားပါကြောင်း။

**စီးပွားရေးသက်ရောက်မှုများ**

နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားနိုင်ရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှလည်း အခွန်အခလျှော့ပေါ့ရေး၊ အလုပ်ရှင်၊ အလုပ်သမားဆိုင်ရာကိစ္စရပ်များနှင့် ပို့ကုန်သွင်းကုန်ဆိုင်ရာကိစ္စရပ်များအတွက် ဖြေလျှော့မှုများစီစဉ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်လုပ်ငန်း၊ တည်းခိုရိပ်သာလုပ်ငန်း၊ ခရီးလှည့်လည်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်းများအတွက် လိုင်စင်ကြေး၊ လိုင်စင်အသစ်လဲလှယ်ကြေးများပေးဆောင်ခြင်းကို ၂၀၂၀ ပြည့်နှစ် မေ ၁ ရက်မှ ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်ကာလအထိ တစ်နှစ်တာကာလအတွက် လျှော့ပေါ့ပေးခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ငှားရမ်းထားသည့် နိုင်ငံပိုင်ဟိုတယ်များအတွက် မိမိတို့ဌာနကို ပေးသွင်းရမည့် ဟိုတယ်ငှားရမ်းခ၊ မြေငှားရမ်းခများကို ၂၀၂၀ ပြည့်နှစ် မေ ၁ ရက်နေ့မှ စက်တင်ဘာ ၃၀ ရက်အထိ (၆)လရွှေ့ဆိုင်းပေးသွင်းခွင့်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း။

နိုင်ငံတော်အနေဖြင့် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို လတ်တလောစီးပွားရေးထိခိုက်မှု အများဆုံးခံစားရသည့် ဦးစားပေးကုစားရမည့် ကဏ္ဍများအဖြစ် သတ်မှတ်ပြီး ကိုဗစ်-၁၉ ရန်ပုံငွေ ထူထောင်ကာ အတိုးနှုန်း တစ်ရာခိုင်နှုန်း၊ ချေးငွေကာလ တစ်နှစ်သတ်မှတ်ပြီး ချေးငွေထုတ်ပေးခြင်းများ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့၊ အာရှ-ပစိဖိတ် ခရီးသွားလုပ်ငန်းအဖွဲ့နှင့် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့တို့ကလည်း ကိုဗစ်-၁၉ နှင့်ပတ်သက်၍ အသင်းဝင်နိုင်ငံများနှင့် Online မှတစ်ဆင့် ဆွေးနွေးညှိနှိုင်းမှုများလည်း ဆောင်ရွက်နေပါကြောင်း၊ ယခုလာမည့် မေ ၂၉ ရက်တွင် ကိုဗစ်-၁၉ နှင့်ပတ်သက်၍ အာဆီယံခရီးသွားဝန်ကြီးများ အထူးအစည်းအဝေးကို Video Conferencing ပြုလုပ်မည်ဖြစ်ကြောင်း။

**အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

ယနေ့ ပြုလုပ်သည့် “Online Workshop on COVID-19 Crisis Management: React, Rethinks, Recover” ကို တက်ရောက်လာကြသည့် ရုံးခွဲတာဝန်ခံများနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်း ကျွမ်းကျင်သူများ၏ အကြံပြုဆွေးနွေးချက်များမှာ မြန်မာနိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုနေသည့် ကဏ္ဍတစ်ရပ်ဖြစ်သည့် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရန် များစွာအထောက်အကူဖြစ်မည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်ရန် ရလဒ်ကောင်း၊ အကြံဉာဏ်ကောင်းများရရှိရန် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် ရုံးခွဲတာဝန်ခံများက ကိုဗစ်-၁၉ ကာလအတွင်း ဒေသအလိုက် ဆောင်ရွက်နေမှုအခြေအနေများ၊ ပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်သည့်အခြေအနေများ၊ ကိုဗစ်-၁၉ အလွန်ကာလအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြကြသည်။

**ပိုမိုကျယ်ပြန့်အောင်**

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးအောင်နိုင်ဦးက နိုင်ငံတော်က ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ခရီးသွားလုပ်ငန်းများကို ကုစားဆောင်ရွက်နေမှုများ၊ ခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ၏ Impact Assessment ပြုလုပ်နေမှုများကို ရှင်းလင်းတင်ပြပြီး Direct Financial Support နှင့် Indirect Financial Support များကို ပိုမိုထိရောက်စွာပေးသင့်ပါကြောင်း၊ လက်ရှိအခြေအနေသည် အရေးပေါ်အခြေအနေ(Crisis)မျိုးဖြစ်၍ ဖြေလျှော့ပေးသင့်သော လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးသင့်ပါကြောင်း၊ ဈေးကွက်ဝင်နိုင်ငံနှင့် ခရီးစဉ်ဒေသများကို ဦးစားပေးရွေးချယ်၍ လုပ်ငန်းဆောင်ရွက်ရန် Tourism Recovery Plan ရေးဆွဲသင့်ကြောင်း၊ ခရီးစဉ်၊ ခရီးသွားထုတ်ကုန်အသစ်များ ဖန်တီးသင့်ကြောင်းနှင့် Social Media သုံး၍ ပိုမိုကျယ်ပြန့်အောင် မြှင့်တင်သင့်ကြောင်း တင်ပြဆွေးနွေးသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် ပုဂ္ဂလိကကဏ္ဍမှ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင် ဦးမျိုးသွင် (ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်း)၊ ဦးခင်အောင်ထွန်း (အမှုဆောင်၊ ပုဂံဇုန် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း)နှင့် ဦးမင်းကျော်ဦး(အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း)တို့ကလည်း ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုများအား ပြန်လည်ကုစားနိုင်ရေးတို့နှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်က ယခုအစည်းအဝေးသည် မဟာဗျူဟာရည်မှန်းချက် ချမှတ်ရမည့်အစည်းအဝေးဖြစ်ကြောင်း၊ ပထမ မဟာဗျူဟာရည်မှန်းချက်အနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ရှင်သန်ရပ်တည်နိုင်ရန်အတွက် Stimulus Package ကို အရည်အချင်းပြည့်မီသူများ လျင်မြန်စွာ ရရှိနိုင်ရေးဆောင်ရွက်ရန်၊ အရည်အချင်းမပြည့်သူများအား ပြည့်မီလာအောင် Public နှင့် Private ပူးပေါင်းဆောင်ရွက်သွားရန်၊ ဒုတိယမဟာဗျူဟာရည်မှန်းချက်အနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ကိုဗစ်-၁၉ အလွန် (၃)လမှ (၆)လအတွင်း ပြန်လည်စတင်နိုင်ရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်ကူညီသွားရန်၊ တတိယမဟာဗျူဟာရည်မှန်းချက်အနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းထားမှုများအား ဖြေလျှော့ပြီးပါကလုပ်ငန်းများ မည်သို့ပြန်လည်ပြင်ဆင်လုပ်ကိုင်ရန်နှင့် Destination အသစ်များ ပြန်လည်ဖော်ဆောင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် Swisscontact အဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၏ Crisis Management and Leadership Online Seminar ကို ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသော Stakeholders များနှင့်အတူ Video Conferencing စနစ်ဖြင့် ကျင်းပရာ ဝန်ကြီးဌာနမှ အရာထမ်းများ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်

ယနေ့ကာလသည် အတိတ်သမိုင်းကို သင်ခန်းစာယူကာ သံသယနှင့် ပဋိပက္ခများ ကင်းစင်ပပျောက်ပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုရရှိရေးအတွက် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံအစည်းအဝေးများကို သုံးကြိမ်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် လိုအပ်သော သဘောတူညီချက်အချို့ကိုလည်း ရရှိထားပါသည်။ တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

*[နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်]*



# နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ Quarantine နေရာများ၏ လိုအပ်ချက်များစာရင်းနှင့် စေတနာ့ဝန်ထမ်းစာရင်းများ ကောက်ယူရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဧပြီ ၂၇**

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ Quarantine နေရာများ၏ လိုအပ်ချက်များစာရင်းနှင့် စေတနာ့ဝန်ထမ်း စာရင်းများကောက်ယူခြင်းဆိုင်ရာ ညှိနှိုင်း ဆွေးနွေးခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၌ Video Conference ဖြင့်ဆောင်ရွက်ခဲ့သည်။



**ပါဝင်ဆွေးနွေး**

ညှိနှိုင်းဆွေးနွေးပွဲသို့ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယ ဝန်ကြီး ဦးစိုးအောင်၊ အမျိုးသားအဆင့်စေတနာ့ ဝန်ထမ်း ဦးဆောင်အဖွဲ့ အတွင်းရေးမှူး(၁)၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် လူမှုရေးဝန်ကြီးများနှင့် အတွင်းရေး မှူးရုံးအဖွဲ့ဝင်များ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စု ဝန်ကြီးက အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၂၅ ရက် တွင် နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးခဲ့ ကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် အတွင်းရေးမှူး ရုံးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းထားရှိ ပြီးဖြစ်ကြောင်း၊ အမျိုးသားအဆင့်စေတနာ့ ဝန်ထမ်းဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်းသည် ကိုဗစ်-၁၉ ကာလအတွင်း Quarantine နေရာ များတွင် သတ်မှတ်လုပ်ငန်းစဉ်အလိုက် သတ်မှတ်ကာလအတွင်း စေတနာ့ဝန်ထမ်းများ အဖြစ် ကူညီဆောင်ရွက်ပေးနေသူများအတွက် ဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်းတစ်ဦးချင်းစီ အတွက် လုံခြုံရေးအကာအကွယ်များ ဆောင်ရွက်ပေးခြင်း၊ အနေအထိုင်၊ အစား အသောက်နှင့် အသွားအလာကိစ္စများတွင် လိုအပ်ချက်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း၊ လုံလောက်သော အနားယူအပန်းဖြေမှုရရှိ စေခြင်းနှင့် နိုင်ငံတော်က အသိအမှတ်ပြုခြင်း များ ဆောင်ရွက်ပေးလို၍ ဖွဲ့စည်းခြင်းဖြစ် ကြောင်း၊ နိုင်ငံအနှံ့အပြားရှိ Quarantine Center အသီးသီး၌ စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်လျက်ရှိသော Volunteer များ အနေဖြင့် ရေရှည်ရပ်တည်နိုင်ရန်နှင့် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင် မှုများကို မြှင့်တင်ပေးနိုင်ရန်အတွက် သတ်မှတ် ရိပ်သာများတွင် စနစ်တကျစုဖွဲ့ပြီး စွမ်းရည် မြှင့်တင်မှုသင်တန်းပေးခြင်း၊ အနားပေးခြင်း အစီအစဉ်များကို ဆောင်ရွက်ပေးရန်ဖြစ် ကြောင်း။

**လက်တွေ့သင်ကြား**

မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် ပူးပေါင်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့် အညီ စေတနာ့ဝန်ထမ်းလက်စွဲစာအုပ်ကို ပြုစု လျက်ရှိပြီး အွန်လိုင်းစနစ်ဖြင့် သင်ကြားနိုင်ရေး နှင့် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များအလိုက် စေတနာ့ဝန်ထမ်း ဆရာဝန်များက တစ်ရက်တာ လက်တွေ့သင်ကြားမှုများ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် စပ်လျဉ်း၍သက်ဆိုင်ရာနေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များက ဆောင်ရွက်ရာတွင် လိုအပ်သည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဘဏ္ဍာငွေတောင်းခံ သုံးစွဲနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ် ကြောင်း၊ Quarantine နေရာများတွင် မိမိ၏ အချိန်၊ လုပ်အား၊ ကျွမ်းကျင်မှု၊ အကြံဉာဏ် စသည်များကို အခကြေးငွေမယူဘဲ ဤလုပ်ငန်း စဉ်တွင် သတ်မှတ်အချိန်ကာလ ၂၈ ရက် အပြည့် မိမိဆန္ဒအရ ပါဝင်ကူညီဆောင်ရွက် ပေးကြသည့် တစ်ဦးတစ်ယောက်ချင်းသည် စေတနာ့ဝန်ထမ်းအဖြစ် အကျုံးဝင်ပြီး Quarantine Center များတွင် ၂၁ ရက် ဆောင်ရွက်ပြီးပါက ကျန် ၇ ရက်ကို ဤအစီ အစဉ်မှ သတ်မှတ်ပေးသောနေရာများတွင် အနားယူအပန်းဖြေပြီး ၂၈ ရက်အပြည့် တစ်ကြိမ်ဖြစ်စေ၊ တစ်ကြိမ်ထက်ပို၍ဖြစ်စေ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် ဖြစ်ကြောင်း၊ သတ်မှတ်အချိန်ကာလအပြည့် တာဝန်ထမ်း ဆောင်ပြီးသော စေတနာ့ဝန်ထမ်း တစ်ယောက် ချင်းစီကို အသိအမှတ်ပြုတံဆိပ်နှင့် ဂုဏ်ပြု မှတ်တမ်း ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ဒုတိယဝန်ကြီးနှင့် လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က စေတနာ့ ဝန်ထမ်းစာရင်းကောက်ယူခြင်းနှင့် Quarantine နေရာများရှိ လိုအပ်ချက်များ စာရင်းကောက်ယူ ခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ပေးရန် ကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ လူမှုရေး ဝန်ကြီးများက မိမိတို့ဒေသအလိုက် Quarantine နေရာများ စီစဉ်ဆောင်ရွက်နေ သည့်အခြေအနေ၊ စေတနာ့ဝန်ထမ်းများ ပါဝင်ပံ့ပိုးကူညီသည့် အခြေအနေများ၊ စာရင်း ကောက်ယူရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များနှင့် လိုအပ်ချက်များကို ဆွေးနွေး ခဲ့ကြပြီး ဒေသအသီးသီး၏ မတူညီသော အခြေ အနေများ၊ အတွေ့အကြုံများကို ဆွေးနွေး ဖလှယ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၆၉၈၇ | ၁၄၆ |
| **ပြန်လည်သက်သာသူ** | **သေဆုံးသူ** |
| ၁၆ | ၅ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၂၈၅၀

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရသူ - ၉

ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုးတွေ့ရှိ၊ သေဆုံးသူ စာရင်းဇယားပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၁၃ | ၄ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | - |
| ၄ | ချင်း | ၅ | - |
| ၅ | ရှမ်း (ရှေ့) | ၃ | - |
| ၆ | မန္တလေး | ၃ | - |
| ၇ | ရှမ်း (တောင်) | ၂ | - |
| ၈ | ရှမ်း (မြောက်) | ၂ | - |
| ၉ | နေပြည်တော် | ၁ | - |
| ၁၀ | မွန် | ၁ | - |
| ၁၁ | မကွေး | ၁ | - |
| ၁၂ | ကချင် | ၁ | - |
| | စုစုပေါင်း | ၁၄၆ | ၅ |

အောက်ပါပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| တိုင်းဒေသကြီး | ပြည်နယ် |
|---|---|
| ဧရာဝတီတိုင်းဒေသကြီး | ကယားပြည်နယ် |
| တနင်္သာရီတိုင်းဒေသကြီး | ရခိုင်ပြည်နယ် |
| | ကရင်ပြည်နယ် |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၇-၄-၂၀၂၀ ရက်(ည ၈)နာရီ

## ကာကွယ်ရေးနည်းလမ်းများဆိုင်ရာ အသိပေးကြေညာချက်

COVID–19 ကူးစက်မြန်ရောဂါကိုကာကွယ်ဖို့ အကောင်းဆုံးနည်းလမ်းတွေကတော့–

- နေထိုင်သွားလာရာတွင် လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာရှိနေစေရန် သတိပြုပါ။
- လက်ကို စနစ်တကျဆေးပါ၊ မကြာခဏဆေးပါ၊ သတိရတိုင်းဆေးပါ။
- တတ်နိုင်သလောက် မိမိလက်နဲ့မျက်နှာကိုမထိတွေ့စေဖို့ သတိပြုပါ။
- နှာချေလျှင်၊ ချောင်းဆိုးလျှင် နှာခေါင်းနှင့် ပါးစပ်တို့ကို တစ်ရှူးဖြင့် အုပ်၍ဆိုးပါ။ တစ်ရှူးမရနိုင်ပါက လက်မောင်း၊ တံတောင်ကွေးကို အသုံးပြုပါ။
- မိမိပတ်ဝန်းကျင်၊ အိမ်၊ အလုပ်နေရာများတွင် သန့်ရှင်းရေးကို စနစ်တကျပုံမှန်ပြုလုပ်ပါ။ သန့်ရှင်းရေးပြုလုပ်နေစဉ် လေဝင်/လေထွက်ကောင်းအောင် ဆောင်ရွက်ထားပါ။
- မျှတသော အာဟာရကို ရွေးချယ်စားသုံးပါ။
- အိပ်ချိန်လုံလောက်စွာ အိပ်စက်အနားယူကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများ၌ ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့မှုအနည်းဆုံးဖြစ်အောင် စိစစ်ဆောင်ရွက်လျက်ရှိ

**ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးမြို့တော်ဖြစ်သည့် အားလျော်စွာ ကုန်စည်ထုတ်လုပ်၊ စီးဆင်းမှုတို့၏ ပင်မအရင်းအမြစ်ဖြစ်သည့် စက်ရုံ၊ အလုပ်ရုံများ အခြေစိုက်တည်ရှိကာ ရွှေ့ပြောင်းလုပ်သား အများစုမှီတင်းနေထိုင်ရာမြို့တော်ဖြစ်သည်။**

**လက်ရှိကာလတွင် ရန်ကုန်မြို့၌ ကမ္ဘာတစ်ဝန်းကြုံတွေ့ရင်ဆိုင်နေရသည့် ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ထိန်းချုပ်ရေး၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အလုပ်ရှင်၊ အလုပ်သမားကိစ္စရပ်များသည်လည်း အဓိကအလေးထား ရင်ဆိုင်ဖြေရှင်းရမည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။**

**တွေ့ဆုံမေးမြန်း - ဇော်ကြီး(ပဏီတ)**
**ဓာတ်ပုံ - ဖေဇော်**

သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော အလုပ်ရှင်၊ အလုပ်သမားကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်နှင့် မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

***မေး။ ။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံတွေနဲ့ပတ်သက်ပြီး ကျန်းမာရေးစစ်ဆေးဆောင်ရွက်နေမှု၊ အလုပ်သမားတွေ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်နိုင်ရေးနဲ့ လက်ရှိဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ရောဂါ မပြန့်ပွားရေးအတွက် ဆောင်ရွက်နေမှု အခြေအနေကို သိပါရစေ။***

ဖြေ။ ။ စက်ရုံအလုပ်တွေနဲ့ပတ်သက်ပြီးတော့ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေတဲ့ကာလမှာ ရောဂါ မပြန့်ပွားနိုင်ရေးနဲ့ ပြန့်ပွားမှုနှုန်း အနည်းဆုံးဖြစ်အောင် ပြည်ထောင်စုအစိုးရရဲ့လမ်းညွှန်ချက်နဲ့အညီ တိုင်းဒေသကြီးအစိုးရက ဆောင်ရွက်နေတဲ့ အချက်တွေရှိပါတယ်။ ဧပြီ ၁၀ ရက်နေ့က စတင်ပြီး ၁၈ ရက်အထိ တရားဝင် မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်ဖြစ်ပါတယ်။ ဧပြီ ၂၀ ရက် ပြန်လည်ဖွင့်လှစ်ရမယ့် အချိန်မှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း အနည်းဆုံးဖြစ်အောင် ဆောင်ရွက်မှုအနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့က ညွှန်ကြားချက်တွေ ထုတ်တာရှိပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကနေ ကိုဗစ်-၁၉ နဲ့ စပ်လျဉ်းပြီး စက်ရုံ၊ အလုပ်ရုံတွေ လိုက်နာဆောင်ရွက်ရန်နဲ့ အသိပေးထုတ်ပြန်ချက်ဆိုတဲ့ ထုတ်ပြန်ချက်ကို ဧပြီ ၁၉ ရက် ည ၈ နာရီ မြန်မာ့အသံနဲ့ရုပ်မြင်သံကြား သတင်းအစီအစဉ်မှာ ကြေညာခဲ့ပြီးဖြစ်တာကို အားလုံးသိပြီးဖြစ်ပါလိမ့်မယ်။ အဲဒီကြေညာချက်နဲ့အတူ ဧပြီ ၂၀ ရက်ကနေ ၃၀ ရက် အတွင်းမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရယ် ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းအဖွဲ့တွေနဲ့ စက်ရုံ၊ အလုပ်ရုံ အလုပ်ဌာနတွေကို စစ်ဆေးမှုတွေပြုလုပ်သွားဖို့ အတွက် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

**ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်**

အဲဒီလိုစစ်ဆေးမှုတွေ လုပ်တဲ့အခါမှာဆိုရင်လည်း ဦးစားပေးအလိုက် ပြုလုပ်သွားဖို့ ထုတ်ပြန်ကြေညာထားချက်တွေလည်းရှိတယ်။ ဆေးဝါးထုတ်လုပ်ရေးစက်ရုံတွေ၊ စားသောက်ကုန်လုပ်ငန်းစက်ရုံတွေ၊ ကျန်းမာရေးလိုအပ်ချက်တွေနဲ့ကိုက်ညီပြီး ဖွင့်လှစ်ဖို့ အသင့်ဖြစ်နေတဲ့ စက်ရုံ၊ အလုပ်ရုံအလုပ်ဌာနတွေ၊ လုပ်သားဦးရေ ၁၀၀၀ နဲ့အထက်ရှိတဲ့စက်ရုံ၊ အလုပ်ရုံ အလုပ်ဌာနတွေနဲ့ အခြားစက်ရုံ၊ အလုပ်ရုံ အလုပ်ဌာနဆိုပြီးတော့ စံသတ်မှတ်ချက်ငါးချက်နဲ့ ဦးစားပေး အစီအစဉ်အလိုက် ဆောင်ရွက်သွားဖို့ ညွှန်ကြားချက်ထုတ်ပြန်ထားတာရှိပါတယ်။ ကျွန်မတို့အနေနဲ့ တင်ပြလာတဲ့အပေါ်မှာ မူတည်ပြီးတော့ တစ်ခါတလေကျရင် အချက်သုံးကို ဦးစားပေးပြီး စစ်လိုက်ရတဲ့အခါမျိုးလည်း ရှိတယ်။ ဆေးဝါးထုတ်လုပ်ရေးစက်ရုံနဲ့ စားသောက်ကုန်လုပ်ငန်းစက်ရုံများကိုတော့ ကျွန်မတို့က ဦးစားပေး အစီအစဉ်နဲ့ နေ့စဉ် ဦးစားပေးထဲမှာထည့်ပြီးတော့ စစ်ဆေးဆောင်ရွက်တာတွေရှိပါတယ်။ ကျွန်မတို့ဌာနတွေကို လာရောက်ပြီး အဆင်သင့်ဖြစ်ကြောင်း တင်ပြပြီးတော့ စစ်ဆေးခိုင်းတဲ့ စက်ရုံတွေကိုလည်း တစ်ပါတည်း ထည့်သွင်းစစ်ဆေးပေးသွားတယ်ဆိုတာကို ပြောချင်ပါတယ်။

အလုပ်သမားတွေ လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်နိုင်ရေးအတွက်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စစ်ဆေးအကြံပြုချက်များအပေါ်မှာမူတည်ပြီးတော့ အပိုင်း သုံးပိုင်းခွဲထားတာရှိပါတယ်။ အဲဒီအပေါ်မှာဆိုရင် ကျန်းမာရေးစစ်ဆေးတွေ့ရှိချက်အနေနဲ့ ဧပြီ ၂၀၊ ၂၁ ရက်တို့မှာ စစ်ဆေးဆောင်ရွက်ပြီးတဲ့အခါမှာ ၂၂ ရက်နေ့ကနေ စတင်ပြီးတော့ ကျန်းမာရေးဦးစီးဌာနရဲ့ ဌာနတွင်းညွှန်ကြားချက်ဖြစ်တဲ့ လည်ပတ်ရန်သင့်လျော်သော စက်ရုံ၊ လည်ပတ်ရင်းဖြင့် အကြံပြုချက်များကို ပြုပြင်ပြင်ဆင်ပြီး လည်ပတ်သွားရမယ့် စက်ရုံ၊ လည်ပတ်ရန် မသင့်လျော်တဲ့ စက်ရုံဆိုတဲ့ အဆင့်သုံးဆင့် စံသတ်မှတ်ချက် သုံးချက်သတ်မှတ်ချက်တွေ ထွက်လာပါတယ်။ အဲဒီအပေါ်မှာ ကျွန်မတို့ အနေနဲ့ အရိုးရှင်းဆုံးနဲ့ လွယ်လွယ်ဖြစ်သွားအောင် လည်ပတ်လျှင် သင့်လျော်သည့် စက်ရုံကို (A)အဆင့် သတ်မှတ်လိုက်ပါတယ်။ လည်ပတ်ရင်းဖြင့် အကြံပြုချက်များကို ပြုပြင်ပြင်ဆင်ပြီး လည်ပတ်သွားရမည့်စက်ရုံကို (B) အဆင့်နဲ့ လည်ပတ်ရန် မသင့်လျော်တဲ့ စက်ရုံကိုတော့ (C) အဆင့် သတ်မှတ်လိုက်ပါတယ်။

**စံသတ်မှတ်ချက် ၁၀ ချက်နဲ့အညီ စစ်ဆေး**

အဲဒီအပေါ်မှာ ကျွန်မတို့အနေနဲ့ (A) အဆင့်၊ (B) အဆင့် အသိအမှတ်ပြုလက်မှတ်တွေကို ထုတ်ပေးထားပါတယ်။ (C) အဆင့် အသိအမှတ်ပြုလက်မှတ်ကိုတော့ ကျွန်မတို့အနေနဲ့ ယနေ့အထိ မထုတ်ပေးရသေးပါဘူး။ (C) အဆင့်ကတော့ နည်းပါတယ်။ အဲဒီနေရာမှာ ဖြည့်ပြီး ပြောချင်တာကတော့ ကျွန်မတို့ စစ်ဆေးတဲ့အခါမှာ အချက် ၁၀ ချက် ပါပါတယ်။ အဲဒီအချက်တွေအပေါ်မှာ အချက်ကိုးချက်နဲ့ ကိုက်ညီပြီဆိုရင်တော့ (A) အဆင့် သတ်မှတ်ပါတယ်။ (A) အဆင့်နဲ့ ကိုက်ညီပြီဆိုရင်တော့ လည်ပတ်ရန်သင့်လျော်တဲ့ စက်ရုံတွေဆိုပြီး စစ်ဆေးရေးအဖွဲ့တွေက ကျွန်မတို့ဆီကို ပေးပို့တင်ပြတာဖြစ်ပါတယ်။ (B) အဆင့်နဲ့ (C) အဆင့် စက်ရုံတွေကိုလည်း အဲဒီလိုခွဲပြီးပို့ပါတယ်။ လုပ်ငန်းဌာနတွေကိုပို့ရတာဖြစ်တဲ့အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပို့ထားတဲ့ နမူနာပုံစံရှိပါတယ်။ အဲဒီပုံစံနဲ့အတူ (A) အဆင့်ကို ထုတ်ပေးပါတယ်။ အဲဒီလိုပဲ (B) အဆင့်ကိုလည်း ထုတ်ပေးနေပါတယ်။ အခုကျွန်မတို့စစ်ဆေးနေတဲ့ အချက်တွေဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ စံသတ်မှတ်ချက် ၁၀ ချက်နဲ့အညီ စစ်ဆေးဆောင်ရွက်နေတာဖြစ်ပါတယ်။ အဓိကကတော့ ကိုဗစ်-၁၉ ရောဂါ လုံးဝ မဖြစ်စေချင်တဲ့ရည်ရွယ်ချက်ပါ။ ဒါပေမယ့်လည်း လက်ရှိအခြေအနေအရ ပျံ့နှံ့မှုအနည်းဆုံးနဲ့ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် စိစစ်ဆောင်ရွက်နေတာဖြစ်ပါတယ်။

***မေး။ ။ လှိုင်သာယာစက်မှုဇုန်၊ ချန်းရိဖိနပ်စက်ရုံက တွေ့ရှိခဲ့တဲ့ အတည်ပြုလူနာ (၁၄၄) နဲ့ ပတ်သက်ပြီး အခြေအနေနဲ့ လက်ရှိဆောင်ရွက်ထားရှိမှုကို ပြောပြပေးပါ။ အဲဒီစက်ရုံရဲ့ အလုပ်သမားတွေနဲ့ပတ်သက်ပြီး ဆောင်ရွက်သွားမယ့် အစီအစဉ်ကိုလည်း ရှင်းပြပေးပါဦး။***

ဖြေ။ ။ ချန်းရိဖိနပ်စက်ရုံက တွေ့ရှိခဲ့တဲ့ အတည်ပြုလူနာ (၁၄၄) နဲ့ ပတ်သက်ပြီးတော့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုတွေနဲ့အညီ သွားရောက်ပြီး စစ်ဆေးဆောင်ရွက်မှုတွေလုပ်ပါတယ်။ ပြည်ထောင်စုရဲ့ လမ်းညွှန်မှုနဲ့ တိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်မှုတွေအရ လူမှုရေးဝန်ကြီးနဲ့ ကျွန်မတို့နဲ့အတူ တိုင်းကျန်းမာရေးဦးစီးမှူးအပါအဝင် သက်ဆိုင်ရာမြို့နယ်တာဝန်ရှိသူတွေ၊ မြို့နယ်ဒေသန္တရအဖွဲ့တွေ၊ ဒေသဆိုင်ရာကိုယ်စားလှယ်တွေအားလုံးပါဝင်တဲ့ အဖွဲ့က ဧပြီ ၂၅ ရက် မနက်ပိုင်းမှာ ချန်းရိဖိနပ်စက်ရုံကို သွားရောက်ကြည့်ရှုခဲ့ပါတယ်။ အဲဒီစက်ရုံက (B) အဆင့် ရထားတဲ့စက်ရုံဖြစ်ပါတယ်။ အဲဒီစက်ရုံရဲ့ဝင်းထဲမှာ အဲဒီစက်ရုံရဲ့ ကုမ္ပဏီရှိပါတယ်။ အဲဒီမှာကတော့ (A) အဆင့်ရထားပါတယ်။ ကျွန်မတို့ သွားရောက်စစ်ဆေးတဲ့နေ့ဟာ စနေနေ့ဖြစ်တဲ့အတွက် နေ့တစ်ဝက် အလုပ်ဆင်းကြတယ်။ ကျွန်မတို့သွားရောက်တဲ့ အခါမှာတော့ နံနက် ၁၁ နာရီခွဲကျော်အချိန်ဖြစ်တာကြောင့် အလုပ်သမားတွေအားလုံး အလုပ်ဆင်းပြီးသွားတဲ့အချိန် ဖြစ်ပါတယ်။

အတည်ပြုလူနာ (၁၄၄) သည် အဲဒီစက်ရုံက သူဌေးရဲ့ ဘာသာပြန်ဖြစ်ပါတယ်။ စက်ပြင်ဆရာရဲ့ ဘာသာပြန်လို့လည်း ပြောပါတယ်။ သူကတော့ ဧပြီ ၁၅ ရက် ညနေပိုင်းမှာ စီးလုံးငှားကားနဲ့ မိုးညှင်းကိုပြန်တယ်လို့ ပြောပါတယ်။ မိုးညှင်းရောက်တဲ့အခါမှာတော့ သူ့အိမ်ကိုသွားရောက်ခြင်း မရှိဘဲနဲ့ Quarantine Center ကို တစ်ပြိုင်နက်ဝင်ရောက်သွားတာဖြစ်ပါတယ်။ အဲဒီလို အခြေအနေဖြစ်ပြီးတော့ ဧပြီ ၂၄ ရက် ညမှာ အတည်ပြုလူနာအဖြစ် မိုးညှင်းကနေ လူနာနံပါတ် (၁၄၄) နဲ့ထွက်လာတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့အနေနဲ့ အဲဒီနေ့မှာပဲ အချိန်နဲ့တစ်ပြေးညီ သူနဲ့အတူတူ တိုက်ရိုက်ပတ်သက်ဆက်သွယ်ခဲ့တဲ့သူအားလုံးကိုတော့ Quarantine Center တွေကို ပို့ပြီးပြီဖြစ်ပါတယ်။ အဲဒီလူတွေကတော့ သူ့ရဲ့သူဌေးဖြစ်တဲ့ ချန်းရိဖိနပ်စက်ရုံရဲ့ သူဌေးပါ။ နောက်ထပ်ကတော့ သူမပြန်ခင်မှာ ဧပြီ ၄ ရက်က ကိုယ်တွေပူလာလို့ပြခဲ့တဲ့ အဲဒီစက်ရုံမှာရှိတဲ့ ဆေးခန်းက ဆရာဝန်နဲ့သူနာပြုရယ်၊ ဧပြီ ၈ ရက်က ပြင်ပမှာပြခဲ့တဲ့ ဆေးခန်းက ဆရာဝန်နဲ့ ဓာတ်မှန်ပညာရှင်တစ်ယောက်ရယ်၊ သူနဲ့အတူနေတဲ့ အခန်းဖော်တစ်ယောက်ရယ်၊ သူ့ကိုစီးလုံးငှားအနေနဲ့လိုက်ပို့ပေးခဲ့တဲ့ အငှားယာဉ်မောင်းနှစ်ယောက်တို့ကို ဧပြီ ၂၅ ရက် မနက်ပိုင်းမှာ ကတည်းက Quarantine Center ကို ပို့ပြီး နှာခေါင်းနဲ့အာခေါင်တို့ဖတ် နမူနာတွေယူပြီး စစ်ဆေးမှုကို တိုင်းကျန်းမာရေးဦးစီးဌာနရဲ့ ဦးဆောင်မှုနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ဧပြီ ၂၆ ရက် မနက်ပိုင်းမှာ အဲဒီရှစ်ဦးလုံးမှာ ကိုဗစ်-၁၉ ရောဂါပိုးမတွေ့ရှိရကြောင်း တိုင်းကျန်းမာရေးက ဆက်သွယ်အသိပေး အကြောင်းကြားလာပါတယ်။ ဒါကြောင့် အဲဒီရှစ်ဦးလုံးဟာ Negative ဖြစ်ကြောင်း အတည်ပြုပြောကြားလိုပါတယ်။

သူတို့နေခဲ့တဲ့ စက်ရုံဝင်းထဲက အဆောင်ဟာ နှစ်ယောက်ခန်း ၁၇ ခန်းတွဲအဆောင်ဖြစ်ပါတယ်။ သူတို့ကတော့ နှစ်ယောက်တွဲနေတာဖြစ်ပါတယ်။ ဒါပေမယ့်လည်း တချို့အခန်းတွေမှာ သုံးယောက်နေတာလေးတွေရှိတဲ့အတွက် ၁၇ ခန်းမှာ သူအပါအဝင် ၃၈ ဦးနေထိုင်ပါတယ်။ ဒါကြောင့် ကျန်တဲ့သူတွေအကုန်လုံးကိုလည်း နှာခေါင်းနဲ့အာခေါင်တို့ဖတ်နမူနာတွေယူပြီး ကျန်းမာရေးစစ်ဆေးမှုတွေ ပြုလုပ်ထားပါတယ်။ အဲဒီအဆောင်ကိုလည်း စောင့်ကြည့်အနေနဲ့ ယာယီပိတ်ထားပါတယ်။ စက်ရုံဝင်းထဲ သွားလာခွင့် မပြုဖို့အတွက်ကိုလည်း တိုင်းကျန်းမာရေးဦးစီးအနေနဲ့ စက်ရုံကတာဝန်ရှိသူတွေကို အသိပေးတားမြစ်ထားပြီးဖြစ်ပါတယ်။ အဲဒီလိုပဲ စက်ရုံဝင်းအတွင်းမှာရှိတဲ့ ဆေးခန်းနဲ့ သူအလုပ်လုပ်တဲ့ အလုပ်ခန်းကိုလည်း ပိုးသတ်ဆေးဖျန်းပြီး ယာယီပိတ်ထားဖို့ ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ဒ့ါအပြင် အဲဒီစက်ရုံမှာရှိတဲ့ နိုင်ငံခြားသား ၇၀ ရဲ့ နှာခေါင်းနဲ့အာခေါင်တို့ဖတ်နမူနာတွေကိုလည်း စစ်ဆေးဖို့အတွက် ယူထားပြီးဖြစ်ပါတယ်။ လက်ရှိအနေအထားအရ အဲဒီစက်ရုံဘုတ်အဖွဲ့ရဲ့ ဆုံးဖြတ်ချက်အရ ဒီနေ့မှာတော့ စက်ရုံပိတ်ထားပါတယ်။

အဲဒီစက်ရုံမှာ အလုပ်သမားပေါင်း ရှစ်ထောင်ဝန်းကျင်ရှိတယ်။ ကျွန်မတို့သွားရောက်တဲ့နေ့မှာ အလုပ်ဆင်းတဲ့သူ ၂၄၁၇ ဦးရှိပါတယ်။ ဒီကလေးတွေကလည်း အဲဒီနေ့က သူ့အိမ်သူပြန်သွားကြတယ်။ သူတို့အနေနဲ့လည်း ကျန်းမာရေးအရ ပူပင်သောကရှိတယ်။ နေရာအလိုက် သူတို့ရဲ့နေအိမ်တွေမှာ Home Quarantine လုပ်နေတာတွေ ရှိနေတယ်လို့ ကျွန်မတို့ဆီကို သတင်းတွေပို့တယ်။ တွံတေးက အလုပ်သမား ၅၃ ယောက်ကတော့ အိမ်တွေမှာမနေဘဲ ရွာထိပ်က စာသင်ကျောင်းမှာ ရပ်မိရပ်ဖတွေ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနဲ့ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရဲ့ လမ်းညွှန်ချက်နဲ့ Center လေးတစ်ခုဖွင့်လှစ်ပြီး နေထိုင်နေကြတယ်။ ဒီကလေးတွေအတွက် အလုပ်အကိုင်လည်ပတ်နိုင်ဖို့အတွက်ကိုတော့ ကျွန်မတို့ ဒီနေ့မှာဆက်ပြီး ဆွေးနွေးဆောင်ရွက်သွားဖို့ရှိပါတယ်။

***မေး။ ။ လက်ရှိကာလမှာ စက်ရုံအချို့ပိတ်ထားတယ်။ နိုင်ငံတော်အစိုးရက ည ၁၀ နာရီကနေ မနက် ၄ နာရီအထိ မလိုအပ်ဘဲ အပြင်မထွက်ရ အမိန့်ထုတ်ပြန်ထားတာကြောင့် အလုပ်သမားတွေနဲ့ပတ်သက်ပြီး ကြုံတွေ့နေရတဲ့ အခက်အခဲအပေါ် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားတွေနဲ့ သုံးပွင့်ဆိုင် ညှိနှိုင်းဆောင်ရွက်သွားမယ့် အကြောင်းအရာတွေရှိရင်လည်း ပြောပြပေးပါ။***

ဖြေ။ ။ လက်ရှိကာလမှာ စက်ရုံအချို့ပိတ်ထားတာ ရှိတယ်။ အချို့စက်ရုံတွေကလည်း သင်္ကြန်ကာလပိတ်ရက်နဲ့အတူပေါင်းစပ်ပြီးတော့ ဧပြီလကုန်အထိ ပိတ်ထားတာတွေရှိတယ်။ အများစုသိမြင်ကြားနေတဲ့ ဖွင့်နေတဲ့စက်ရုံတွေအပေါ်မှာ အစိုးရအနေနဲ့ ဘယ်လိုဆောင်ရွက်နေသလဲဆိုတဲ့ အခြေအနေတစ်ရပ်ကိုလည်း ကျွန်မတို့ရင်ဆိုင်နေရတဲ့ အခြေအနေဖြစ်ပါတယ်။ ဒီလို အခြေအနေမှာတော့ ဖွင့်နေတဲ့စက်ရုံတွေကို ဦးစားပေး စစ်ဆေးဆောင်ရွက်မှုတွေပြုလုပ်ခဲ့ပါတယ်။ ညမထွက်ရ အမိန့်နဲ့ပတ်သက်ရင်တော့ စက်ရုံ၊ အလုပ်ရုံတော်တော်



ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်။

များများမှာ ညဘက်အလုပ်လုပ်ကြရတာ တော်တော်ရှားပါတယ်။ အချိန်ပိုခေါ်ရင်တောင် နှစ်နာရီလောက်ပဲ ခေါ်ခွင့်ရှိတာပါ။ အဲဒီလိုပဲခေါ်ကြတာများပါတယ်။ အလွန်အရေးကြီးတော့မှ အချိန်ပိုခေါ်မယ်ဆိုရင်တောင်မှ အလုပ်သမားတွေ သဘောတူညီမှုမရှိဘဲ ခေါ်လို့မရတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် ည ၁၀ နာရီကနေ မနက် ၄ နာရီအထိ မလိုအပ်ဘဲ အပြင်မထွက်ရအမိန့် ထုတ်ပြန်ချက်ဟာ အလုပ်ရှင်၊ အလုပ်သမားတွေအပေါ် ကြီးမားတဲ့ ထိခိုက်မှုမျိုးတော့ မရှိနိုင်ဘူးလို့ပြောချင်ပါတယ်။ လက်ရှိတွေ့ကြုံနေရတဲ့ အခက်အခဲ ၊ အကျပ်အတည်းတွေနဲ့ ပတ်သက်ပြီးတော့လည်း အလုပ်ရှင်တွေနဲ့ညှိနှိုင်းချက်တွေ၊ အလုပ်သမားတွေနဲ့ ညှိနှိုင်းဆောင်ရွက်ချက်တွေကလည်း အကြောင်းအရာနဲ့ အခြေအနေတွေအပါအဝင် ဒီရောဂါနဲ့ပတ်သက်ပြီး ပြန့်ပွားမှုနှုန်းတွေအပေါ်မှာမူတည်ပြီး သတိကြီးကြီးနဲ့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ လက်ရှိမှာ ညှိနှိုင်းဆောင်ရွက်မှုတွေကိုလည်း လုပ်ဆောင်နေပါတယ်။ အဲဒီအပေါ်မှာ လိုအပ်ချက်တွေလည်း ရှိနေနိုင်ပါတယ်။ စီးပွားရေးကို ထိန်းကျောင်းနိုင်ဖို့ရယ်၊ အလုပ်သမားတွေရဲ့ စားဝတ်နေရေးကိုလည်း အဆင်ပြေအောင် ဆောင်ရွက်နိုင်ဖို့ရယ်ကတော့ အားလုံးပူးပေါင်းပါဝင်ပြီး ညှိနှိုင်းခြင်းအပေါ်မှာ အားဖြည့်ဆောင်ရွက်ကြဖို့ ပြောချင်ပါတယ်။

***မေး။ ။ မကြာခင်ရက်ပိုင်းမှာ ကမ္ဘာ့အလုပ်သမားနေ့ (May Day) ရောက်ရှိတော့မှာ ဖြစ်တာကြောင့် အဲဒီနေ့နဲ့ပတ်သက်ပြီး အစိုးရအနေနဲ့ ဆောင်ရွက်သွားမယ့် အစီအစဉ်တွေရှိရင်လည်း သိပါရစေ။***

ဖြေ။ ။ ဒီကာလကတော့ ကျန်းမာရေးအရ အလွန်အရေးကြီးနေတဲ့ကာလဖြစ်တယ်။ ကမ္ဘာ့အလုပ်သမားနေ့ဆိုတာ မေ့ပျောက်လို့မရတဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။ ဒါပေမယ့် အခုအချိန်ကာလမှာ ကမ္ဘာ့အလုပ်သမားနေ့နဲ့ပတ်သက်ပြီးတော့ ပြုလုပ်ဆောင်ရွက်သွားမယ့် အစီအစဉ်မျိုးတော့ မရှိသေးပါဘူး။ ဆောင်ရွက်သွားမယ့် အစီအစဉ်တွေရှိရင်လည်း အသိပေးအကြောင်းကြားသွားမှာ ဖြစ်ပါတယ်။


***မေး။ ။ ဝန်ကြီးအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းက အလုပ်ရှင်၊ အလုပ်သမားတွေကို ဘာများပြောချင်တာရှိပါသလဲ။***

ဖြေ။ ။ ကျွန်မတို့ရဲ့နိုင်ငံအနေနဲ့ပဲ ကြည့်ကြည့်၊ အလုပ်ရှင်၊ အလုပ်သမားအနေနဲ့ပဲကြည့်ကြည့် အားလုံးကတော့ စီးပွားဖက်တွေလို့ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုရင် လုပ်ငန်းခွင်ရှိမှ အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းရမှာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ရင် ကမ္ဘာတစ်ဝန်းမှာ စီးပွားရေးစိန်ခေါ်မှု၊ ကျန်းမာရေးစိန်ခေါ်မှု၊ လူမှုရေးစိန်ခေါ်မှုတွေအားလုံးကတော့ ထိပ်ဆုံးကို ရောက်နေတဲ့ အခြေအနေဖြစ်ပါတယ်။ ဒီလိုကြီးမားနေတဲ့ စိန်ခေါ်မှုတွေကို စုပေါင်းအားနဲ့ရုန်းပြီး တက်မှသာလျှင် ဒီစိန်ခေါ်မှုတွေကို ကျွန်မတို့ ကျော်ဖြတ်နိုင်မှာဖြစ်ပါတယ်။ ဒ့ါကြောင့် ဒီစိန်ခေါ်မှုအားလုံးကို ကျော်ဖြတ်နိုင်ဖို့အတွက် အစိုးရနဲ့အတူ ပြည်သူပြည်သားအားလုံးက အသိစိတ်ဓာတ် အပြည့်အဝနဲ့ပါဝင်ဆောင်ရွက်ကြဖို့လိုပါတယ်။


**အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ် ခင်ဗျာ။ ။**

(ယမန်နေ့မှအဆက်)


# စောစောရှာ အက်ပလီကေးရှင်းကို Android ဖုန်းနှင့် Tablet များတွင် ထည့်သွင်းအသုံးပြုပုံ




၁၂ ဆက်လက်၍ ဘယ်ဘက်အပေါ်ဆုံးမှာရှိသည့် Menu ထဲကိုသွားပြီး စိစစ်ခြင်း(Verify)ကို ပြုလုပ်ပေးရပါမယ်။





၁၃ 09 နဲ့စပြီး မိမိအသုံးပြုမည့် ဖုန်းနံပါတ်ကို ရိုက်ထည့်ပြီး ရှေ့ဆက်(Next)နှိပ်ပေးရပါမယ်။ ထို့နောက် မိမိဖုန်းထဲသို့ပေးပို့လာသည့် တစ်ခါသုံးစကားဝှက်(xxxxx)ကို ရိုက်ထည့်ပြီး အတည်ပြုပါ (Verify)နှိပ်ပေးရပါမယ်။ (Verify Successfully ဆိုရင်စိစစ်ခြင်း(Verify)လုပ်ငန်းစဉ်အောင်မြင်ပါသည်။)





၁၄ ဒုတိယဆက်လက်ဆောင်ရွက်သင့်တာကတော့ ဘယ်ဘက်အပေါ်ဆုံးမှာရှိသည့် Menu ထဲကိုသွားပြီး မိမိရဲ့ကိုယ်ရေးအချက်အလက်များကို ထည့်သွင်းပေးရမှာဖြစ်ပါမယ်။ (ထည့်သွင်းပြီးပါက မိမိဖုန်းထဲတွင် စောစောရှာ အက်ပလီကေးရှင်း အောင်မြင်စွာထည့်သွင်းပြီးဖြစ်ပါသည်။)


## အပိုင်း(၂) တည်နေရာစာရင်းအသုံးပြုခြင်း




၁၅ မိမိဖုန်းထဲရှိ တည်နေရာ (Location)ကို ဖွင့်ထားပါက ဖုန်းတည်ရှိရာနေရာကို သတ်မှတ်ချိန်ရောက်တိုင်း ရောက်တိုင်း မှတ်တမ်းယူပြီး ဖုန်းထဲမှာ အရင်သိမ်းပါတယ်။ ပြီးလျှင်သိမ်းထားသည့် ဒေတာများကို ဆာဗာကို သတ်မှတ်အချိန် ရောက်တိုင်း ရောက်တိုင်း ပေးပို့နေပါတယ်။ Home Screen ရဲ့ညာဘက်မှာရှိတဲ့ Location List Page ကို နှိပ်လိုက်ပါက အဲဒီမှာ မိမိရဲ့တည်နေရာမှတ်တမ်းကို တွေ့ရပါလိမ့်မယ်။




၁၆ Manual Location ရယူလိုပါက GPS Check In ကို နှိပ်၍ ရယူနိုင်ပါတယ်။ နောက်ပိုင်းမှာ QR Check In နဲ့လည်း ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။




၁၇ Location တစ်ခုချင်းစီကို မိမိမှတ်သားလိုတဲ့ အချက်အလက်များ ထည့်သွင်းလိုပါက အဆိုပါ Location ကို နှိပ်ပြီး ဖြည့်သွင်းနိုင်ပါတယ်။ အဆိုပါ Location အချက်အလက်တွေကို သတ်မှတ်တဲ့အချိန်တိုင်း ဆာဗာကို ပေးပို့နေမှာ ဖြစ်ပါတယ်။

၁၈ အကယ်၍ Manual ပို့ချင်တယ်ဆိုရင် ညာဘက်အပေါ်ဆုံးမှာရှိတဲ့ Menu ထဲကိုသွားပြီး တင်ပို့ပါ (Submit)ကိုနှိပ်၍ ဆက်လက်ဆောင်ရွက်ပါက အဆိုပါအချက်အလက်များကို ဆာဗာကို တစ်ကြိမ်ပို့လိုက်မှာ ဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၆ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၇ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၅ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သုခကျေးရွာနေ မြင့်ဆွေသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၄-၂၀၂၀ ရက်နေ့တွင် ဒက္ခိဏသီရိမြို့နယ်၊ ဆည်စုကျေးရွာသွားလမ်းပေါ်၌ ပုဗ္ဗသီရိမြို့နယ်၊ အောင်သုခကျေးရွာနေ မြင့်ဆွေ(၄၂)နှစ်၊(ဘ)ဦးရွှေသောင်းနှင့် ဇဗ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်နေ အောင်သူမိုး(၂၄)နှစ်၊ (ဘ)ဦးကျော်ဝင်းတို့ (၂) ဦး စီးနင်းလာသည့် ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဧည့်ဂေဟာ)မယ(ပ)၂/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ရွာသာကျေးရွာနေ ကြည်လှိုင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်းသတင်းပေးပို့ခြင်း။ | ၂၂-၄-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ရွာသာကျေးရွာ နတ်စင်အနီး၌ ၎င်းကျေးရွာနေ မမြင့်လှိုင်(၃၅)နှစ်၊ (ဘ) ဦးနက်တူးနှင့် မော်လိုက်မြို့နယ်၊ သာနန်းတော ကျေးရွာနေ မျိုးဝေ(၂၅)နှစ်၊ (ဘ)ဦးအေးထွန်းတို့ စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါ မူးယစ်ဆေးဝါးများအား ၎င်းကျေးရွာနေ ကြည်လှိုင်(၃၇)နှစ်၊ (ဘ) ဦးတင်လှိုင်ထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိခဲ့သော်လည်း ၎င်းတို့(၃)ဦးအား မမစ (ဖောင်းပြင်)မယ (ပ)၈၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉ (က)/၂၀(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ဟဲကင်းကျေးရွာတွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူများ ပေါများနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၄-၂၀၂၀ ရက်နေ့တွင် ကျွန်းလှမြို့နယ်၊ ဟဲကင်းကျေးရွာ အရှေ့မြောက်ဘက် ဘိုင်ပင်ချောက်အနီး၌ ၎င်းကျေးရွာနေ အောင်ဝင်း(၅၇)နှစ်၊ (ဘ)ဦးဖိုးဒင်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကျွန်းလှ)မယ(ပ)၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ရတောင်အတွင်းကျေးရွာနေ နေဇော် (ခ) မောင်ဇော်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၄-၂၀၂၀ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ ရတောင်အတွင်း ကျေးရွာနေ နေဇော်(ခ)မောင်ဇော် (၃၄)နှစ်၊ (ဘ) ဦးအေးသက်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သဇင်)မယ(ပ)၃/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာအုပ်စုတွင် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၄-၂၀၂၀ ရက်နေ့တွင် ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင် ကျေးရွာအုပ်စု၊ ပန်းတောင်အောက်ဈေးတန်းနေ ဝေယံမင်း(ခ)ညောင်ဦး(၃၂)နှစ်၊ (ဘ)ဦးကျော်သိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရမည်းသင်း) မယ(ပ)၁၅/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(က)ရပ်ကွက်နေ ဘီလားသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၄-၂၀၂၀ ရက်နေ့တွင် သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (ခ) ရပ်ကွက်၊ သီရိမာလာလမ်းပေါ်၌ မရှီလား (ခ) ပြုံးမေထွန်း (၂၀)နှစ်၊ (ဘ)ဦးတင်ထွန်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး သုဝဏ္ဏ(က) ရပ်ကွက်နေ ဘီလား(ခ)လှဝင်း(၂၅)နှစ်၊ (ဘ)ဦးရာကွတ်ထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိခဲ့သော်လည်း ၎င်းတို့ (၂)ဦးအား နမစ(သုဝဏ္ဏ)မယ (ပ)၂၅/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၅-၄-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၀၇၆)မှ ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၃၈၅)ဦး ၊မ(၂၇၁)ဦး၊ ပေါင်း(၁၆၅၆)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၈၉၄၄.၁၅၁၄)ဂရမ်၊ ICE (၁၃၄၇.၄၂) ဂရမ်၊ ဘိန်း(၄၁၅၄၄.၃၃၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၆၅.၂၇)ဂရမ်၊ ဘိန်းစာမှုန့် (၅၃၂၅၂.၇၆) ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား (၅၃၂၂၇၇)ပြား၊ ဆေးခြောက် (၁၀၃၁၁.၆၇)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၉၆.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၅၅.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၅)လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါး သတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | **၀၆၇-၃၉၀၂၀၀** |
| **ဖက်စ်ဖုန်းနံပါတ်** | - | **၀၆၇-၃၉၀၂၃၃** |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

■ **ကျောဖုံးမှ**

( င ) ဒုစရိုက်သမားများသည် COVID-19 နှင့် ဆက်စပ်သော Stock ရင်းနှီးမြှုပ်နှံမှုများတွင် ရောဂါဖြစ်နေသူများ၏ အရင်းအနှီးများကို နည်းမျိုးစုံဖြင့် လိမ်လည်/ ခြိမ်းခြောက် ငွေကြေးရယူခြင်း။

( စ ) လိမ်လည်သူများသည် ဆေးဝါးပစ္စည်းများရောင်းချရန်နှင့် ဖြန့်ဝေရာ website, e-commerce platform, social media, email များအသုံးပြုလျက်ရှိရာ နာမည်ကြီး ကုမ္ပဏီများ၏အမည်ကို အသုံးပြု၍ ငွေလွှဲပြောင်း လိမ်လည်ရယူခြင်း။

(ဆ) တယ်လီဖုန်းများအသုံးပြု၍ COVID-19 ကပ်ရောဂါဖြင့် ဆေးရုံတက်နေရသူ၊ Quarantine စခန်းဝင်နေရသူဟု လိမ်လည်ပြောဆို၍ ပြည်သူ့ကျန်းမာရေး ကိုယ်စားလှယ်များထံ ငွေသား/ I-pay တို့ဖြင့် ဆေးဝါးကုသစရိတ်များ လိမ်လည်တောင်းခံခြင်း။

( ဇ ) Onlineများတွင်ဆရာဝန်/အထူးကုသမားတော်များဟု ဟန်ဆောင်ထုတ်လွှင့်ပြီး ဆေးဝါးအတုများ ဝယ်ယူစေခြင်း၊ စိုးရိမ်ကြောက်ရွံ့နေသူများထံမှ email နှင့် Password များတောင်းခံ၍ website များဝင်ကြည့်စေပြီး ငွေကြေးလိမ်လည်ရယူခြင်း။

( ဈ ) COVID-19 ကာကွယ်ရန် masks များနှင့် PPEs ဝတ်စုံများ၊ Alcohol Gels များ ဝယ်ယူရန်အမည်ခံ၍ ငွေကြေးများလိမ်လည်ခြင်း။

(ည) Online နှင့် ပြင်ပလူမှုနယ်ပယ်တွင် စံမမီဆေးဝါးနှင့်ပစ္စည်းများ၊ ကုသရေးဆိုင်ရာ ပစ္စည်းအတုများရောင်းချခြင်းနှင့် ကြော်ငြာခြင်းများ များစွာဖြစ်ပွားနေပြီး မှုခင်းများ၏ အဓိကနယ်ပယ်တစ်ခုဖြစ်လာခြင်း။

( ဋ ) တရားမဝင်ကုန်ပစ္စည်းများနှင့် စံမမီဆေးဝါး ထုတ်လုပ်ရောင်းချမှုများကြောင့် ပြည်သူများ၏ အသက်အန္တရာယ်အတွက် များစွာစိုးရိမ်ဖွယ်ဖြစ်နေခြင်း။

( ဌ ) ညမထွက်ရအမိန့်နှင့် Home Stay နေထိုင်စဉ် ပူပြင်းသည့်ရာသီဥတုဖြစ်၍ နေအိမ် ပြတင်းပေါက်များ နေ့/ည ဖွင့်ထားခြင်းကြောင့် ဒုစရိုက်သားများက အခွင့်ကောင်းယူ၍ အိမ်ကျော်နင်းမှု၊ ခိုးယူမှုများကျူးလွန်ခြင်း။

( ဍ ) လူ(၅)ဦးနှင့်အထက်စုဝေးခြင်း၊ သွားလာမှုမပြုရခြင်းကြောင့် လက်နက်ဖြင့် ခြိမ်းခြောက်၍ လုယက်မှု၊ ခြောက်လှန့်တောင်းယူမှုများ ကျူးလွန်ခြင်း။

( ဎ ) အခြေအမြစ်မရှိသော Online ဆက်သွယ်မှုများမှ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများ၊ မမှန်သတင်းများ ထုတ်လွှင့်ခြင်း၊ ခြိမ်းခြောက်ငွေတောင်းယူမှုများ ကျူးလွန်ခြင်း။

(ဏ) Online Delivery ပို့ဆောင်သူများထံမှ ရောဂါကူးစက်နိုင်သည့်အပြင် မိမိနှင့် သိကျွမ်းမှုမရှိသော Delivery များက အစားအသောက်များတွင် မူးဝေမေ့လျော့စေသော ဆေးဝါးများထည့်သွင်း၍ အိမ်တွင်းခိုးယူမှု၊ လုယက်မှုများကျူးလွန်ခြင်း။

(တ) Mask ကို လူတိုင်းတပ်ဆင်ထားရသဖြင့် ဒုစရိုက်သမားများအနေဖြင့် ပုံဖျက်ရန် အခွင့်ကောင်းရရှိပြီး ယာဉ်/ဆိုင်ကယ်တို့ဖြင့် ရုတ်တရက် အနီးကပ်လုယက်မှု ကျူးလွန်ခြင်း။

(ထ) Home Stay ကာလကြာမြင့်လာသည့်အတွက် မိသားစုအတွင်း၊ အဆောင်နေသူများ အချင်းချင်း အိမ်တွင်း အကြမ်းဖက်မှုခင်းများ ပိုမိုဖြစ်ပွားလာနိုင်ခြင်း။

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် Cyber / Online တို့မှ လိမ်လည်နေမှုများ၊ မှုခင်းများနှင့် ပတ်သက်၍ ကျူးလွန်ခံရမှုများမဖြစ်ပွားရအောင် အောက်ပါအချက်များကို လိုက်နာကြရန် အကြံပြုအပ်ပါသည်-

(က) မိမိနှင့် ရင်းနှီးကျွမ်းဝင်သော email များနှင့် မိမိအသုံးပြုနေသော Links များ မဟုတ်ပါက attached files များကို ဖွင့်ကြည့်ခြင်းမပြုရန်။

( ခ ) မိမိ email နှင့် databases များကို ပုံမှန်စစ်ဆေးခြင်း၊ online / offline အသုံးပြု၍ backup လုပ်ထားရန်။

( ဂ ) လုံခြုံမှုအပြည့်အဝရှိမည့် password ကိုအသုံးပြုရန်။

(ဃ) Antivirus software နှင့် မိမိကွန်ပျူတာရှိ software များကို update ပြုလုပ်ရန်။

( င ) Social media များ၏ လုံခြုံရေးစနစ်ကို ခိုင်မာမှုရှိအောင် စီမံရန်။

( စ ) မိမိနေအိမ်တွင်အသုံးပြုသော network အား လုံခြုံမှုစနစ် သေချာတပ်ဆင်ရန်။

(ဆ) မိသားစုဝင်များ၊ အထူးသဖြင့် ကလေးသူငယ်များအား Online စနစ်လုံခြုံမှုနှင့် ပတ်သက်၍ ပညာပေးပြောကြားရန်။

( ဇ ) လူသွားလူလာပြတ်သည့်နေရာများ၊ လမ်းများတွင် လုယက်မှုကျူးလွန်ခြင်းများ၊ အိမ်တွင်းအကြမ်းဖက်မှုများ ဖြစ်ပွားနိုင်သည်ကို သတိပြုကြရန်။

၄။ COVID-19 ကာလအတွင်း ဒုစရိုက်သမားများနှင့် ဝိသမလောဘစီးပွားရေးသမားများက ကျူးလွန်လျက်ရှိသည့် ဆောင်ရွက်ချက်များအပေါ် အများပြည်သူကလည်း အသိ/သတိရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပါရန်နှင့် မြို့/ရွာ၊ ရပ်ကွက်များအတွင်း ထူးခြားမှု၊ မသင်္ကာဖွယ်ရာ တွေ့ရှိမှု တစ်စုံတစ်ရာ ရှိလာပါက လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လှည့်ကင်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ၊ နယ်မြေအလိုက် အရေးပေါ် ဆက်သွယ်အကြောင်းကြားနိုင်သည့် နီးစပ်ရာရဲစခန်းဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# တောင်ဥက္ကလာပမြို့နယ်အတွင်း ဈေးကားများဖြင့် အိမ်တိုင်ရာရောက် လိုက်လံရောင်းချပေးလျက်ရှိ

**ရန်ကုန် မေ ၂၇**

နေအိမ်တွင် နေထိုင်ရေးအစီအစဉ်တွင် ပါဝင်သော တောင်ဥက္ကလာပမြို့နယ် အတွင်းရှိ ပြည်သူများ စားသောက်မှု အဆင်ပြေစေရန် ရည်ရွယ်၍ မြို့နယ် အတွင်း ရပ်ကွက်များသို့ လှည့်လည်ကာ ဈေးကားများဖြင့် ဟင်းသီး ဟင်းရွက်နှင့် အသားငါးများကို အိမ်တိုင်ရာရောက် လိုက်လံရောင်းချ ပေးလျက်ရှိကြောင်း တောင်ဥက္ကလာပ မြို့နယ် စည်ပင်သာယာရေးကော်မတီ မှ သိရသည်။

"ပြည်သူတွေ အိမ်မှာနေရမယ့် ကာလဖြစ်တဲ့အတွက်ကြောင့် အိမ်မှာ လည်းနေလို့ရအောင်၊ ဈေးထဲက ဈေးသည်တွေလည်း အရောင်းအဝယ် မပျက်ရအောင် စီစဉ်တဲ့သဘောပါ။ မိမိအိမ်မှာနေပြီးတော့ ဈေးသက်သက် သာသာနဲ့ လိုအပ်တဲ့ ဟင်းသီးဟင်းရွက် အသားငါးတွေကို ဝယ်ယူနိုင်မယ်၊ အဓိကကတော့ အိမ်ထဲမှာ နေထိုင်တဲ့သူ ပိုများစေချင်တယ်။ ဈေးထဲကို လာတဲ့ လူဦးရေလျှော့ချချင်တဲ့အတွက် ကြောင့် ဒီအစီအစဉ်ကို ကျွန်တော်တို့ က ဆွဲထားတာပါ"ဟု တောင်ဥက္ကလာပ မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇေယျာဝင်းက ပြောသည်။

ထိုသို့ ရောင်းချမှုအစီအစဉ်ကို တောင်ဥက္ကလာပမြို့နယ် စည်ပင် သာယာရေးကော်မတီက ကြီးကြပ်၍ အဆိုပါမြို့နယ်အတွင်း ဈေးရောင်းချ သည့် ဈေးသည်များ ပူးပေါင်းပါဝင် ဆောင်ရွက်သော အစီအစဉ်ဖြစ်ပြီး ယင်းသို့ရောင်းချမှုကို မေ ၂၃ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ရောင်းချရာတွင် ခတ္တု ကင်းလွတ်သည့် ဟင်းသီးဟင်းရွက် မျိုးစုံ၊ ကြက်သား၊ ဝက်သား၊ ငါး၊ ပုဇွန်၊ ဆိတ်သား၊ အမဲသား စသည့် အသားငါးမျိုးစုံပါဝင်သည့် ကားများ ဖြင့် တစ်ရပ်ကွက်လျှင် ပျမ်းမျှ ကား ရှစ်စီးနှုန်းနှင့် တစ်ရက်ကို ရပ်ကွက် ၆ ရပ်ကွက်အထိ နံနက် ၆ နာရီခွဲမှ ၁၀ နာရီအတွင်း လိုက်လံရောင်းချပေး လျက်ရှိကြောင်း သိရသည်။

"ရောင်းချပေးတဲ့နေရာမှာ ဈေးနှုန်း ကိုလည်း ဈေးထဲမှာဝယ်လို့ ငွေကျပ် ၁၀၀၀ ကျရင် ကျွန်တော်တို့ဆီမှာ လာဝယ်ရင် ငွေကျပ် ၈၀၀ လောက်နဲ့ ဈေးနှုန်းသက်သာအောင် ရောင်းပေး တယ်။ အခုဆိုရင် တော်တော်များက ကျွန်တော်တို့ဈေးကားကို အားကိုး ပါတယ်။ မနက်ဖြန် ဆိုရင် ဘယ်ရပ်ကွက်တွေ ဘယ်လမ်းတွေ ဝင်မယ်ဆိုတာကို ကြိုတင်ကြေညာ တယ်။ အဲဒီအခါကျရင် ဝယ်ယူသူတွေ က အဆင်သင့်စောင့်နေရုံပဲ ကားပေါ် မှာ ပါတဲ့ပစ္စည်း အားလုံးကုန်ပါတယ်။ ပြည်သူတွေကလည်း လိုက်နာမှု အားကောင်းကြပါတယ်"ဟု ဦးကျော် ဇေယျာဝင်းက ပြောသည်။

တောင်ဥက္ကလာပမြို့နယ်တွင် ရပ်ကွက်ပေါင်း ၁၃ ရပ်ကွက်နှင့် ဈေး ၁၀ ဈေးရှိပြီး အဆိုပါဈေးများ၌ ရောင်းချနေသည့် ဈေးသည်များက ဈေးကားများဖြင့် ဟင်းသီးဟင်းရွက်နှင့် အသားငါးများကို အိမ်တိုင်ရာရောက် လိုက်လံရောင်းချပေးသည့် အစီအစဉ် တွင် စည်ပင်သာယာရေးကော်မတီနှင့် အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ **အေးမင်းသူ**





## ခရမ်းမြို့နယ် ကမာမတ်ကျေးရွာ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**နေပြည်တော် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကမာမတ်ကျေးရွာ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက် နံနက် ၁၀ နာရီက ကမာမတ်ရဲကင်းရဲစခန်းမှူး ဒုတိယရဲအုပ် ဝေလင်းထွန်း ဦးစီးတပ်ဖွဲ့ဝင်များသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကမာမတ် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။ **ရဲပြန်ကြား**

# မန္တလေးဈေးချိုတော်အတွင်းမှ ဆေးဝါးနှင့် စားသောက်ကုန်ပစ္စည်းများ ထုတ်ယူခွင့်ပြု

**မန္တလေး မေ ၂၇**

မန္တလေးမြို့ အဆင့်မြင့်ဈေးချိုတော်အတွင်းရှိ ဆေးဝါးနှင့် စားသောက်ကုန် ဆိုင်ခန်းများမှ ရောင်းကုန်ပစ္စည်းများကို တာဝန်ရှိသူများက ထုတ်ယူခွင့်ပြုခဲ့ သဖြင့် ယနေ့နံနက် ၁၀ နာရီမှစတင်၍ ၁၂ နာရီအထိ ဆိုင်ပိုင်ရှင်များက ၎င်းတို့ ရောင်းကုန်ပစ္စည်းများကို ထုတ်ယူခဲ့ကြကြောင်း သိရသည်။

"ပစ္စည်းထုတ်ယူတဲ့နေရာမှာ လူစုလူဝေးမဖြစ်ဖို့ ကျွန်တော်တို့ စည်ပင် ဈေးဌာနနဲ့ ဈေးကြီးတာဝန်ရှိသူတွေ ပူးပေါင်းပြီးတော့ စီစဉ်ခဲ့ပါတယ်။ ပစ္စည်းထုတ်တဲ့နေရာမှာ အုပ်စုလိုက်ခွဲထားပြီးတော့ တစ်ခါထုတ်ရင် ဆိုင်ရှစ်ဆိုင် တစ်အုပ်စုနဲ့ တစ်ဆိုင်မှာ ပိုင်ရှင်နဲ့ အလုပ်သမားသုံးဦးသာ သယ်ယူခွင့်ပြုထား ပါတယ်။ ဆေးဝါးပစ္စည်းတွေကိုတော့ ပထမဦးစားပေးထုတ်ယူခွင့်ပြုထားပြီး တော့ ဆေးဝါးပစ္စည်းထုတ်ပြီးတာနဲ့ စားသောက်ကုန်ပစ္စည်းတွေ ဆက်ထုတ် သွားမှာပါ"ဟု ဈေးဌာနမှူး ဦးခင်အောင်က ပြောသည်။

ပစ္စည်းများထုတ်ယူရန် လွန်ခဲ့သည့်နှစ်ရက်မှစ၍ ဆိုင်ခန်းရှင်များ စာရင်း ကောက်ယူပြီး ဈေးဌာနသို့ တင်ပြထားခဲ့ကြောင်း၊ တင်ပြထားသည့် ဆိုင်ခန်း ပေါင်း ၁၄၀ ရှိကြောင်း သိရသည်။

"ဆိုင်ခန်းရှင်တွေကို လူကိုယ်တိုင်ရော၊ ဖုန်းနဲ့ရော ကြိုတင်ဆက်သွယ် အကြောင်းကြားခဲ့ပါတယ်။ တချို့ကို ဆက်သွယ်မရတာတွေရှိခဲ့ပါတယ်။ သတင်း ကြားလို့ ခုမှလာဆက်သွယ်ကြတဲ့ဆိုင်တွေလည်း ရှိနေပါတယ်။ ခုမှလာတဲ့သူတွေ



ကိုလည်း ထုတ်ခွင့်ရမှာပါ"ဟု ကံ့ကော်ရုံ(မြေညီထပ်)ဈေးလူကြီး ဦးကျော်ဇောက ပြောသည်။

မန္တလေးအဆင့်မြင့်ဈေးချိုတော်ကြီးတွင် လူစုလူဝေးမဖြစ်ပေါ်စေရေး အတွက် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်ဖြင့် မတ် ၂၃ ရက်မှ စတင်ပိတ်ထားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သိန်းဇော်(ကျည်ပွေ့)**



## ညောင်ရွှေမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လက်ဆေးဘေစင်များ တပ်ဆင်

**ညောင်ရွှေ မေ ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် မေ ၂၇ ရက်က နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် မြို့နယ်အတွင်း လက်ဆေးဘေစင်များ တပ်ဆင် ပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် လက်ဆေးဘေစင်များ တပ်ဆင် ရာတွင် မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မဉ္ဇူသိမ်းနှင့် ဝန်ထမ်းများ သည် ခေါင်တိုင်ဈေး (တောင်+မြောက်)ကျေးရွာ၊ ရေပူစမ်းကျေးရွာ၊ ရွှေရန်ပြေ ကျေးရွာ၊ ပေါ့နော်ကျေးရွာ၊ ဇီးပင်ကုန်းကျေးရွာ၊ ဝမ်းဘဲအင်းရွှေခေးကျေးရွာနှင့် ကျောက်တလုံးငယ်ကျေးရွာ စုစုပေါင်း ကျေးရွာခုနစ်ရွာသို့ သွားရောက်၍ လက်ဆေးဘေစင် ရှစ်စုံအား သက်ဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာသူ ကျေးရွာ သားများနှင့်အတူ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**နေလင်း**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဖေဖော်ဝါရီလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၉၅၈ ဒသမ ၂၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၄၄ ဒသမ ၄၈ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၀၂ ဒသမ ၆၈ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၀၃ ဒသမ ၁၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၈ ဒသမ ၉၄ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၉၂ ဒသမ ၀၇ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ၊ ဖေဖော်ဝါရီလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၁၉၄ ဒသမ ၇၅ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၈၉ ဒသမ ၃၉ သန်း ဖြစ်ပေါ်ခဲ့ပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ မြန်မာနိုင်ငံ၏ ပုံမှန် ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၆၆၀ ဒသမ ၄၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၃၀၉၂ ဒသမ ၅၇ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၇၅၂ ဒသမ ၉၈ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၄၄၈ ဒသမ ၁၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၈၆ ဒသမ ၄၀ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၇၃၄ ဒသမ ၅၃ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ စုစုပေါင်းကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၆၄၈၇ ဒသမ ၅၁ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန် ဒေါ်လာ ၉၈၁ ဒသမ ၅၅ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။ **သတင်းစဉ်**

facebook
**ကိုယ်ရေးကိုယ်တာ**
**အချက်အလက်များကို လေးစားပါ**




Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန(EOC)၌ ကပ္ပလီပင်လယ်အတွင်းဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မေ ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တွင် မေ ၂၈ မှ ၃၀ ရက်အတွင်း ဖြစ်ပေါ်နိုင်သည့် လေဖိအားနည်းရပ်ဝန်းနှင့်စပ်လျဉ်းသည့် ခန့်မှန်းချက်များအား ဆန်းစစ်နိုင်ရန်နှင့် ကြိုတင်ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာန၏ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန(EOC)၌ ယနေ့ နံနက်ပိုင်းက ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။



### ခန့်မှန်းထုတ်ပြန်

ရှေးဦးစွာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနမှ တာဝန်ရှိသူများက မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်နှင့် ကမ္ဘာ့မိုးလေဝသအင်တာနက်စာမျက်နှာများမှ ရရှိသော အချက်အလက်များအရ ကပ္ပလီပင်လယ်ပြင်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်မှုအခြေအနေနှင့် မြန်မာနိုင်ငံအနှံ့ မိုးရွာသွန်းနိုင်မှုအခြေအနေတို့ကို မေ ၂၅ ရက်တွင် ဦးစီးဌာန၏ Web Page ၌ အသိပေးထားရှိခဲ့မှု၊ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနအနေဖြင့် လေဖိအားနည်းရပ်ဝန်းမှတစ်ဆင့် မုန်တိုင်းငယ်အဆင့်သို့ တိုးမြှင့်ဖြစ်ပေါ်နိုင်ခြေနှင့် မြန်မာနိုင်ငံသို့ ဖြတ်သန်းဝင်ရောက်နိုင်ခြေတို့အား စဉ်ဆက်မပြတ်စောင့်ကြည့်မှုအခြေအနေ၊ မိုးလေဝသစင်တာကြီးများနှင့် European Centre For Medium–Range Weather Forecasts (ECMWF)၊ Global Forecast(GFS) သင်္ချာပုံစံပြုမိုးလေဝသခန့်မှန်းမှု မော်ဒယ်များအရ မုန်တိုင်းငယ်အဆင့်သို့ ရောက်ရှိပါက မေ ၂ ရက်မှ ၃ ရက်အတွင်း မြန်မာနိုင်ငံ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တောင်ပိုင်းတို့တွင် မိုးရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုဖြစ်ပေါ်နိုင်သည့် အခြေအနေနှင့် ခန့်မှန်းမိုးရေချိန်များ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဖြစ်ပေါ်နေသော မိုးလေဝသအခြေအနေများအပေါ်မူတည်၍ အချိန်နှင့်တစ်ပြေးညီ နေ့စဉ် ခန့်မှန်းထုတ်ပြန်ပေးလျက်ရှိသော မိုးလေဝသကြိုတင်သတိပေးချက်များအား သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးများမှတစ်ဆင့် အသိပေးအကြောင်းကြားခြင်းနှင့် ကြိုတင်ပြင်ဆင်ရန်များ ပေါင်းစပ်ဆောင်ရွက်ခြင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### အသိပေးရန်လိုအပ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လူမှုမီဒီယာများတွင် ကောလာဟလထုတ်လွှင့်မှုများကြောင့် ပြည်သူများ စိုးရိမ်မှုလွန်ကဲခြင်းမဖြစ်ဘဲ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက လေဖိအားနည်းရပ်ဝန်းဖြစ်နိုင်ခြေ၊ မုန်တိုင်းငယ်အဆင့် ပြောင်းလဲနိုင်ခြေ၊ မြန်မာနိုင်ငံအပေါ် အကျိုးသက်ရောက်မှုတို့အား တရားဝင်ထုတ်ပြန်ချက်များအပေါ်မူတည်၍ စောင့်ကြည့်လိုက်နာတတ်စေရန် ကျယ်ကျယ်ပြန့်ပြန့် အသိပေးရန်လိုအပ်ပါကြောင်း၊ သဘာဝဘေးအတွက် ကြိုတင်ပြင်ဆင်ရန်ရှိသည်များကို ပြင်ဆင်ထားခြင်းဖြင့် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများအား လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အချိန်နှင့်အမျှ ပြောင်းလဲခန့်မှန်းရသည့် မိုးလေဝသဖြစ်စဉ်များအား ကြိုတင်သတိ၊ အသိတို့ဖြင့်သာ ရင်ဆိုင်တုံ့ပြန်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်လေ့ရှိသောမုန်တိုင်းများသည် မိုးဦးကာလဖြစ်သည့် မေလနှင့် မိုးနှောင်းကာလဖြစ်သည့် အောက်တိုဘာလတို့တွင် မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသကို ဖြတ်သန်းဝင်ရောက်လေ့ရှိသဖြင့် အထူးအလေးထား ပြင်ဆင်ကြရမည်ဖြစ်ကြောင်း။

အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့သည် မုန်တိုင်းများ ဖြတ်သန်းလေ့ရှိသော လမ်းကြောင်းများဖြစ်ခြင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့သည် ယခင်မှတ်တမ်းများအရ မိုးသည်းထန်စွာရွာသွန်းချိန်၌ မြေပြိုမှု၊ ရေကြီးမှုဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့ခြင်းတို့ကြောင့် သက်ဆိုင်ရာ သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီများအနေဖြင့် ပြင်ဆင်ထားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအကြံပေးအဖွဲ့ဖြင့် Online Meeting ဆောင်ရွက်ကာ အကြံပြုမှုများအားထည့်သွင်းပြီး လိုအပ်သည့် ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လတ်တလောတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့်အချိန်ဖြစ်သဖြင့် သဘာဝဘေးအတွက် ယာယီနေရပ်ရွှေ့ပြောင်းရပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ အကွာအဝေးကွာခြားထားရှိရန်နှင့် ရောဂါကာကွယ်ရေးပစ္စည်းများဖြစ်သည့် လက်ဆေးဆပ်ပြာ၊ ပါးစပ်စည်း၊ နှာခေါင်းစည်းများ အသင့်ထားရှိပံ့ပိုးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ Quarantine Site များ ထားရှိသော ဒေသများ၌ သဘာဝဘေးဖြစ်ပါက မည်သို့ပြောင်းရွှေ့မည်၊ Cyclone Shelter/ Multi Purpose Shelter တို့အား Social Distancing မည်သို့ရရှိအောင် ဆောင်ရွက်မည်တို့ကို ဒေသအလိုက် သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ တာဝန်ရှိသည့်ဌာနများနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ Stay at Home သတ်မှတ်ထားသော နေရာများတွင် သဘာဝဘေးကျရောက်ပါက ထိခိုက်လွယ်အုပ်စုများ ဦးစားပေးရွှေ့ပြောင်းရေး၊ IDPS များနှင့် တိုက်ပွဲရှောင်စခန်းများတွင် သဘာဝဘေးကျရောက်ပါက တုံ့ပြန်ဆောင်ရွက်မည့် အစီအစဉ်တို့အား ပြန်လည်စိစစ်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်းများ လိုအပ်သလိုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

### ဆက်လက်စောင့်ကြည့်

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များသို့ လိုအပ်သည့် အသိပေးအကြောင်းကြားစာများ ထုတ်ဝေခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ မိုးလေဝသအခြေအနေအား ဆက်လက်စောင့်ကြည့်ကာ လိုအပ်ပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လယ်ယာဝန်ဆောင်မှုလုပ်ငန်းများကို အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက ဆက်သွယ်ဆောင်ရွက်နိုင်

**နေပြည်တော် မေ ၂၇**

ပဲခူးတိုင်းဒေသကြီး ၂၈ မြို့နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် အထောက်အကူဖြစ်စေရန်၊ အဆင့်မြင့်လယ်ယာမြေများဖော်ထုတ်၍ စနစ်တကျ ထွန်ယက်စိုက်ပျိုးခြင်းဖြင့် သီးနှံအထွက်တိုးပြီး တောင်သူများ ဝင်ငွေတိုးကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ လယ်ယာလုပ်သားရှားပါးမှုကို ဖြည့်ဆည်းနိုင်စေရန်၊ တစ်ဧကစိုက်ပျိုးစရိတ်လျှော့ချနိုင်စေရန်၊ ရာသီအမီစိုက်ပျိုးနိုင်စေရန်နှင့် လယ်ယာသုံးစက်ကိရိယာများကို အသင်းသားများ အပိုင်ရစေရန်ရည်ရွယ်၍ လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာနများက ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နွေစပါး၊ မိုးစပါးများ အလှည့်ကျစိုက်ပျိုးရန် မြေသားပြုပြင်ခြင်း၊ တမန်းနှီးခြင်း၊ ဆောင်းထယ်ရေး၊ မိုးကြိုထယ်ရေးလုပ်ငန်းများကို အငှားဝန်ဆောင်ထွန်ယက် ပြုပြင်ပေးခြင်း၊ အလေအလွင့်အနည်းဆုံးဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းများ ပြုလုပ်လိုလျှင် လယ်ယာအထောက်အကူပြု ဝန်ဆောင်မှု သမဝါယမအသင်းများက သင့်လျော်သည့်ဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အသင်းသားတောင်သူများကို သက်သာသောအတိုးနှုန်းဖြင့်လည်းကောင်း၊ သီးနှံပေါ်ပေးစနစ်ဖြင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။



တောင်သူလယ်သမားများ ဆောင်ရွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး ဖုန်း- ၀၉-၄၃၀၇၈၆၇၈၊ ခရိုင်တာဝန်ခံဖုန်းများဖြစ်သည့် ပဲခူးခရိုင် ဖုန်း- ၀၉-၇၉၉၁၁၇၈၃၈၊ တောင်ငူခရိုင် ဖုန်း- ၀၉-၄၂၈၁၆၃၅၁၆၊ သာယာဝတီခရိုင် ဖုန်း- ၀၉-၂၅၀၂၂၁၉၇၃ နှင့် ပြည်ခရိုင် ဖုန်း ၀၉-၇၉၄၇၆၅၆၈၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သမဝါယမဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

## သက်ကြီးရွယ်အိုများ စောင့်ရှောက်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

- COVID-19 ကူးစက်မြန်ရောဂါသည် နိုင်ငံတကာတွင် ဖြစ်ပွားနေသော အတွေ့အကြုံများအရ သက်ကြီးရွယ်အိုများ ကူးစက်ခံရပါက အသက်ဆုံးရှုံးသည်အထိ ပြင်းထန်ကြောင်း တွေ့ရှိရပါသည်။
- ထို့ကြောင့် မိမိတို့အိမ်ရှိ သက်ကြီးရွယ်အိုများ အသက်ဘေးအန္တရာယ်မှ ကင်းလွတ်ရန် အိမ်ရှိအခြားသူများက ကျန်းမာရေး ပညာပေး ညွှန်ကြားချက်များကို သိရှိအောင်လေ့လာပြီး သတိမလွတ်ဘဲ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။
- သက်ကြီးရွယ်အိုများနှင့် အတူနေထိုင်သူများသည် မလိုအပ်ဘဲ အပြင်သွားလာခြင်းများ မပြုလုပ်ပါနှင့်၊ အချိန်တိုင်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာနေထိုင်ရန် မမေ့ပါနှင့်၊ လက်ကိုမကြာခဏ စနစ်တကျဆေးကြောပါ။
- သက်ကြီးရွယ်အိုများ နေထိုင်မကောင်းလျှင်၊ ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်းများဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းအရင်ပေးပို့တိုင်ပင်ပြီးမှ ကျန်းမာရေးစောင့်ရှောက်မှုခံယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ကျန်းမာလျက်ရှိဟု တောင်ကိုရီးယား ပြောကြား

ဆိုးလ် မေ ၂၇

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်မှာ အသက်ရှင်လျက်ရှိပြီး ကျန်းမာရေးကောင်းမွန်ကြောင်း တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်း၏ ထိပ်တန်းလုံခြုံရေးအကြံပေးတစ်ဦးက ပြောကြားခဲ့သည်။

"ကျွန်တော်တို့အစိုးရရဲ့ရပ်တည်ချက်က ခိုင်မာပါတယ်။ ကင်ဂျုံအန်ဟာ အသက်ရှင်လျက်ရှိပြီး ကျန်းမာရေးကောင်းမွန်ပါတယ်" ဟု သမ္မတ မွန်ဂျေအင်း၏ အမျိုးသားလုံခြုံရေး အထူးအကြံပေး မွန်ချောင်အင်းက ယမန်နေ့က စီအင်န်အင်န်သတင်းဌာနနှင့် ပြုလုပ်သည့် တွေ့ဆုံမေးမြန်းမှုတစ်ခုအတွင်း ပြောကြားခဲ့သည်။ ကင်ဂျုံအန်သည် ဧပြီ ၁၃ ရက်ကတည်းက မြောက်ကိုရီးယားနိုင်ငံအရှေ့ပိုင်းရှိ အပန်းဖြေစခန်းမြို့တစ်ခုဖြစ်သော ဝန်ဆမ်မြို့၌ နေထိုင်လျက်ရှိပြီး လက်ရှိအချိန်ထိ သံသယဖြစ်ဖွယ်ရာ လှုပ်ရှားမှုများမရှိဟု ၎င်းက ပြောသည်။

မြောက်ကိုရီးယားနိုင်ငံ၏ အရေးပါဆုံးနေ့ရက်ဖြစ်သည့် တိုင်းပြည်တည်ထောင်သူ အဘိုးဖြစ်သူ ကင်အီဆွန်း၏ ဧပြီ ၁၅ ရက်ကကျင်းပသော မွေးနေ့အခမ်းအနားသို့ မတက်ရောက်မှုကြောင့် ကင်ဂျုံအန်၏ ကျန်းမာရေးနှင့်ပတ်သက်သော ထင်မြင်ချက်များ ကြီးမား လာခဲ့သည်။ မေ ၁၁ ရက်က အလုပ်သမားပါတီ၏ ပေါ်လစ်ဗျူရို အစည်းအဝေးတစ်ခုကို တာဝန်ယူပြီး နောက်တစ်ရက်တွင် လေကြောင်း ကာကွယ်ရေးတပ်ဖွဲ့တစ်ခုရှိ ဂျက်တိုက်လေယာဉ်များကို စစ်ဆေးနေ ကြောင်း နိုင်ငံပိုင်မီဒီယာက သတင်းဖော်ပြပြီးနောက် ကင်ဂျုံအန်ကို အများပြည်သူမြင်ကွင်းရှေ့တွင် မတွေ့မြင်ရတော့ပေ။

**ပြောကြား**

"တောင်ကိုရီးယားနိုင်ငံက အတည်ပြုစရာ အချက်အလက်တွေ မရှိသလို ဒီနေ့အထိ မြောက်ကိုရီးယားနိုင်ငံအတွင်း အထူးလှုပ်ရှားမှုတွေ သတိမူခဲ့တာမရှိပါဘူး"ဟု တောင်ကိုရီးယားသမ္မတရုံးက ပြီးခဲ့သည့် သီတင်းပတ်အတွင်း ထုတ်ပြန်ချက်တစ်ခု၌ ပြောကြားခဲ့သည်။ ရှုပ်ထွေး သော ထောက်လှမ်းရေးသတင်းစုဆောင်းမှုလုပ်ငန်းစဉ်နှင့် အကဲဖြတ်မှုမှ ယုံကြည်ရသော သုံးသပ်ချက်ရရှိခဲ့ဟု တောင်ကိုရီးယားပြန်လည် ပေါင်းစည်းရေးဝန်ကြီး ကင်ယွန်ချူးလ်က ယနေ့ ပြောကြား ခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**





# ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ထပ်ဆောင်းဘတ်ဂျက်ကို ဂျပန်နိုင်ငံ အစိုးရဝန်ကြီးများအဖွဲ့ အတည်ပြု

တိုကျို မေ ၂၇

ကိုရိုနာဗိုင်းရပ်စ်ကြောင့်ဖြစ်ပေါ်လာသော စီးပွားရေးအကျိုးသက်ရောက်မှုများကို ဖြေရှင်းနိုင်ရန် အတွက် ဂျပန်အစိုးရက ထပ်ဆောင်းဘတ်ဂျက်တစ်ရပ်ကို ဒိုင်ယက်လွှတ်တော်သို့ တင်သွင်း ခဲ့ရာ အစိုးရဝန်ကြီးများအဖွဲ့က အတည်ပြုခဲ့သည်။

အမေရိကန်ဒေါ်လာ ၂၄၀ ဘီလီယံ တန်ကြေးရှိသော ဘတ်ဂျက်ကို ဧပြီ ၁ ရက်တွင် တင်သွင်းခဲ့ပြီး ဧပြီ ၂၀ ရက်တွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။ ယခုတင်သွင်းသောငွေပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ထရီလီယံရှိသော အရေးပေါ်စီးပွားရေးရန်ပုံငွေ၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။ ယခုစီးပွားရေးထောက်ပံ့မှုအစီအစဉ်အရ အစိုးရအနေဖြင့် နိုင်ငံသားတစ်ဦးချင်းအား အမေရိကန် ဒေါ်လာ ၉၃၀ စီ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

အစိုးရ၏ ကနဦးအစီအစဉ်မှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဝင်ငွေကျဆင်းနေသော အိမ်ထောင်စုများအား ထိုပမာဏ၏ သုံးဆတန်ကြေးရှိသော ငွေကို ထောက်ပံ့ရန်စီစဉ်ခဲ့သည်။ အရေးပေါ်စီးပွားရေးရန်ပုံငွေအစီအစဉ်အရ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဝင်ငွေကျဆင်းနေသော အသေးစားနှင့် အလတ်စားလုပ်ငန်းများအား အမေရိကန်ဒေါ်လာ ၁၈၆၀၀ ပေးအပ်ရန်ပါဝင်သည်။ အစိုးရအနေဖြင့် အသေးစားစီးပွားရေးလုပ်ငန်းများအား လည်ပတ်နိုင်ရန် ပုဂ္ဂလိကငွေကြေး အဖွဲ့အစည်းများထံမှ အတိုးမဲ့ချေးငွေများ ထုတ်ပေးရန်စီစဉ်ထားသည်။ ယခုဆောင်ရွက်သော အရေးပေါ်ရန်ပုံငွေအစီအစဉ်အရ ကိုရိုနာဗိုင်းရပ်စ်ဆေးဝါးများကို တိုးမြှင့်စမ်းသပ်နိုင်ရန်နှင့် ရောဂါပြန့်ပွားမှုထိန်းချုပ်ရေးတို့ကို ဆောင်ရွက်နိုင်ရန် ကျန်းမာရေးစောင့်ရှောက်မှုစနစ် မြှင့်တင် ရေး ဆောင်ရွက်မည်ဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

# ရှန်ဟိုင်းမြို့တော်၌ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်

ရှန်ဟိုင်း မေ ၂၇

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ကာလရှည်ပိတ်ထားခဲ့ရသည့် ရှန်ဟိုင်း မြို့တော်ရှိ စာသင်ကျောင်းများကို တဖြည်းဖြည်းချင်း ပြန်လည်ဖွင့်လှစ် လိုက်ပြီဖြစ်သည်။ ယခုနွေရာသီတွင် သင်တန်းပြီးဆုံးမည့် အလယ်တန်း နှင့် အထက်တန်းကျောင်းသား ကျောင်းသူများကို သုံးလနီးပါးအတွင်း ပထမဆုံးအကြိမ်အဖြစ် ယနေ့ အတန်းတက်ခွင့်ပြုခဲ့သည်။

အခြားအဆင့် ကျောင်းများကို တစ်ဆင့်ချင်း ဖွင့်လှစ်မည်ဟု မျှော်မှန်းရသည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုသစ် ဖြစ်ပွားမည်ကို စိုးရိမ် ခြင်းကြောင့် တရုတ်နိုင်ငံရှိ စာသင်ကျောင်းများတွင် သတိပေးချက် ထားရှိဆဲဖြစ်သည်။ ရှန်ဟိုင်းမြို့လယ်ရှိ အထက်တန်းကျောင်း တစ်ကျောင်းတွင် နှာခေါင်းစည်းတပ်ထားသော ကျောင်းသား ကျောင်းသူများက အပူချိန်စစ်ဆေးမှုခံယူကာ လက်များကို ပိုးသတ်ပြီး နောက် ကျောင်းဝင်းအတွင်း ဝင်ရောက်ခဲ့သည်။ ပြီးခဲ့သော ဇန်နဝါရီလ နှောင်းပိုင်း တရုတ်နှစ်သစ်ကူး အားလပ်ရက်များနောက်ပိုင်း ကျောင်းသား ကျောင်းသူများအနေဖြင့် ပထမဆုံးအကြိမ် အတန်းဖော်များနှင့် ပြန်ဆုံတွေ့ခြင်း ဖြစ်သည်။

သူငယ်ချင်းများနှင့် ပြန်ဆုံတွေ့ရသည့်အတွက် ဝမ်းမြောက်မိ ကြောင်း၊ လာမည့် ဝင်ခွင့်စာမေးပွဲများအတွက် အကောင်းမွန်ဆုံး ပြင်ဆင်ရန်ဆုံးဖြတ်ထားကြောင်း ကျောင်းသူတစ်ဦးက ပြောသည်။ စာသင်ကျောင်းပိတ်ထားမှု၏ အကျိုးသက်ရောက်မှုက နည်းပါးခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အွန်လိုင်းသင်ကြားမှုများ လုပ်ဆောင်နေသော ကြောင့်ဖြစ်ကြောင်း ကျောင်းသားတစ်ဦးက ပြောသည်။ ပေကျင်းမြို့ တော်၌ စီးပွားရေးလုပ်ငန်းအချို့ ပြန်လည်စတင်ပြီးနောက် အာဏာ ပိုင်များက ယနေ့တွင် အထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့သည်။

ရောဂါကူးစက်မှုများတားဆီးရေးအတွက် တင်းကျပ်သောအစီအမံ များ ဆက်လက်ဆောင်ရွက်ရန် အာဏာပိုင်များက ဆက်လက်ပန်ကြား သည်။ ရှန်ဟိုင်းမြို့တော်ရှိ ဂျပန်စာသင်ကျောင်းသုံးကျောင်းကို ပိတ်ထားဆဲ ဖြစ်သည်။ တရားဝင်ခွင့်ပြုချက်များ လိုအပ်ခြင်းကြောင့် အဆိုပါကျောင်း များ ပြန်လည်ဖွင့်လှစ်ရန် အချိန်ပိုကြာမြင့်မည်ဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ကျော်ထိုက်စိုး**



# ဗီယက်နမ်၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ သုံးဦးတွင် ဗိုင်းရပ်စ်ပိုး ထပ်မံစမ်းသပ်တွေ့ရှိ



ဟန္နိုင်း မေ ၂၇

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ အပြည့်အဝပြန်လည်ကျန်းမာလာ ပြီးနောက် လူသုံးဦးတွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးရှိသည်ကို ထပ်မံစမ်းသပ် တွေ့ရှိခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက တနင်္လာနေ့က ဖော်ပြသည်။

ကိုရိုနာဗိုင်းရပ်စ်ပိုး ထပ်မံစမ်းသပ်တွေ့ရှိရသည့် လူနာသုံးဦးမှာ ဗီယက်နမ် နိုင်ငံသားတစ်ဦးနှင့် ဘရာဇီးနိုင်ငံသား နှစ်ဦးတို့ဖြစ်ကြောင်း၊ ပြန်လည်ကျန်းမာ လာပြီးနောက် ရက်အနည်းငယ်အကြာတွင် ၎င်းတို့၌ ဗိုင်းရပ်စ်ပိုး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းအေဂျင်စီက ဖော်ပြသည်။

နိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရရာမှ ပြန်လည်ကျန်းမာ လာပြီးနောက် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး ထပ်မံစမ်းသပ်တွေ့ရှိသည့် လူနာ စုစုပေါင်းသည် တနင်္လာနေ့ မွန်းတည့်ချိန်အထိ ရှစ်ဦးရှိသွားပြီ ဖြစ်သည်။

ဗီယက်နမ်နိုင်ငံက နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၃၂၇ နှင့် ကုသပျောက်ကင်းသည့်လူနာ ၂၂၂ ဦးရှိကြောင်း ထုတ်ပြန်ထားသည်။ ကျန်းမာရေးဝန်ကြီးဌာန၏အဆိုအရ ဗီယက်နမ်နိုင်ငံ၌ ယခုအချိန်အထိ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူမရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ဇော်လင်း**

# ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်



**လန်ဒန် မေ ၂၇**
ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် သီတင်းသုံးပတ်မျှ ဆေးရုံတက်ခဲ့ရသော ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် ပြန်လည်ကျန်းမာလာပြီး ပြည်သူ့ရှေ့မှောက်သို့ပြန်လည်ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားနေသော နိုင်ငံတွင်းအခြေအနေအား ပြန်လည်ကောင်းမွန်လာစေရန် စတင်ဆောင်ရွက်နေသော်လည်း ခရီးသွားလာမှုပိတ်ပင်ခြင်းများအား ဖြေလျှော့ပေးရန် တောင်းဆိုချက်များကို ငြင်းပယ်သွားမည်ဟု ဂျွန်ဆင်က ပြောကြားသည်။

ဂျွန်ဆင်က ပြည်သူများအား မိမိတို့နေအိမ်များတွင်သာ နေထိုင်ရန်ညွှန်ကြားချက်ကို အလေးထားလိုက်နာခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်းပြောကြားခဲ့ပြီး လုပ်ငန်းခွင်မှ အချိန်အတန်ကြာ မိမိကင်းကွာနေခြင်းအတွက် တောင်းပန်စကား ပြောကြားခဲ့သည်။

အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုစနစ်သည် တစ်နိုင်ငံလုံးကို မလွှမ်းခြုံနိုင်ကြောင်း ပြည်သူလူထု၏ ရောဂါကာကွယ်ရေးဆိုင်ရာအားထုတ်မှုများက ပြသနေခဲ့ပြီး ယခုအချိန်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့နေမှုကို ပြန်လည်ကောင်းမွန်သော အခြေအနေသို့ရောက်ရှိလာစေရန် ဆောင်ရွက် နေရကြောင်း ဂျွန်ဆင်က ပြောကြားသည်။ နိုင်ငံတွင်းစီးပွားရေးအခြေအနေနှင့် ပတ်သက်ပြီး ကွန်ဆာဗေးတစ်ပါတီဝင်ကိုယ်စားလှယ်များက စိုးရိမ်မှုများရှိခဲ့သည်။

ဂျွန်ဆင်က ယခုအချိန်သည် ခရီးသွားလာမှုပိတ်ပင်ထားခြင်းအား ဖြေလျှော့ပေးရမည့်အချိန်မဟုတ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ အလျင်အမြန်လည်ပတ်နိုင်စေရန် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဗြိတိန်ပြည်သူများ၏ ကိုရိုနာဗိုင်းရပ်စ် ဒုတိယလှိုင်းအတွက် ပေးဆပ်ဆောင်ရွက်ထားမှုများကို အချည်းအနှီးမဖြစ်စေချင်ကြောင်း ပြောကြားသည်။

ဂျွန်ဆင်နာမကျန်းဖြစ်ပြီး အနားယူနေသော အချိန်တွင် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာကိုင်တွယ်ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ဗြိတိန်အစိုးရအပေါ်ဝေဖန်မှုများ မြင့်တက်ခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံနှင့် နှာခေါင်းစည်းများ မလုံလောက်မှုကြောင့် ကျန်းမာရေးဝန်ထမ်းများက တောင်းဆိုမှုများလည်း များပြားလာခဲ့သည်။

ဗြိတိန်နိုင်ငံတွင် ခရီးသွားလာမှုပိတ်ပင်ခြင်းအား အချိန်နောက်ကျပြီးဆောင်ရွက်မှုအပေါ် ငြင်းခုံမှု များပြားခဲ့သည်။ ပြည်သူများအား နေအိမ်ထဲတွင်သာ နေထိုင်ကြရန်ညွှန်ကြားထားပြီး အရေးမကြီးသော စီးပွားရေးလုပ်ငန်းများကို ပိတ်ပင်ထားခဲ့သည်။

လာမည့်ရာစုနှစ်များအတွင်း စီးပွားရေးလုပ်ငန်းများ၏ ဆောင်ရွက်မှုများ ကျဆင်းနိုင်ကြောင်း အင်္ဂလန်ဘဏ်က ခန့်မှန်းထားသည်ဟု ကွန်ဆာဗေးတစ်ကိုယ်စားလှယ်ဂရေဟမ်ဘရေဒီက ပြောကြားသည်။

နိုင်ငံခြားရေးဝန်ကြီး ဒေါမနစ်ရပ်စ်က ခပ်ခွာခွာနေထိုင်ခြင်းကဲ့သို့သော စည်းမျဉ်းများကို အချိန်အတန်ကြာ ကျင့်သုံးရမည်ဟု ပြောကြားခဲ့သည်။

**ကိုးကား–အေအက်ဖ်ပီ**
**ဘာသာပြန်–စိုးသူရ**




# မှောင်ခိုဈေးကွက်တွင် ရောင်းချမည့် နှာခေါင်းစည်းများ ပြင်သစ်ရဲတပ်ဖွဲ့ ဖမ်းဆီးရမိ

**ပါရီ မေ ၂၇**
ပြင်သစ်ရဲတပ်ဖွဲ့က ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ စတင်ဖြစ်ပွားချိန်နောက်ပိုင်း မှောင်ခိုဈေးကွက်သို့ တင်ပို့မည့် နှာခေါင်းစည်း ၁၄၀၀၀၀ ကို စံချိန်တင် ဖမ်းဆီးရမိခဲ့သည်။

ကိုဗစ်–၁၉ ကပ်ရောဂါ တိုက်ဖျက်ရာတွင် ကျန်းမာရေးလုပ်သားများအတွက် ဖြန့်ဖြူးပေးရေး ဦးစားပေးရန် ပြင်သစ်အစိုးရက နှာခေါင်းစည်းများ ပြန်လည်ရောင်းချမှုကို ပိတ်ပင်ပြီးနောက်ပိုင်း ပမာဏအများဆုံး ဖမ်းဆီးရမိခြင်းဖြစ်သည်။ ပါရီမြို့တော်မြောက်ဘက် စိန့်ဒန်းနစ်မြို့၌ နှာခေါင်းစည်းသေတ္တာများ ကားပေါ်မှချနေသည့် လူနှစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့ သတင်းရပ်ကွက်တစ်ခုက မေ ၂၆ ရက်တွင် ပြောကြားခဲ့သည်။ သူက စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး ယူရို ၈၀၀၀၀ ဖြင့် FFP2 နှာခေါင်းစည်း ၅၀၀၀ အပါအဝင် နှာခေါင်းစည်းများကို နယ်သာလန်နိုင်ငံမှ ဝယ်ယူခဲ့ကြောင်း ဖမ်းဆီးခံရသူနှစ်ဦးအနက် တစ်ဦးက ပြောကြားခဲ့သည်။

နှာခေါင်းစည်းများကို အမြတ်အစွန်းများစွာတင်၍ ဆောက်လုပ်ရေးလုပ်သားများထံ ရောင်းချမည်ဟု ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ သိရသည်။ မတ်လအတွင်း ပါရီမြို့အနီးရှိ ကုန်လှောင်ရုံတစ်ခုမှ တရုတ်နိုင်ငံထုတ် နှာခေါင်းစည်း ၃၂၅၀၀ သိမ်းဆည်းရမိခဲ့သလို ပါရီဒေသရှိ တရုတ်လက်ကားဆိုင်များရှိရာ ဈေးဆိုင်တစ်ခုမှ နှာခေါင်းစည်း ၂၈၀၀၀ ဖမ်းဆီးရမိခဲ့သည်။

**ကိုးကား–အေအက်ဖ်ပီ**
**ဘာသာပြန်–ကျော်ထိုက်စိုး**

# ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု တားဆီးကာကွယ်ရေးတိုက်ပွဲတွင် အနိုင်ရရှိပြီဟု နယူးဇီလန် ဝန်ကြီးချုပ် ပြောကြား

**ဝယ်လင်တန် မေ ၂၇**
နယူးဇီလန်နိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှု ရပ်တန့်အောင်ဆောင်ရွက်ရာတွင် ကြီးမားသည့်အောင်ပွဲကို ရရှိခဲ့ပြီဖြစ်ကြောင်း ဝန်ကြီးချုပ် ဂျာစင်ဒါ အာဒန်က တနင်္လာနေ့က ကြွေးကြော်ခဲ့သည်။ နယူးဇီလန်အစိုးရက မြို့များ၌ အဝင်အထွက် တားမြစ်မှုများကို အဆင့်လိုက် ဖြေလျှော့ပေးမှုစတင်ချိန်တွင် ဝန်ကြီးချုပ်က ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

နယူးဇီလန်နိုင်ငံတွင် လူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ကူးစက်ပျံ့နှံ့မှုများ မတွေ့ရှိတော့ကြောင်း၊ ယခုတိုက်ပွဲတွင် မိမိတို့အနိုင်ရပြီဖြစ်ကြောင်း အာဒန်က ကြေညာခဲ့သည်။

မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများကိုသာ လုပ်ငန်းလည်ပတ်ခွင့်ပြုသည့် အမြင့်ဆုံး အဆင့် ၄ ကန့်သတ်ချက်များအောက်တွင် သီတင်းပတ် ငါးပတ်နီးပါး ရှိနေခဲ့ရာမှ နယူးဇီလန်နိုင်ငံသည် တနင်္လာနေ့နောက်ပိုင်းမှစ၍ အဆင့် ၃ ကန့်သတ်ချက်များသို့ ကူးပြောင်းမည်ဖြစ်သည်။ အဆင့် ၃ ကန့်သတ်ချက်များ အောက်တွင် အချို့သော စီးပွားရေးလုပ်ငန်းများ၊ ပါဆယ်စနစ်ဖြင့် ရောင်းချသည့် စားသောက်ဆိုင်များနှင့် စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သည်။

သို့သော်လည်း ပုံမှန်ဘဝသို့ပြန်လည်ရောက်ရှိစေမည့် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုများကို ဖယ်ရှားနိုင်မည့်အချိန်နှင့် ပတ်သက်၍ အသေအချာ မပြောနိုင်သေးကြောင်း အာဒန်က သတိပေးသည်။ ထိတွေ့ဆက်ဆံမှုကို လူတိုင်းကပြန်လိုချင်ကြောင်း သို့သော်လည်း ထိတွေ့ဆက်ဆံမှုများကို ယုံယုံကြည်ကြည် ပြုလုပ်ဖို့အတွက် မိမိတို့အနေဖြင့် ဖြည်းဖြည်းချင်း သတိရှိရှိဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် နယူးဇီလန်နိုင်ငံသားများ၏ ကျန်းမာရေးအတွက် ရရှိထားပြီးဖြစ်သည့် အောင်မြင်မှုများကို အရဲစွန့်မည်မဟုတ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် အဆင့် ၃ ကန့်သတ်ချက်များအောက်တွင် ဆက်လက်နေထိုင်ရန်လိုအပ်ကြောင်း အာဒန်က ပြောကြားသည်။

လူဦးရေငါးသန်းရှိသည့် နယူးဇီလန်နိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ တစ်ဦးသာ တွေ့ရှိကြောင်း၊ ဗိုင်းရပ်စ်ကူးစက်ခံရသူ ပေါင်း ၁၁၂၂ ဦးဖြစ်ပြီး သေဆုံးသူ ၁၉ ဦး ဖြစ်ကြောင်း ထုတ်ပြန်ပြီးနောက် ယင်းသို့ ကန့်သတ်ချက် ဖြေလျှော့မှု ထွက်ပေါ်လာခြင်းဖြစ်သည်။

**ကိုးကား –အေအက်ဖ်ပီ**
**ဘာသာပြန် –အောင်ဇော်လင်း**




# ဒမတ်စကတ် ဆင်ခြေဖုံးဒေသအား အစ္စရေးက ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် အရပ်သား သုံးဦးသေဆုံးပြီး လေးဦး ဒဏ်ရာရ

**ဒမတ်စကတ် မေ ၂၇**
ဆီးရီးယားနိုင်ငံ မြို့တော်ဒမတ်စကတ်၏ ဆင်ခြေဖုံးဒေသတွင် အစ္စရေးတို့ ပစ်ခတ်လိုက်သည့် ဒုံးကျည်အပိုင်းအစများ နေအိမ်ပေါ်ကျရောက်မှု ကြောင့် အရပ်သားသုံးဦးသေဆုံးပြီး ကလေးတစ်ဦး အပါအဝင် လေးဦးဒဏ်ရာရခဲ့ကြောင်း ဆီးရီးယားအစိုးရ ဆာနာသတင်းဌာနက ယနေ့တွင်ပြောကြားသည်။

လက်ဘနွန်နိုင်ငံ လေကြောင်းပိုင်နက်အတွင်းမှ ပစ်လွှတ်သော အစ္စရေးဒုံးကျည်များမြေပြင်သို့ မကျရောက်မီတွင်ပင် ဆီးရီးယားလေကြောင်းကာကွယ်ရေးတပ်ဖွဲ့မှ ပစ်ချခဲ့ကြောင်း ဆာနာသတင်းဌာနက ဖော်ပြသည်။

ဆာနာသတင်းဌာနမှ ထုတ်လွှင့်သည့် ဗီဒီယိုပြကွက်တွင် ကောင်းကင်ယံအတွင်း၌ အစ္စရေးဒုံးကျည်များ ပေါက်ကွဲခဲ့ပုံများကို မြင်တွေ့ရသည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ အစ္စရေးစစ်ဘက်ပြောရေးဆိုခွင့်ရှိသူက မှတ်ချက်ပြု ပြောကြားခြင်းမရှိပေ။

ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးဆိုင်ရာ စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားရာတွင် ယင်းတိုက်ခိုက်မှုသည် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တောင်ပိုင်းရှိ အီရန်တပ်ဖွဲ့စခန်းများနှင့် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာတိုက်ခိုက်ရေးသမားများ၏ စခန်းများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ ယင်းပစ်ခတ်မှုကြောင့် တိုက်ခိုက်ရေးသမားလေးဦး သေဆုံးသွားခဲ့ကြောင်း ယင်းအဖွဲ့က ပြောကြားသည်။

ဆီးရီးယားနိုင်ငံတွင် လက်နက်ကိုင်တိုက်ခိုက်မှုများ စတင်ဖြစ်ပွားခဲ့သည့် ၂၀၁၁ ခုနှစ်မှစ၍ ဆီးရီးယားအစိုးရတပ်ဖွဲ့များ၊ မဟာမိတ် အီရန်တပ်ဖွဲ့များနှင့် ဟစ်ဇ်ဘိုလာစစ်သွေးကြွများအား ၎င်း၏ရန်သူများအဖြစ် သတ်မှတ်ပြီး အစ္စရေးက အကြိမ်ပေါင်း ရာနှင့်ချီကာ တိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။

မေ ၂၀ ရက်တွင် ဆီးရီးယားကာကွယ်ရေးတပ်ဖွဲ့များက ရှေးဟောင်းမြို့တော်ဖြစ်သည့် ပါလယ်မာရာမြို့အနီး၌ အစ္စရေးတို့ ပစ်လွှတ်ခဲ့သည့် ဒုံးကျည်များအား ပစ်ချခဲ့ကြောင်း ဆာနာသတင်းဌာနက ဖော်ပြသည်။

**ကိုးကား– အေအက်ဖ်ပီ**
**ဘာသာပြန် –ဇော်ဝင်း**

# ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ အရေးပေါ်ဥပဒေကို မေလကုန်အထိ သက်တမ်းတိုးရန် ထိုင်းဝန်ကြီးချုပ် ဆုံးဖြတ်

**ဗန်ကောက် ဧပြီ ၂၇**

ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါအခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန ဥက္ကဋ္ဌတာဝန်ကို ပူးတွဲထမ်းဆောင်နေသော ထိုင်းဝန်ကြီးချုပ် ပရာယုချန်အိုချာသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် မတ် ၂၆ ရက်က ထုတ်ပြန်ကြေညာထားသည့် အရေးပေါ်ဥပဒေနှင့် ဧပြီ ၃ ရက်က ထုတ်ပြန်ကြေညာထားသည့် ၆ နာရီအတွင်း ညမထွက်ရအမိန့်ကို မေလကုန်အထိ သက်တမ်းတိုးရန် ယနေ့ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

ထိုင်းအစိုးရသည် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြဋ္ဌာန်းထားသည့် နေ့စဉ် ည ၁၀ နာရီမှ နံနက် ၄ နာရီအထိ ညမထွက်ရအမိန့်ကို ဧပြီလကုန်အထိ အာဏာတည်စေရန် ကနဦးက စီစဉ်ထားသော်လည်း နိုင်ငံအတွင်း ရောဂါကူးစက်ပျံ့နှံ့မှုအခြေအနေအပေါ် မူတည်၍ မေလကုန်အထိ သက်တမ်းထပ်မံတိုးခဲ့ခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် ထိုင်းလေကြောင်းအာဏာပိုင်အဖွဲ့ကလည်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်သည့်အနေဖြင့် နိုင်ငံတကာလေကြောင်းလိုင်းအားလုံးကို ထိုင်းနိုင်ငံအတွင်း ဆင်းသက်ခြင်းမှ တားမြစ်ပိတ်ပင်မှုကို မေလကုန်အထိ သတ်မှတ်လိုက်ကြောင်း သိရသည်။

သို့သော် ထိုင်းအစိုးရပိုင်လေယာဉ်များနှင့် တပ်မတော်ပိုင်လေယာဉ်များ၊ ကုန်တင်လေယာဉ်များနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာလေယာဉ်များ၊ ဆေးဘက်၊ လူသားချင်းစာနာမှုနှင့် ကူညီကယ်ဆယ်ရေးဆိုင်ရာလေယာဉ်များနှင့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံအတွင်း အရေးပေါ်ဆင်းသက်ရမည့်လေယာဉ်များသည် ယင်းတားမြစ်ပိတ်ပင်မှုအစီအမံမှ ကင်းလွတ်ခွင့်ရမည်ဖြစ်ကြောင်း ထိုင်းလေကြောင်းလိုင်း အာဏာပိုင်အဖွဲ့ ညွှန်ကြားရေးမှူး ချူလီဆူကမာနော့ပ်က ပြောကြားသည်။



ထိုင်းအစိုးရသည် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရေးအတွက် နိုင်ငံအတွင်း ဆင်းသက်မည့် နိုင်ငံတကာလေကြောင်းလိုင်းအားလုံးကို ဧပြီ ၁၉ ရက်မှ ၃၀ ရက်အထိ တားမြစ်ပိတ်ပင်ရန် ကနဦးကြေညာခဲ့သည်။ ယခုအခါ ထိုင်းအစိုးရသည် ကိုဗစ်-၁၉ ရောဂါ အခြေအနေအပေါ်မူတည်၍ ထိုင်းနိုင်ငံတွင် ဆင်းသက်မည့် နိုင်ငံတကာလေကြောင်းလိုင်းအားလုံးကို မေလကုန်အထိ တားမြစ်ပိတ်ပင်ရန် သက်တမ်းထပ်မံတိုးချဲ့လိုက်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သူ | ပိုးတွေ့ သေဆုံးလူနာ |
| --- | --- | --- | --- |
| အမေရိကန် | ၉၈၅၉၇၅ | ၁၀၉၃၁၁ | ၅၅၄၁၇ |
| စပိန် | ၂၁၉၇၆၄ | ၁၀၀၈၇၅ | ၂၃၅၂၁ |
| အီတလီ | ၁၉၇၆၇၅ | ၆၄၉၂၈ | ၂၆၆၄၄ |
| ဂျာမနီ | ၁၅၇၇၈၁ | ၁၀၆၀၆၂ | ၅၉၇၆ |
| ဗြိတိန် | ၁၅၂၈၄၀ | - | ၂၀၇၃၂ |
| ပြင်သစ် | ၁၂၄၅၇၅ | ၄၄၉၀၃ | ၂၂၈၅၆ |
| တူရကီ | ၁၁၀၁၃၀ | ၂၉၁၄၀ | ၂၈၀၅ |
| အီရန် | ၉၀၄၈၁ | ၆၉၆၅၇ | ၅၇၁၀ |
| ရုရှား | ၈၇၁၄၇ | ၇၃၄၆ | ၇၉၄ |
| တရုတ် | ၈၄၃၃၈ | ၇၇၄၇၄ | ၄၆၄၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သူ | ပိုးတွေ့ သေဆုံးလူနာ |
| --- | --- | --- | --- |
| စင်ကာပူ | ၁၄၄၂၃ | ၁၀၆၀ | ၁၂ |
| အင်ဒိုနီးရှား | ၉၀၉၆ | ၁၁၅၁ | ၇၆၅ |
| ဖိလစ်ပိုင် | ၇၇၇၇ | ၉၃၂ | ၅၁၁ |
| မလေးရှား | ၅၈၂၀ | ၃၉၅၇ | ၉၉ |
| ထိုင်း | ၂၉၃၁ | ၂၆၀၉ | ၅၂ |
| ဗီယက်နမ် | ၂၇၀ | ၂၂၅ | ၀ |
| မြန်မာ | ၁၄၆ | ၁၆ | ၅ |
| ဘရူနိုင်း | ၁၃၈ | ၁၂၀ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၁၉ | ၀ |
| လာအို | ၁၉ | ၄ | ၀ |

# တူရကီတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၂၈၀၀ ကျော်နှင့် ကူးစက်ခံရသူ ၁၁၀၀၀၀ ကျော်ရှိလာ

**အန်ကာရာ ဧပြီ ၂၇**

တူရကီနိုင်ငံ၌ ဧပြီ ၂၆ ရက်တွင် ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ခံရသူ ၂၃၅၇ ဦးရှိပြီး ကူးစက်ထားသူပေါင်း ၁၁၀၁၃၀ ဦးရှိကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

တူရကီတွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ ၂၈၀၅ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီး၏ တွစ်တာစာမျက်နှာ၌ ရေးသားဖော်ပြသည်။ ဧပြီ ၂၆ ရက်တွင် တူရကီနိုင်ငံအတွင်း၌ လူပေါင်း ၃၀၁၇၇ ဦးအား ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ရှိ၊ မရှိ စစ်ဆေးစမ်းသပ်ခဲ့ကြောင်းနှင့် တစ်နိုင်ငံတည်း၌ လူပေါင်း ၈၈၉၇၄၂ ဦးအား စမ်းသပ်စစ်ဆေးခဲ့ပြီးဖြစ်သည်ဟု တူရကီကျန်းမာရေးဝန်ကြီးက ပြောကြားသည်။

တူရကီနိုင်ငံတွင် မတ် ၁၁ ရက်က ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ဖြစ်ပွားပြီးနောက် လူပေါင်း ၂၉၁၄၀ သည် ပြန်လည်ကျန်းမာလာခဲ့ပြီး လူပေါင်း ၁၇၇၆ ဦးသည် ဆေးရုံများ၌ ကုသမှုခံယူနေရဆဲဖြစ်ကာ အထူးကြပ်မတ်ကုသခံယူနေရသူ ၈၈၃ ဦးရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဇော်ဝင်း**

# ဂရိနိုင်ငံရှိ ရွှေ့ပြောင်းနေထိုင်သူများစခန်းတွင် မီးလောင်မှုဖြစ်ပွား လူအစုလိုက်အပြုံလိုက် အိုးမဲ့အိမ်မဲ့ဖြစ်

**အေသင် ဧပြီ ၂၇**

ဂရိနိုင်ငံ ဆာမော့စ်ကျွန်းပေါ်ရှိ ရွှေ့ပြောင်းနေထိုင်သူများ၏ စခန်းတစ်ခုတွင် မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့ရာ နိုင်ငံရေးခိုလှုံခွင့်တောင်းသူ အစုလိုက်အပြုံလိုက် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း ဂရိလူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ယနေ့ ပြောကြားသည်။

စခန်းတွင်နေထိုင်သော ရွှေ့ပြောင်းနေထိုင်သူများအကြား အချင်းချင်းအငြင်းအခုံဖြစ်ပွားနေစဉ် မီးလောင်မှုစတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် စခန်းတွင် နေထိုင်သူ ၂၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြကြောင်း ဂရိလူဝင်မှုကြီးကြပ်ရေးဝန်ကြီး မာနော့စ်လိုဂေါ့ဒ်တစ်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ထို့အပြင် အာရပ်ဘာသာစကား ပြောဆိုသူများနှင့် အာဖရိကလူမျိုးများအကြား ဖြစ်ပွားသည့် ပဋိပက္ခအသစ်တစ်ခုတွင် နောက်ထပ် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ယနေ့ ပြောကြားသည်။

ယမန်နေ့ညက ဖြစ်ပွားသည့် ယင်းမီးလောင်မှုကို ညသန်းခေါင်ယံအချိန်တွင် အောင်မြင်စွာ ငြိမ်းသတ်နိုင်ခဲ့သော်လည်း ယနေ့ထပ်မံဖြစ်ပွားသည့် ပဋိပက္ခတွင် အခြေအနေပို၍ တင်းမာလာပြီး ကျောက်ခဲများဖြင့် အချင်းချင်း ပစ်ပေါက်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ ဂရိအဓိကရုဏ်းနှိမ်နင်းရေးရဲတပ်ဖွဲ့ကို အဆိုပါစခန်းသို့ စေလွှတ်ခဲ့ပြီး သံသယရှိသူ လူခုနစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ၎င်းက ပြောကြားသည်။ သို့သော် အခင်းဖြစ်ပွားမှုတွင် သေကျေဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ဆာမော့စ် ဒုက္ခသည်စခန်းသည် လူဦးရေ ၆၅၀ အောက်သာဆံ့သော စခန်းတစ်ခုဖြစ်သော်လည်း လက်ရှိတွင် လူ ၇၀၀၀ ကျော်နေထိုင်ပြီး အလွန်ပြည့်ကျပ်နေကြောင်း သိရသည်။ ဂရိအစိုးရသည် အဆိုပါစခန်းရှိ ရွှေ့ပြောင်းနေထိုင်သူ ၂၃၀၀ ကျော်ကို ပြည်မကြီးသို့ ပြောင်းရွှေ့ရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ရောဂါအန္တရာယ်ကြောင့် ယင်းအစီအစဉ် နှောင့်နှေးကြန့်ကြာခဲ့ခြင်းဖြစ်သည်။ သို့သော် ဂရိနိုင်ငံအတွင်းရှိ လက်စဘော့စ်၊ ချီအော့စ်၊ ဆာမော့စ်၊ လီရော့စ်နှင့် ကော့စ်ကျွန်းစုများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိသေးကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဂျေတီ**

# မေ ၄ ရက်မှစ၍ နိုင်ငံတွင်းရှိလုပ်ငန်းများ ပြန်လည်လည်ပတ်မည်ဟု အီတလီဝန်ကြီးချုပ် ကွန်တီ ပြောကြား

**ရောမ ဧပြီ ၂၇**

အီတလီနိုင်ငံတွင် နိုင်ငံတွင်းရှိလုပ်ငန်းများ ပြန်လည်လည်ပတ်မှုကို မေ ၄ ရက်တွင် စတင်မည်ဖြစ်ကြောင်း အီတလီဝန်ကြီးချုပ် ဂွီဆက်ပီကွန်တီက ဧပြီ ၂၆ ရက်တွင် ပြောကြားခဲ့သည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် လက်ကားဖြန့်ချိရေးလုပ်ငန်းများကို မေ ၄ ရက်တွင် စတင်မည်ဖြစ်ကြောင်းနှင့် လက်လီရောင်းချရေးလုပ်ငန်း၊ ပြတိုက်၊ ပန်းချီပြခန်းနှင့် စာကြည့်တိုက်များကို မေ ၁၈ ရက်တွင် လည်းကောင်း၊ အရက်ဘား၊ စားသောက်ဆိုင်၊ ဆံပင်ညှပ်ဆိုင်နှင့်အလှပြင်ဆိုင်များကို ဇွန် ၁ ရက်တွင် လည်းကောင်း ပြန်လည်လည်ပတ်ခွင့်ပြုမည်ဖြစ်ကြောင်း ကွန်တီက ပြောကြားခဲ့သည်။



အီတလီနိုင်ငံတွင် နိုင်ငံတစ်ဝန်းအသွားအလာကန့်သတ်မှုကို မေ ၃ ရက်တွင် စတင်ဖြေလျှော့ပေးမည်ဖြစ်ကြောင်းနှင့် အသွားအလာကန့်သတ်မှုကို အပိုင်းနှစ်ပိုင်းခွဲကာ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းနှင့် အီတလီနိုင်ငံကို ချစ်ပါက ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ရန် ခပ်ခွာခွာနေထိုင်ခြင်း စည်းမျဉ်းကို လိုက်နာရမည်ဖြစ်ကြောင်းလည်း ကွန်တီက ပြောကြားခဲ့သည်။

အီတလီနိုင်ငံရှိ စာသင်ကျောင်းများကို စက်တင်ဘာလတွင် ပြန်လည်ဖွင့်လှစ်သွားမည်ဟု အီတလီပညာရေးဝန်ကြီးဌာနက ဧပြီ ၂၆ ရက်တွင် ကြေညာခဲ့သည်။ မတ် ၁၀ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ မြို့များကို ပိတ်ထားပြီးနောက် အီတလီရှိ စာသင်ကျောင်းများ ပိတ်ထားခဲ့ရာ အွန်လိုင်းမှသာ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

အီတလီနိုင်ငံသည် ကပ်ရောဂါကို ရင်ဆိုင်ဖြေရှင်းရန် ဇန်နဝါရီ ၃၁ ရက်မှစ၍ ၆ လကြာ အရေးပေါ်အခြေအနေအဖြစ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ရောဂါထပ်မံတစ်ဆင့်တိုးပြန့်ပွားမှုကို ကာကွယ်တားဆီးရန် မတ် ၁၀ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ မြို့များကို ပိတ်ဆို့ထားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပိတ်ဆို့ကာလကို နှစ်ကြိမ်တိုးမြှင့်ပြီးဖြစ်ရာ မေ ၃ ရက်အထိ အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# မြို့နယ်အချို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂၇**
သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၀ ရက်မှ ၂၆ ရက်အတွင်း ပျော်ဘွယ်မြို့နယ် နောင်ခွင်ကျေးရွာအရှေ့ဘက် တရားမဝင်သစ် ၂၀ လုံး/ခြမ်း/စိတ် ၅ ဒသမ ၆၄၀၀ တန်၊ ကျောက်ဆည်မြို့နယ် ရမန်းချောင်းတစ်လျှောက် နယ်မြေရှင်းလင်းရာ တရားမဝင်ကျွန်းသစ် ၈ ဒသမ ၁၅၂၈ တန်၊ ရမည်းသင်းမြို့နယ် ကင်းကျေးရွာ၏ အနောက်မြောက်ဘက် တရားမဝင် အခြားသား ၄ ဒသမ ၉၀၄၀ တန်၊ လယ်ဝေးမြို့နယ် လယ်တာကြီးဘိနယ် ပလွေးကြိုးဝိုင်း အကွက်အမှတ်(၃၃)အတွင်းမှ အခြားသား ၅ ဒသမ ၁၀၆၂ တန်၊ ကသာမြို့နယ် ယင်းခဲကြိုးဝိုင်းအကွက်(၈၁)အတွင်း တရားမဝင်သစ် ၁၅ ဒသမ ၂၇၀၀ တန်နှင့် သစ်စက်၊ ဆက်စပ်ပစ္စည်းများ၊ ကလေးခရိုင် ကလေးဝမြို့နယ် ကလေးဝ-မော်လိုက်ကားလမ်းမိုင်တိုင်အမှတ်(၉/၄)မိုင်၊ နောင်ပွတ်ကျေးရွာအနီးတွင် မော်တော်ယာဉ်ပေါ်မှ သစ်မာ ၃ ဒသမ ၆၃၀၄ တန်၊ အနောက်စလင်းကြိုးဝိုင်း အကွက်အမှတ်(၁၃)အတွင်းမှ အခြားသား ၅ ဒသမ ၃၆၀၄ တန်၊ ဆင်ပေါင်ဝဲမြို့နယ် အရှေ့ရိုးမကြိုးဝိုင်း အကွက်အမှတ်(၁၅)အတွင်းမှ ပျဉ်းကတိုးခွဲသား ၃ ဒသမ ၅၃၇၄ တန်၊ ရန်ကုန်-မန္တလေး အမြန်လမ်းတစ်လျှောက် နေပြည်တော်မှ ရန်ကုန်သို့ မောင်းနှင်းလာသော ယာဉ်ပေါ်မှ ကျွန်းသစ် ၁ ဒသမ ၅၈၀၆ တန်၊ ရေတာရှည်မြို့နယ် ရိုးမကြိုးပြင်ကာကွယ်တောအတွင်းမှ ကျွန်း/ပျဉ်းကတိုးသစ်/ခွဲသား ၄ ဒသမ ၈၂၈၂ တန်၊ ကျောက်တံခါးမြို့နယ် ဘိုင်းဒါးကြိုးဝိုင်း အကွက်အမှတ်(၈၆) (၁၂)မိုင်ကျေးရွာတောင်ဘက် နှစ်မိုင်ခန့်အကွာမှ ပျဉ်းကတိုးခွဲသား ၄ ဒသမ ၅၅၇၀ တန်၊ ပဲခူးမြို့နယ် ပျဉ်းမငူကျေးရွာအုပ်စု အင်းဖာတောင်ကွင်း ဦးကျော်နိုင်ခြံအတွင်းမှ ပျဉ်းကတိုး/ကောင်းမှူခွဲသား ၆ ဒသမ ၁၀၇၆ တန်နှင့်အတူ သစ်စက်၊ ဆက်စပ်ပစ္စည်းများ၊ ပန်းတောင်းမြို့နယ် လက်ပံကျွန်းကျေးရွာ၏တောင်ဘက် နှစ်မိုင်ခန့်အကွာနေရာမှ ပျဉ်းကတိုးခွဲသား ၁၃ ဒသမ ၃၅၇၈ တန်အား သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် တောင်ငူမြို့နယ်မိုးကောင်းတံတားအနီး အမှတ်(၄၀၆) ကိုအောင်ဇော်ဦး(ပိုင်)ခြံဝင်းအတွင်းမှ တရားမဝင်သစ် သစ်ရာ ၄ ဒသမ ၉၇၆၈ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ တစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ၎င်းအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**


မပန်းစိန်နှင့် သန့်ဇင်ထွန်း(ခ)ဖိုးသားတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂၇**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၆ ရက် ညနေ ၆ နာရီခွဲက ကလောမြို့နယ် နန်းတိုင်းကျေးရွာအုပ်စု ဘော်နှင်းကုန်းကျေးရွာအနီး ကလော-ပင်လောင်းသွားကားလမ်းတွင် သန့်ဇင်ထွန်း(ခ)ဖိုးသား မောင်းနှင်ပြီး မပန်းစိန်လိုက်ပါလာသောဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# လမ်းဖြတ်ကူးရာမှ ယာဉ်တိုက်မိ၍ တစ်ဦးသေဆုံး

**နတ်တလင်း ဧပြီ ၂၇**
ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ကံသာကျေးရွာအုပ်စု ရန်ကုန်-ပြည်ကားလမ်း ဖိုးသာအောင်ကုန်းတံတားအနီးတွင် ဧပြီ ၂၆ ရက် ည ၈ နာရီခွဲခန့်က လမ်းဖြတ်ကူးသူ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-ပြည်လမ်း ဖိုးသာအောင်ကုန်းတံတားအနီး ပြည်မှ ရန်ကုန်သို့ ဦးကျော်ကျော်ဝင်းမောင်းနှင်ပြီး ဇော်ဇော်ထွေးလိုက်ပါလာသည့်ယာဉ်သည် မိုင်တိုင်အမှတ် ၁၃၉/၃ နှင့် ၁၃၉/၄ ကြားအရောက်တွင် လမ်းဖြတ်ကူးသူ အမျိုးသားတစ်ဦးအားတိုက်မိ၍ လမ်းဖြတ်ကူးသူ အမျိုးသားမှာ ဒဏ်ရာများရရှိပြီး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဦးကျော်ကျော်ဝင်းအား မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**



# မိုးသက်လေပြင်းကျရောက်ခဲ့သည့် ညောင်ချိုင်းကျေးရွာအုပ်စု၌ ထောက်ပံ့ငွေများ ပေးအပ်

**ကျောက်ပန်းတောင်း ဧပြီ ၂၇**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ညောင်ချိုင်းကျေးရွာအုပ်စုတွင် မိုးသက်လေပြင်းကျရောက်မှုကြောင့် လူနေအိမ်များ အမိုးလန်ပျက်စီးမှုဖြစ်ပေါ်ခဲ့ရာ ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အရေးပေါ်ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ညောင်ချိုင်းကျေးရွာအုပ်စုရှိ ညောင်ချိုင်း(မြောက်)ကျေးရွာ၊ ညောင်ချိုင်း(တောင်)ကျေးရွာနှင့် ကင်မွန်းခြံကျေးရွာတို့၌ ဧပြီ ၂၆ ရက်တွင် မိုးသက်လေပြင်းကျရောက်ပြီး မိုးသီးများကြွေကျမှုကြောင့် ညောင်ချိုင်း(မြောက်)ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် လူနေအိမ် ၄၅ လုံး၊ ညောင်ချိုင်း(တောင်)ကျေးရွာတွင် လူနေအိမ် ခြောက်လုံးနှင့် ကင်မွန်းခြံကျေးရွာတွင် လူနေအိမ် ခုနစ်လုံး အမိုး/အကာ လန်ခြင်းများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ကျေးရွာများအနက် ပျက်စီးမှုများပြားခဲ့သည့် ညောင်ချိုင်း(မြောက်)ကျေးရွာသို့ ကျောက်ပန်းတောင်းတပ်နယ်မှ နယ်မြေခံတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသည်။

အဆိုပါကျေးရွာများ၏ ပျက်စီးမှုအခြေအနေများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး၊ ကျောက်ပန်းတောင်းမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ညောင်ဦးခရိုင်လူမှုဝန်ထမ်းဦးစီးဌာန၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ပေးအပ်သည့် အရေးပေါ်ကယ်ဆယ်ရေးရန်ပုံငွေကျပ် ၄၈၅၈၉၀၀ ကို ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူးက ကျေးရွာရပ်မိရပ်ဖများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

**ဥတုရာသီ တောကိုမှီ၍**

# မြို့နယ်အချို့၌ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များနှင့် ဘာသာရေးအဆောက်အအုံ ပျက်စီး

### သာစည်
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ဧပြီ ၂၆ ရက် ည ၇ နာရီခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာ ရှစ်ရွာ၌ လူနေအိမ် ၂၉ လုံး အမိုးလန်ခြင်းနှင့် ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် ချမ်းသာကြီးကျေးရွာတွင် လူနေအိမ် လေးလုံး အမိုးလန်ပျက်စီးပြီး လုံးပတ်ခြောက်ပေခန့်ရှိ ကုက္ကိုပင်တစ်ပင်လဲကျသဖြင့် မြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးထွန်းထွန်းဝင်း ဦးဆောင်၍ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သွားရောက်ရှင်းလင်းခဲ့ကြောင်း သိရသည်။ ထို့ပြင် ဝမ်းသာကျေးရွာတွင် လူနေအိမ် တစ်လုံး အမိုးလန်ပျက်စီးပြီး မင်းလှကျေးရွာတွင် လူနေအိမ် ခြောက်လုံး၊ ကုန်းတောင်းကျေးရွာအုပ်စု ကုန်းတောင်း(န)ကျေးရွာတွင် လူနေအိမ် သုံးလုံး၊ ကုန်းတောင်း(မ)ကျေးရွာတွင် လူနေအိမ် ငါးလုံး၊ ညောင်ပင်ဝင်းကျေးရွာနှင့် အလှည့်ကျေးရွာတို့တွင် လူနေအိမ် ကိုးလုံး၊ လူးကုန်းကျေးရွာတွင် လူနေအိမ် တစ်လုံးတို့ အမိုးလန်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်းနှင့် အဆိုပါဖြစ်စဉ်များကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

### မိုးညို
ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ကျွန်းကြီးကျေးရွာ၌ ဧပြီ ၂၆ ရက် ည ၇ နာရီ ခန့်တွင် လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်ပြိုလဲကာ လူနေအိမ် တစ်လုံးပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကျွန်းကြီးကျေးရွာနေ ဦးလှဌေး၏ ခြံဝင်းအတွင်းရှိ ကုက္ကိုပင်ပြိုလဲသဖြင့် သစ်ပင်ဘေးရှိ နေအိမ် ပြိုလဲခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း၊ နေအိမ်ပြုပြင်ခြင်းနှင့် လိုအပ်သည်များကို ထိန်တောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့က ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုမင်း(မိုးညို)**

### ကျောက်တံခါး
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ဧပြီ ၂၆ ရက် ညနေ ၄ နာရီခန့်က မိုးသက်လေပြင်းများကျရောက်၍ လူနေအိမ် ၅၈ လုံးနှင့် ဘာသာရေးအဆောက်အအုံ တစ်ခု အမိုးလန်ပျက်စီးခဲ့သည်။

ကျောက်တံခါးမြို့နယ်တွင် မိုးသက်လေပြင်းများတိုက်ခတ်ခြင်းကြောင့် ကျောက်တံခါးမြို့ကွင်းမြောက်ရပ်ကွက်တွင် လူနေအိမ် တစ်လုံး၊ ကွင်းတောင် ရပ်ကွက်တွင် လူနေအိမ် တစ်လုံး၊ ကျေးရိုးကျေးရွာ အုပ်စုတွင် လူနေအိမ် တစ်လုံး၊ လက်ခံကျေးရွာအုပ်စုတွင် လူနေအိမ် ခြောက်လုံး၊ ဂုံမင်းကွင်းကျေးရွာအုပ်စုတွင် လူနေအိမ် ၁၁ လုံး၊ သမင်အင်းကုန်းကျေးရွာအုပ်စုတွင်လူနေအိမ် ၃၇ လုံးနှင့် ဘာသာရေးအဆောက်အအုံ တစ်ခုတို့မှာ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ ပဲခူးမြို့နယ် ကလိတပ်ကလေးကျေးရွာအုပ်စု မြောက်စုကျေးရွာမှ ဦးဝင်းအောင်နှင့် သမီးဖြစ်သူ မယွန်းနဒီအောင်တို့သည် မိုးကြိုးထိမှန်မှုကြောင့် ဖခင်ဖြစ်သူမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး သမီးဖြစ်သူမှာဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးသွားခဲ့ကြောင်း သိရ သည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

### ကျောက်ကြီး
ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ဧပြီ ၂၆ ရက် ညနေ ၃ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စု နှစ်အုပ်စုရှိ လူနေအိမ်၊ ဓမ္မာရုံနှင့် စာသင်ကျောင်းများ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကျောက်ကြီးမြို့နယ် ထိုးဝါးစိုက်ကျေးရွာ၌ လူနေအိမ် သုံးလုံးနှင့် စာသင်ကျောင်း တစ်ကျောင်း၊ ရွှေသောင်ကျေးရွာ၌ လူနေအိမ် တစ်လုံး၊ ကျောက်စရစ်ကျေးရွာအုပ်စု ပဲသောင်ကျေးရွာ၌ လူနေအိမ် ၁၈ လုံးနှင့် ဓမ္မာရုံ တစ်လုံး၊ လိန်ပင်ကျေးရွာ၌ လူနေအိမ် တစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

**ကိုသားကြီး(ကျောက်ကြီး)**


ကျောက်ကြီးမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းတစ်ကျောင်း အမိုးလန်ပျက်စီးမှုကို တွေ့ရစဉ်။

# ကိုဗစ်- ၁၉ ထုတ်ပြန်ချက်နှင့် သတင်း



## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၇-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၂၇-၄-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်တွင် ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၁၅) ခုတွင် COVID-19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ) ရပါ။

၂။ (၂၆-၄-၂၀၂၀)ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာ (၁၄၆) ဦး ရှိပြီဖြစ်ပါသည်။

၃။ ယခုအခါ မြန်မာနိုင်ငံရှိ ဓာတ်ခွဲအတည်ပြုလူနာများအနက် ရောဂါပိုးကင်းစင်သူ (၁၆) ဦးရှိပြီး ၎င်းတို့အနက် (၉)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၅)ဦး ရှိပြီဖြစ်ပါသည်။

၄။ (၂၆-၄-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၇-၄-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၈၆)ဦး ရှိပါသည်။

၅။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ စောင့်ကြည့်လူနာများနှင့် အသွားအလာကန့်သတ်ထားရှိသူများ၏ ဓာတ်ခွဲစစ်ဆေးမှုအဖြေများရရှိပါက ဆက်လက်သတင်းထုတ်ပြန်မည်ဖြစ်ပါသည်။

**COVID-19 ရောဂါအတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၂၇-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၇-၄-၂၀၂၀) ရက်နေ့ ညနေတွင် (DMR) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁၅) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |
| COVID-19 (SARS-CoV-2) မတွေ့ရှိ (negative) | (၁၁၅) ဦး |

DMR - ဆေးသုတေသနဦးစီးဌာန (ရန်ကုန်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၇-၄-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

၁။ (၂၆-၄-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ဓာတ်ခွဲစစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ (၂၉၉) ခုနှင့် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) တွင် စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၄၈) ခု၊ စုစုပေါင်း (၃၄၇)ခုတို့တွင် COVID-19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ) ရပါ။

၂။ (၂၇-၄-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာ (၁၄၆) ဦး ရှိပြီဖြစ်ပါသည်။

၃။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် ရောဂါပိုးကင်းစင်သူ (၁၀)ဦး (ဆေးရုံမှ ဆင်းခွင့်ရရှိပြီးသူ-၉ ဦး) ရှိပြီ ဖြစ်ပါသည်။ သေဆုံးသူ (၅)ဦး ရှိပြီဖြစ်ပါသည်။

၄။ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနက် ဝေဘာဂီအထူးကုဆေးရုံကြီးတွင် အထူးကြပ်မတ်ကုသမှု ပေးလျက်ရှိသူ (၂)ဦးနှင့် တောင်ဥက္ကလာပအထူးကုဆေးရုံတွင် အထူးကြပ်မတ်ကုသမှုပေးလျက်ရှိ သူ (၁)ဦးရှိကာ ကျန်လူနာများ၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိပါသည်။

**COIVD-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၂၇-၄-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

**ဓာတ်ခွဲအတည်ပြုလူနာများအား ကုသပေးနေမှု**

| စဉ် | ဆေးရုံအမည် | ဓာတ်ခွဲအတည်ပြုလူနာ ဦးရေ (ဦး) |
|---|---|---|
| ၁ | အထူးကုဆေးရုံ (ဝေဘာဂီ)၊ ရန်ကုန်မြို့ | ၆၈ |
| ၂ | တောင်ဥက္ကလာအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၄၀ |
| ၃ | ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့ | ၆ |
| ၄ | ပြည်သူ့ဆေးရုံ၊ တီးတိန်မြို့ | ၅ |
| ၅ | ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့ | ၃ |
| ၆ | ကန်တော်နဒီဆေးရုံ၊ မန္တလေးမြို့ | ၂ |
| ၇ | စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့ | ၂ |
| ၈ | ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့ | ၁ |
| ၉ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | ၁ |
| ၁၀ | ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ | ၁ |
| ၁၁ | ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့ | ၁ |
| ၁၂ | ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားမြို့ | ၁ |
| ၁၃ | ပြည်သူ့ဆေးရုံကြီး၊ စစ်ကိုင်းမြို့ | ၁ |
| | စုစုပေါင်း | ၁၃၂ |

**COIVD-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၇-၄-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၆-၄-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှု စုစုပေါင်း (ဓာတ်ခွဲနမူနာ) | (၃၄၇) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |
| COVID-19 (SARS-CoV-2) မတွေ့ရှိ (negative) | (၃၄၇) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဖျာပုံမြို့၌ ကိုဗစ်-၁၉ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရေး မြို့ပေါ်ရပ်ကွက်၊ ကျေးရွာဈေးများရှိ ဈေးသည်များအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

ဖျာပုံ မေ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရေး မြို့ပေါ်ရပ်ကွက်၊ ကျေးရွာဈေးများတွင် ပျံကျရောင်းချလျက်ရှိသည့် ဈေးသည်များအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းကို ယနေ့နံနက် ၇ နာရီက ဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ အခမဲ့ဖြန့်ဝေပေးမှုကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်တို့က ဦးဆောင်၍ ဖျာပုံမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဖျာပုံမြို့နယ်လူငယ်ရေးရာကော်မတီဝင်များ ပူးပေါင်းပါဝင်ပြီး နှာခေါင်းစည်း အခု ၇၀၀ ကို ဖျာပုံမြို့ အမှတ်(၁၇)၊ အမှတ်(၁၈) ရပ်ကွက်ဈေးများ၊ ကျုံကူ၊ အပြောင်ကျေးရွာဈေးများအတွင်းသို့ လိုက်လံ၍ ကျန်းမာရေးအသိပညာပေးမှုများကို Hand Speaker များဖြင့် ပြောကြားပြီး နှာခေါင်းစည်းများအခမဲ့ ဖြန့်ဝေပေးကာ နှာခေါင်းစည်းတပ်ဆင်ထားခြင်းမရှိသည့်ဈေးဝယ်လာသူများ၊ လမ်းသွားလမ်းလာခရီးသွား ပြည်သူများကိုလည်း စေတနာ့ဝန်ထမ်းလူငယ်များက အသိပညာပေးပြောကြားပြီး နှာခေါင်းစည်းများ တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

အောင်ဝင်းနိုင်(ခရိုင်ပြန်/ဆက်)



## ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

နေပြည်တော် မေ ၂၇

Coronavirus Disease 2019(COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ကိုဗစ်-၁၉ Call Center ကို ဖွင့်လှစ်ထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၌ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ်-၂၀၁၉) အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း(၄၃)ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန်(၁၇)ဦး စုစုပေါင်း(၆၀)ဖြင့် မေ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရေဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

## ချင်းပြည်နယ်မှ စောင့်ကြည့်လူနာများအတွက် စားနပ်ရိက္ခာထောက်ပံ့ငွေကျပ် သိန်း ၃၀၀ ကမ္ဘောဇဘဏ် လှူဒါန်း




**နေပြည်တော် မေ ၂၇**

ချင်းပြည်နယ်အတွင်းရှိ Facility Quarantine ဝင်နေသော စောင့်ကြည့်လူနာများ၏ စားနပ်ရိက္ခာအတွက် ငွေကျပ်သိန်း ၃၀၀ ကို ယနေ့တွင် ကမ္ဘောဇဘဏ်က ချင်းပြည်နယ်အစိုးရအဖွဲ့သို့ သွားရောက်လှူဒါန်းရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် လက်ခံရယူသည်။

Facility Quarantine ဝင်နေသော စောင့်ကြည့်လူနာများအနက်မှ နေ့စဉ်စားသောက်စရိတ် အခက်အခဲရှိသော ပြည်သူတစ်ဦးလျှင် တစ်ရက် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် အစားအသောက်များ ပံ့ပိုးပေးနိုင်ရန်အတွက် ငွေကျပ် သိန်း ၃၀၀ ကို ကမ္ဘောဇဘဏ်က ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဇဘဏ်သည် ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် ဆောင်ရွက်နေသော ဆေးရုံများတွင် လိုအပ်သည့်ဆေးရုံသုံး အထောက်အကူပြုပစ္စည်းများကိုလည်း လှူဒါန်းလျက်ရှိပြီး ဧပြီလအတွင်း တီးတိန်ဆေးရုံအတွက် CE Standard PPE ဝတ်စုံ ၄၅၀၊ ၅၀၀ မီလီ Hand Gel ဘူးကြီး ၁၀၀၊ ဆေးရုံသုံးနှာခေါင်းစည်း ၃၀၀၀၊ မျက်မှန်အခု ၂၀၀၊ အပူချိန်တိုင်းစက် ၁၅ ခု၊ လက်သန့်ဆေးရည်များနှင့် ငွေကျပ် သိန်း ၃၀ ကို လှူဒါန်းခဲ့ပြီးဖြစ်သည်။

ထို့အပြင် ကမ္ဘောဇဘဏ်သည် ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် စားသောက်စရိတ် အခက်အခဲရှိသော Facility Quarantine ဝင်နေသည့် ပြည်သူများအတွက် ငွေကျပ် သိန်း ၃၀၀ စီကိုလည်းကောင်း၊ စောင့်ကြည့်လူနာများနှင့် ကိုဗစ်-၁၉ ကုသရေးဆောင်ရွက်နေသော ဆေးရုံများအတွက် လိုအပ်သော အကာအကွယ်နှင့် ဆေးရုံသုံးပစ္စည်းများကိုလည်းကောင်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်သည်။

ကမ္ဘောဇဘဏ်က ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရန်အတွက် ငွေကျပ် သိန်း ၁၄၀၀၀ ကျော်တန်ဖိုးရှိ ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများကို ကုန်းလမ်းသာမက စင်းလုံးငှားလေယာဉ်များဖြင့် သယ်ယူလှူဒါန်းခြင်း၊ ရှမ်းပြည်နယ်အစိုးရနှင့် ပူးပေါင်း၍ လှူဒါန်းငွေကျပ် သိန်း ၂၀၀၀ မတည်ကာ ရိက္ခာထုပ်ပေါင်း ၁၀၀,၀၀၀ ကို ပြင်ဆင်ထား၍ နိုင်ငံတွင်း အရေးပေါ်လိုအပ်သောနေရာများသို့ ဖြန့်ဝေလှူဒါန်းခြင်း၊ တိုင်းနှင့်ပြည်နယ်အသီးသီးသို့ ပြည်ပမှ ပြန်လည်ဝင်ရောက်လာကြသည့် နိုင်ငံသားများနှင့် ၎င်းတို့ ရောက်ရှိနေထိုင်ရာနေရာဒေသများရှိ ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စောင့်ကြည့်လူနာများအတွက် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးပစ္စည်းခြောက်မျိုးကို နေရာအရောက်လှူဒါန်းလျက်ရှိသည်။

လက်ရှိအချိန်ထိ ကမ္ဘောဇဘဏ်၊ KBZ MS General Insurance၊ KBZ Life၊ Myanmar Airways International (MAI) နှင့် Air KBZ လေကြောင်းလိုင်းတို့သည် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ငွေကျပ် ၃၃၀၇၄ သိန်း လှူဒါန်းခဲ့ပြီးဖြစ်သည်။

**ကိုကျော်**

## Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19) နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် (၂၀၂၀)ပြည့်နှစ်၊ ဧပြီလ (၂၇)ရက်နေ့၊ (၁၆:၃၀) နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည် –

**COVID–19 ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၂၇–၄–၂၀၂၀)ရက်နေ့၊ (၁၆:၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | အမေရိကန်ဒေါ်လာ |
|---|---|---|
| ၁။ | မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ | 1,000,000.00 |
| ၂။ | Eight – Japan Engineering Consultants Inc (Japan) | 30,000.00 |
| ၃။ | Multi World Company ltd | 10,000.00 |
| ၄။ | Siemens Limited (Yangon Branch). | 7,640.00 |
| ၅။ | U Denzil Abel + D Nu Nu Yin | 5,000.00 |
| ၆။ | Servier | 2,000.00 |
| ၇။ | MT Golden Denise– on Board Myanmar Seafarers & Friends | 1,050.00 |
| ၈။ | ဒေါ်ကြည်ကြည်ဝင်းရွှေ (Right & Bright Co.ltd) | 500.00 |
| ၉။ | မှုပိုင်ခွင့်ဌာနဝန်ထမ်းများ | 150.00 |
| ၁၀။ | ဦးအောင်ထိုက်+ ဒေါက်တာကြည်ပြာမိုး | 50.00 |
| | **စုစုပေါင်း** | **1,056,390** |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေးထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**



## မုဒုံမြို့နယ် မြတ်ပညာငွေစု/ငွေချေးသမဝါယမအသင်းက ဆေးပစ္စည်းများဝယ်ယူနိုင်ရန် မြို့နယ်ကျန်းမာရေးဦးစီးဌာနသို့ အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၂၇**

မွန်ပြည်နယ် မုဒုံမြို့ မြတ်ပညာ ငွေစု/ငွေချေးသမဝါယမအသင်းက ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ကုသရန်အတွက် လိုအပ်သော ဆေးပစ္စည်းများ ဝယ်ယူနိုင်ရန် မေ ၂၅ ရက်တွင် အလှူငွေကျပ် ၁၀ သိန်းကို မုဒုံမြို့နယ်ကျန်းမာရေးဦးစီးဌာနသို့ လှူဒါန်းခဲ့သည်။

ထို့အပြင် အသင်းသား ၂၉၈၄ ဦးအား ရောဂါကူးစက်မှုကာကွယ်ရေးကာလအတွင်း အဆင်ပြေစေရေးအတွက် စုဆောင်းငွေပေါ် အတိုးငွေကျပ် ၂၃၉,၇၉၀,၂၅၇.၅၀၊ အသင်းသားအကျိုးဝေစု ငွေကျပ် ၄၃,၀၀၀,၀၀၀ နှင့် အသင်းသားတစ်ဦးလျှင် ဆီနှစ်လီတာ တစ်ဘူးစီကို ထောက်ပံ့ပေးခဲ့သည်။

ယနေ့အချိန်အထိ နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး/ ပြည်နယ် သမဝါယမအသင်းအဆင့်ဆင့်က ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာကိစ္စများအတွက်လည်းကောင်း၊ အသင်းသားပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန်အတွက်လည်းကောင်း ငွေသား၊ ကာကွယ်ရေးပစ္စည်းများ၊ ဆေးဝါးများ၊ စက်ကိရိယာများ၊ အခြေခံစားသောက်ကုန်များကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပါဝင်လှူဒါန်းခဲ့ကြရာ မေ ၂၅ ရက်အထိ လှူဒါန်းမှုစုစုပေါင်း တန်ဖိုးငွေကျပ် ၁၇၂,၁၀၃,၁၀၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတိနှင့်အသိ

## ဒေါက်တာသီတာတင် (ပြန်/ဆက်)

ယခုအခါ ကမ္ဘာပေါ်မှာ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်တဲ့ သူတွေအပေါ် ကဲ့ရဲ့ပြစ်တင်မှုနဲ့ ခွဲခြားဆက်ဆံမှုတွေလည်း ဖြစ်နေသလို ကမ္ဘာတစ်ဝန်းမှာ ဒီရောဂါနဲ့ ပတ်သက်ပြီး လုပ်ကြံသတင်း၊ ကောလာဟလတွေ ပျံ့နှံ့နေတဲ့အတွက် ကျန်းမာရေးတိုက်ပွဲသာမက ပြန်ကြားဆက်သွယ်ရေးတိုက်ပွဲလည်း ဖြစ်နေတာ တွေ့ရပါတယ်။ ဒါတွေကို အစိုးရတွေ၊ ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်တဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပြည်တွင်းအဖွဲ့အစည်းတွေက ကြိုးပမ်းလုပ်ဆောင်နေပါတယ်။ ဒီကဲ့ရဲ့ပြစ်တင်မှု၊ ခွဲခြားဆက်ဆံမှုတွေ၊ လုပ်ကြံသတင်း၊ ကောလာဟလတွေနဲ့ပတ်သက်ပြီး တုံ့ပြန်ထိန်းချုပ်နိုင်ဖို့ ဆောင်ရွက်ပုံ ဆောင်ရွက်နည်းတွေကို အများပြည်သူ သိနိုင်ရန် ယခုဆောင်းပါးဖြင့် မျှဝေလိုက်ပါတယ်။

### ကဲ့ရဲ့ပြစ်တင်မှုနှင့် ခွဲခြားဆက်ဆံမှုများ လျော့ပါးပပျောက်စေရေး

ကူးစက်နိုင်တဲ့ရောဂါတွေ ဖြစ်ပွားနေချိန်မှာ အရေးပေါ်ပြည်သူ့ကျန်းမာရေးအစီအစဉ်တွေ ဆောင်ရွက်ကြရလို့ ပြည်သူများအကြား ကြောက်ရွံ့မှု၊ စိုးရိမ်မှုတွေဖြစ်ပေါ်စေနိုင်ပါတယ်။ ဒီအခြေအနေကတစ်ဆင့် လူအများနဲ့ လူမှုအသိုက်အဝန်းတွေအပေါ် ထိခိုက်အကျိုးယုတ်မှုတွေ၊ လူမှုဆက်ဆံခွင့် မရှိဘဲ သီးခြားနေထိုင်ကြရတာတွေ၊ ကဲ့ရဲ့ပြစ်တင်မှုတွေနဲ့ ခွဲခြားဆက်ဆံမှုတွေအထိ ဖြစ်ပေါ်လာကြပါတယ်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်မှာ ဒီလို အခြေအနေတွေကို အများဆုံး ရင်ဆိုင်ကြရသူတွေကတော့ ဒီရောဂါ ကူးစက်ခံရသူတွေ၊ ရောဂါကို ကုသ၊ တိုက်ဖျက်မှုတွေမှာ ရှေ့တန်းက ပါဝင်ဆောင်ရွက်နေကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ သန့်ရှင်းရေးဝန်ထမ်းတွေ၊ လုံခြုံရေးဝန်ထမ်းတွေပဲ ဖြစ်ပါတယ်။ သူတို့တွေက တစ်ဆင့် ကူးစက်ခံရမလားဆိုတဲ့ စိုးရိမ်ကြောက်ရွံ့မှုတွေ ရှိနေကြသလို ဒီနေရာတွေမှာ ဘယ်လိုဆိုးဆိုးရွားရွား ကူးစက်ပျံ့နှံ့နေပြီ၊ ဘယ်သူတွေကတော့ ဖြစ်နေပြီ စသည်ဖြင့် သတင်းတု၊ သတင်းယောင်တွေ ဖြစ်ပေါ်တတ်ပါတယ်။ ဒါ့အပြင် အချို့ လူမှုအသိုက်အဝန်းတွေ၊ ဒေသတွေနဲ့ပတ်သက်ပြီး အမြင်ဆိုး၊ အထင်ဆိုးတွေ ဖြစ်အောင် လူမှုမီဒီယာတွေ၊ အခြားနည်းလမ်းတွေကို အသုံးပြုပြီး ပြောဆို အမည်တပ်နေတာတွေလည်း ဖြစ်ပေါ်နေတာတွေ့ရပါတယ်။

ပြည်သူလူထုကို ကျန်းမာရေးအသိပညာတွေ ရနိုင်အောင် လုပ်ဆောင်ခြင်းဖြင့် ဒီလိုမကောင်းတဲ့ အနေအထားတွေ မဖြစ်ပေါ်အောင် လုပ်ဆောင်နိုင်ပါတယ်။ ဒီလို မကောင်းတဲ့ အနေအထားတွေ ရင်ဆိုင်ရပါကလည်း သင့်တင့်လျောက်ပတ်တဲ့ တုံ့ပြန်မှုတွေကို ဆောင်ရွက်တတ်ဖို့ လိုပါတယ်။

ကဲ့ရဲ့ပြစ်တင်မှုနဲ့ ခွဲခြားဆက်ဆံမှုတွေ လျော့ပါးပပျောက်စေဖို့ တာဝန်သိပြည်သူတွေ သိရှိနားလည်ပြီး လိုက်နာသင့်တဲ့ အချက် (၇)ချက် ရှိပါတယ်။ ဒီ အချက်တွေကတော့-

(၁) ကိုဗစ်-၁၉ ရောဂါက ကူးစက်မြန်ရောဂါဖြစ်ပြီး မည်သူမဆို ကူးစက်ခံရနိုင်ဖွယ်ရှိတဲ့အတွက် Social Distancing ဆိုတဲ့ လူတစ်ဦးနဲ့တစ်ဦး နှစ်မီတာ (ခြောက်ပေ) အကွာတွင်နေကာ ဆက်သွယ်ဆောင်ရွက်စေခြင်း၊ လက်ကို စနစ်တကျ မကြာခဏဆေးခြင်း၊ နှာခေါင်းစည်း၊ မျက်နှာဖုံးများ ကိုယ်စီတပ်ဆင်ခြင်း၊

(၂) ကြိုတင်သတိပေးထားတဲ့ကြားမှ ကူးစက်ခံရပါက ကူးစက်ခံရသူတို့ရဲ့ အမှားကြောင့် မဟုတ်သည်ကို နားလည်ပေးသင့်ခြင်း၊

(၃) လူနာနဲ့ သူ့မိသားစုအနေနဲ့ ကူညီထောက်ပံ့မှုနဲ့ ပူးပေါင်းဆောင်ရွက်ပေးမှုများလည်း လိုအပ်နေမည်ကို နားလည်ပေးသင့်ခြင်း၊

(၄) ဒီရောဂါဟာ ကုသဆေးနဲ့ကာကွယ်ဆေးမရှိသေးပေမယ့် ကိုယ်ခံအားကောင်းမယ်ဆိုရင် လူအတော်များများ ပြန်လည်ကျန်းမာလာကြောင်းကို သိရှိရန်လိုအပ်ခြင်း၊

(၅) ရောဂါကို ကုသ၊ တိုက်ဖျက်မှုတွေမှာ ရှေ့တန်းက ပါဝင်ဆောင်ရွက်နေကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ သန့်ရှင်းရေးဝန်ထမ်းတွေ၊ လုံခြုံရေးဝန်ထမ်းတွေ၊ ပူးပေါင်းဆောင်ရွက်ပေးသူတွေဟာ ကိုယ်ကျိုးမဖက် ဝန်ဆောင်မှုတွေ ပေးနေတာဖြစ်တဲ့အတွက် ကူညီထောက်ပံ့မှု၊ အားပေးချီးမြှောက်မှုနဲ့ ကျေးဇူးတင် အသိအမှတ်ပြုပေးဖို့ ထိုက်တန်သူတွေဖြစ်ကြောင်း သိရှိနားလည်ခြင်း၊

(၆) ရောဂါကို ကုသ၊ တိုက်ဖျက်မှုတွေမှာ ပါဝင်ဆောင်ရွက်နေကြတဲ့သူတွေ ကူးစက်မခံကြရလေအောင် သင့်တင့်တဲ့ အကာအကွယ်ဝတ်စုံများ တပ်ဆင်ပေးခြင်း၊

(၇) ဒီရောဂါကို တွန်းလှန်တိုက်ဖျက်ရာမှာ မရှိမဖြစ်ဝန်ဆောင်မှုပေးနေသူတွေနဲ့ သူတို့ရဲ့မိသားစုတွေကို အန္တရာယ်တစ်ခုလို သဘောထားပြီး ခွဲခြား ဝိုင်းကြဉ်နေတာမျိုးတွေဟာ ဒီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းတွေကို အားနည်းစေသလို နိုင်ငံအတွက်ပါ ထိခိုက်စေတာကို သိနားလည်ထားခြင်းတို့ ဖြစ်ပါတယ်။

ကဲ့ရဲ့ပြစ်တင်မှုနဲ့ ခွဲခြားဆက်ဆံမှုတွေ လျော့ပါးပပျောက်စေဖို့ တာဝန်သိပြည်သူတွေ မလုပ်သင့်တဲ့ အချက် (၄) ချက်ရှိပါတယ်။ ဒီ အချက်တွေကတော့-

(၁) ကူးစက်ခံရသူ၊ စောင့်ကြည့်လူနာတို့ရဲ့ အမည်၊ မည်သူမည်ဝါဖြစ်တယ်ဆိုတာနဲ့ သူတို့ရဲ့ အရပ်ဒေသတွေကို အခွင့်မရှိဘဲ လူမှုမီဒီယာကတစ်ဆင့် ရေးသားဖြန့်ဝေခြင်းမျိုး မလုပ်သင့်ခြင်း၊

(၂) ကြောက်ရွံ့မှုနဲ့ စိုးရိမ်မှုကို ပျံ့နှံ့အောင် မလုပ်ဆောင်ခြင်း၊

(၃) ကျန်းမာရေး၊ သန့်ရှင်းရေးနဲ့ လုံခြုံရေးကို ဆောင်ရွက်ပေးနေသူများကို ပစ်မှတ်ထားခြင်း မပြုဘဲ ရှောင်ရှားခြင်း (ထိုသူများသည် မိမိတို့ကို ကူညီပေးနေသည်ကို သိရှိနားလည်ခြင်း)၊

(၄) အဆိုပါရောဂါ ပျံ့နှံ့နေတဲ့ လူမှုအသိုက်အဝန်း (သို့မဟုတ်) နေရာတွေကို အမည်တပ်ပြီး ခွဲခြားဖော်ပြခြင်း မပြုခြင်းတို့ ဖြစ်ပါတယ်။

### မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှု (MIL) ဖြင့် လုပ်ကြံသတင်း၊ ကောလာဟလများကို ခွဲခြားသိမြင်နိုင်ခြင်း

တိကျမှန်ကန်ပြီး အထောက်အကူဖြစ်ကာ အသက်ကယ်နိုင်တဲ့ သတင်းအချက်အလက်တွေ ကျယ်ကျယ်ပြန့်ပြန့်ရှိနိုင်ဖို့အတွက် တာဝန်ရှိသူတွေဘက်က သတင်းအချက်အလက်မှန်တွေ ပိုမိုဖြည့်ဆည်းပေးရေးနဲ့ ပြည်သူလူထုအနေနဲ့ ဒီသတင်းအချက်အလက်မှန်တွေကို ပိုပြီး လက်လှမ်းမီနိုင်အောင် လုပ်ဆောင်ဖို့လိုအပ်ပါတယ်။ ဒါမှသာ လုပ်ကြံသတင်း၊ ကောလာဟလတွေ ပါးသွားနိုင်သလို တစ်ဖက်ကလည်း မိမိသိရှိတဲ့ သတင်းဟာ သတင်းတု သတင်းယောင်လား၊ အမှန်သတင်းတွေလားဆိုတာကို ခွဲခြားသိရှိနိုင်တဲ့ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု (MIL) ကို ပြည်သူတွေအကြား ထဲထဲဝင်ဝင် ရှိနေဖို့လိုအပ်ပါတယ်။

မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု (MIL)နဲ့ပတ်သက်ရင် ဦးဆောင် ဦးရွက်ပြုနေတဲ့ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)က အကြံပြုထားတဲ့ အချက်(၄) ချက် ရှိပါတယ်။ ဒီ အချက်တွေကတော့-

(၁) ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို လူမှုမီဒီယာကတစ်ဆင့် မိမိက အခြားသူများကို မျှဝေရင် တရားဝင်အဖွဲ့အစည်းများဖြစ်တဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ကျန်းမာရေးအဖွဲ့အစည်းများ၊ တရားဝင်သတင်းထုတ်ပြန်ချက်တွေ၊ အတည်ပြုပြီးတဲ့ သတင်းအချက်အလက်တွေ ဖြစ်ရပါမယ်။ ဒါမှမဟုတ် သတင်းမှန်များကို ထုတ်ပြန်နေတဲ့ သတင်းဌာနများမှ သတင်းအချက်အလက်များ ဖြစ်ရပါမယ်။ ဒီနေရာမှာ ဖြည့်စွက်တင်ပြချင်တာကတော့ ကောင်းသတင်းရှိတဲ့ သတင်းဌာန ဟုတ်၊ မဟုတ်ကို သိနိုင်ဖို့ အသိအမြင် ဗဟုသုတရှိရန်လည်း လိုပါတယ်။ ဒါမှသာသတင်းအရင်းအမြစ်ကို စိစစ်နိုင်မှာပါ။

(၂) အမှတ်စဉ်(၁)မှာ ဖော်ပြထားတဲ့အချက်တွေကို မိမိရဲ့မိသားစုဝင်များ သိရှိအောင်လည်း သင်ကြားပေးရန်လိုအပ်ပါတယ်။

(၃) ဒီရောဂါနဲ့ပတ်သက်ပြီး ကျွမ်းကျင်သူတွေရဲ့ ပြောကြားမှု၊ ရေးသားမှုများကိုလည်း ဆန်းစစ်ရန် လိုပါတယ်။ အဆိုပါကျွမ်းကျင်သူက ဘယ်အဖွဲ့အစည်းကို ကိုယ်စားပြုသလဲ၊ ယုံကြည်အားထားလောက်တဲ့ သတင်းမီဒီယာက ဖော်ပြတာလားစသည်ဖြင့် စိစစ်ရန်လိုပါတယ်။

(၄) မိမိသိရှိရတဲ့ သတင်းအချက်အလက်က မိမိရဲ့ စိတ်ခံစားမှုဖြစ်တဲ့ ဒေါသထွက်စေတာ၊ အံ့သြတုန်လှုပ်စေတာ၊ ဝမ်းနည်းသနား၊ နာကြည်းမုန်းတီး အစရှိတာတွေဖြစ်စေပြီဆိုရင် ဒီသတင်းကြောင့် ဘယ်သူအကျိုးရှိသွားသလဲ၊ ဘယ်သူ အကျိုးယုတ်သွားသလဲ၊ ဘာကြောင့် ဒီလိုစိတ်တွေ ဖြစ်အောင်ရေးသား၊ ပြောကြတာလဲဆိုတာတွေကို စဉ်းစားဆင်ခြင်ရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် မိမိရရှိတဲ့ ဒီသတင်းအချက်အလက် မှန်၊ မမှန်ကိုသိဖို့ အခြားမီဒီယာတွေမှာ ဒီသတင်းဖော်ပြမှု ရှိ၊ မရှိ စစ်ဆေးကြည့်ဖို့လိုပါတယ်။ ကြားသမျှ၊ ဖတ်ရှုရသမျှတွေကို အလွယ်တကူ ယုံကြည်တာမျိုး မလုပ်သင့်ခြင်း ဖြစ်ပါတယ်။ ဒီလို ချင့်ချိန်နိုင်ရင် ဒီရေးသား၊ ပြောဆိုမှုကို လုပ်နေတဲ့ သူတွေ၊ မီဒီယာတွေရဲ့ ပုံဖော်ဦးတည်ရာဘက်ကို မိမိက မျောပါမသွားဘဲ လုပ်ကြံသတင်း၊ ကောလာဟလတွေကို ခွဲခြားသိမြင်နိုင်မှာ ဖြစ်ပါတယ်။

စာရေးသူတို့ နိုင်ငံအနေနဲ့လည်း ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး အများပြည်သူအထိတ်တလန့် ဖြစ်စေမယ့် မဟုတ်မမှန် သတင်းတွေလွှင့်ခြင်း မပြုလုပ်ကြဖို့ မီဒီယာတွေမှာ ထုတ်ပြန်အသိပေးလျက်ရှိသလို ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်တဲ့ ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုတွေ၊ ဆွေးနွေးခန်းတွေ၊ ပြည်သူတွေ သတိပြုလိုက်နာဆောင်ရွက်ဖို့ အသိပေးမှုတွေ၊ ဒီရောဂါဆိုင်ရာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို နိုင်ငံပိုင် မီဒီယာကတစ်ဆင့် ထုတ်ပြန်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း လူမှုကွန်ရက် စာမျက်နှာကတစ်ဆင့် ဒီရောဂါနဲ့ပတ်သက်တဲ့ အခြေအနေတွေနဲ့ သတင်းစကားတွေအပြင် နိုင်ငံတော်အနေနဲ့ လိုအပ်သလို ညွှန်ကြား၊ ညှိနှိုင်းဆောင်ရွက်မယ်ဆိုတဲ့ အားရစရာ သတင်းစကားတွေကိုလည်း နိုင်ငံပိုင် နေ့စဉ်သတင်းစာ၊ မီဒီယာတွေမှာလည်း ဖော်ပြထုတ်ပြန်ပေးလျက်ရှိပါတယ်။ ဒီလို ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ထုတ်ပြန်ပေးနေတဲ့အတွက် လုပ်ကြံသတင်း၊ ကောလာဟလတွေ ဖြစ်ပေါ်နိုင်မှုကို လျော့ပါးစေနိုင်တာ တွေ့ရပါတယ်။

နိုင်ငံချုပ်အနေနဲ့ ဒီရောဂါကို ရင်ဆိုင်တွန်းလှန်ကြရာမှာ လူပုဂ္ဂိုလ်အနေနဲ့ Social Distancing ကြောင့် ခပ်ခွာခွာနေကြရပေမယ့် စိတ်ဓာတ်ပိုင်းဆိုင်ရာ စုစည်းညီညာစွာနဲ့ ကျန်းမာရေးဆိုင်ရာ သတိပြုစရာတွေအပြင် လူမှုရေးဆိုင်ရာ စာနာနားလည်မှုကိုပါ တည်ဆောက်ပြီး အစိုးရနဲ့ ပြည်သူ လက်တွဲကူကာ ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါတယ်။ ။

**စာရေးသူတို့ နိုင်ငံအနေနဲ့လည်း ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး အများပြည်သူအထိတ်တလန့်ဖြစ်စေမယ့် မဟုတ်မမှန် သတင်းတွေလွှင့်ခြင်း မပြုလုပ်ကြဖို့ မီဒီယာတွေမှာ ထုတ်ပြန်အသိပေးလျက်ရှိသလို ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်တဲ့ ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုတွေ၊ ဆွေးနွေးခန်းတွေ၊ ပြည်သူတွေ သတိပြုလိုက်နာဆောင်ရွက်ဖို့ အသိပေးမှုတွေ၊ ဒီရောဂါဆိုင်ရာ ဖြစ်ပေါ်နေတဲ့အခြေအနေတွေကို နိုင်ငံပိုင်မီဒီယာကတစ်ဆင့် ထုတ်ပြန်ပေးလျက်ရှိ**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလက်ကမ်းစာစောင်နှင့် ပညာပေးပိုစတာများဖြန့်ဝေ

ဂန့်ဂေါ မေ ၂၇

ဂန့်ဂေါခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများသည် ယနေ့နံနက် ၈ နာရီက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လက်ကမ်းစာစောင်များနှင့် ပညာပေးပိုစတာများကို ဂန့်ဂေါမြို့ စည်ပင်သာယာပျံ့ကျဈေး၌ အသိပညာပေးဖြန့်ဝေခဲ့ကြသည်။

အဆိုပါ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့်ပတ်သက်၍ "ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ လက်ကမ်းစာစောင်များနဲ့ ပိုစတာများကို မြို့ပေါ်ရှိ ရပ်ကွက်များအားလုံး၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များ၊ ဌာနဆိုင်ရာရုံးများအားလုံးကို ဖြန့်ဝေခြင်းဆောင်ရွက်ပါတယ်။ စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာ ပြည်သူသို့ အသိပေးပန်ကြားလွှာနဲ့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်တွေကို အသံချဲ့စက်တွေနဲ့ လှည့်လည်ကြေညာခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ အောင်မြင်၊ ပိတောက်ကုန်း၊ အနောက်ဂန့်ဂေါကျေးရွာနှင့် ရှုံးရှီကျေးရွာများကို ကွင်းဆင်းသွားရောက် ဖြန့်ဝေဆွေးနွေးခဲ့ပါတယ် " ဟု ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဦးက ပြောသည်။

ထိုသို့ဆောင်ရွက်ရာတွင် စည်ပင်သာယာ ယာယီပျံ့ကျဈေးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဉာဏ်ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

ထင်အောင်နိုင်(ပြန်/ဆက်)



မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ ဝေဘာဂီအထူးကုဆေးရုံကြီးသို့ အလှူငွေများ လှူဒါန်း

ရန်ကုန် မေ ၂၇

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အလှူငွေနှင့်စောင်များ လှူဒါန်းခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီတွင် "World Intellectual Property Day 2020" ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်း၊ ဒုဥက္ကဋ္ဌ ဒေါ်ဆွေဇင်ထိုက်၊ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်ဦးနှင့် ရုံးအဖွဲ့မှူးတို့က အလှူငွေကျပ်သိန်း ၂၀ နှင့် (ဦးငွေအောင်) - ဒေါ်တင်ဥမ္မာထွန်း မိသားစုက စောင်အထည် ၅၀ ကို မြောက်ဥက္ကလာပ ဝေဘာဂီအထူးကုဆေးရုံကြီးသို့ လာရောက်လှူဒါန်းကြသည်။

ထိုသို့ လှူဒါန်းခြင်းကို မြောက်ဥက္ကလာပ ဝေဘာဂီအထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်အေးအေး အောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

နီနီပို

## မင်းဘူးမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ကိုဗစ် -၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသုံးအဆောင်ပစ္စည်းများ လှူဒါန်း

မင်းဘူး မေ ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ကိုဗစ် -၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသုံးအဆောင် ပစ္စည်းများလှူဒါန်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက ခရိုင်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ လာရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။



မင်းဘူးမြို့တွင် ကိုဗစ် -၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ဆေးရုံသုံး ပစ္စည်းများအား အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ အရာရှိ၊ အရာခံ၊ အကြပ် စစ်သည်များက တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၁၀၀၊ N 95 နှာခေါင်းစည်း အခု ၁၀၀၊ ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း အခု ၃၀၀၀ ၊ Goggle မျက်မှန်အခု ၁၀၀၊ ခွဲစိတ်ခန်းသုံး လက်အိတ် ၁၀ သေတ္တာတို့ကို လာရောက်လှူဒါန်းခဲ့ကြောင်း မင်းဘူး မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးမှ သိရ သည်။

ထိုကဲ့သို့ လာရောက်လှူဒါန်း မှုများကို ခရိုင်ပြည်သူ့ဆေးရုံကြီးမှ သက်ဆိုင်ရာ ဆရာဝန်ကြီးများက လက်ခံရယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့ ကြသည်။ အဆိုပါ လှူဒါန်းမှုများကို ကုသရေးလုပ်ငန်းများတွင် လိုအပ် လျက်ရှိသည့်နေရာများသို့ အချိန်နှင့် တစ်ပြေးညီ ဖြန့်ဝေဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း မင်းဘူးမြို့ ခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ တင့်ခိုင်ထံမှ သိရသည်။

ကျော်စိုးဝင်း(မင်းဘူး)



မေ ၂၆ ရက် က ရေဆင်းနယ်မြေရဲစခန်းမှ ဒုရဲအုပ်စိုးသူလွင်နှင့် အဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ကြပ်ကြီး ထွန်းထွန်း နိုင်နှင့်အဖွဲ့က ရေဆင်းဈေးရှေ့ ရန်ကုန်- မန္တလေး ပြည်ထောင်စုလမ်းမကြီးတွင် သွားလာနေသော ဆိုင်ကယ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအတိုင်း မောင်းနှင်ရန်နှင့် နှာခေါင်းစည်းတပ်၍ မောင်းနှင်ကြရန် အသိပညာပေး ဆောင်ရွက် စဉ်။ ဝေမင်းသူ(ကြေးမုံ)

## ကော့ကရိတ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင် ကြက်ခြေနီပါဝင်ဆောင်ရွက်

ရန်ကုန် မေ ၂၇

တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်း များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ ရာ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီစေတနာ လုပ်အားရှင်များက လွှတ်တော်ကိုယ်စား လှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီး ဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းများ၊ မြို့မိ မြို့ဖများ၊ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ မေ ၂၂ ရက်မှစ၍ ကော့ကရိတ်မြို့ရှိ ယာယီပြောင်းရွှေ့ ဖွင့်လှစ်ထားသည့် လေဟာ ပြင်ဈေးအတွင်း ဈေးရောင်း ဈေးဝယ်ပြည်သူ များအား ရောဂါကာကွယ်ရေးနည်းလမ်းများ အသိပညာပေးခြင်း၊ နှာခေါင်းစည်းများဖြန့်ဝေ ခြင်း၊ စတေကာနှင့်ပိုစတာများကိုထင်သာ၊ မြင်သာရှိသော နေရာများတွင်ကပ်ခြင်း၊ ဆောင်ရန်/ ရှောင်ရန် အချက်များကို နှိုးဆော် အသိပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြ သည်။



### ဆောင်ရွက်

ထို့အတူ ကယားပြည်နယ်အတွင်းရှိ မြို့နယ်ကြက်ခြေနီအသင်းခွဲများမှ ကြက်ခြေနီ စေတနာလုပ်အားရှင်များကလည်း မေ ၂၅ ရက်က ဘောလခဲမြို့ရှိ လူအများသွားလာ နိုင်သောနေရာများ၊ ဖရူဆိုမြို့နယ်ရှိ ထီးဒီးကူး၊ ဒေါခရောခူ၊ မိုဆိုကျေးရွာတို့တွင် ရောဂါကာ ကွယ်ရေးအသိပညာပေးခြင်း၊ ပိုစတာကပ်ခြင်း တို့ကို ဆောင်ရွက်ခဲ့ကြသည်။

### ဖြန့်ဝေ

အလားတူ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီ စေတနာလုပ်အားရှင်များကလည်း မျက်နှာကာ (face shield) ၃၂၀ နှင့် နှာခေါင်းစည်း ၂၅၀ တို့ကို သာပေါင်းမြို့နယ် စစ်ပင်ကြီးကျေးရွာတွင် ဖြန့်ဝေပေးခဲ့ကြ သည်။

ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အလှူရှင်များ၏ပံ့ပိုးမှုများနှင့်အတူ ဒေသ အသီးသီးရှိ ကြက်ခြေနီအသင်းခွဲများမှ ကြက်ခြေနီ စေတနာလုပ်အားရှင်များသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဆက်လက်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်မောင်မျိုး

## ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် မြန်မာရွှေ့ပြောင်းလုပ်သားများအတွက် မြဝတီမြို့၌ ကန့်သတ်စောင့်ကြည့်ရေးစခန်း ၁၀ ခု ကြိုတင်ပြင်ဆင်ထားရှိ

မြဝတီ မေ ၂၇

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအနေဖြင့် မေလ ပထမပတ်မှစပြီး မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာမည်ဖြစ်သည့်အတွက် ပြန်လည်ဝင်ရောက်လာသူများအား ၂၁ ရက် ကန့်သတ်စောင့်ကြည့်ရန်အတွက် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်း ၁၀ ခု ကြိုတင် ပြင်ဆင်ထားရှိပြီးဖြစ်ကြောင်း မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်ထံမှ သိရသည်။

စီစဉ်ထားရှိသည့် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများမှာ ရွှေမြဝတီစခန်း၊ အထက(၁)၊ ကျောက်လုံးကြီး၊ လေးကေ့ကော်၊ MOU၊ သဃ်န်းညီနောင်၊ သဘာဝတရားရိပ်သာ၊ ထီးမယ်ဝါးခီး၊ အထကခွဲ(၁)၊ ထာဝရနှစ်သစ်ကူးကွင်းတို့ဖြစ်ပြီး စုစုပေါင်းလူဦးရေ နှစ်ထောင်ခန့် ထားရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာမည့်သူများအနေဖြင့် အသွားအလာကန့်သတ်စောင့်ကြပ်မှုကို မဖြစ်မနေခံယူရမည်ဖြစ်ပြီး ကြည်ဖြူစွာလက်ခံပါမည်ဟု ဝန်ခံကတိလက်မှတ်ရေးထိုးရမည် ဖြစ်ကြောင်း မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ပြောသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ မေ ၂၆ ရက်က ပြည်သူများအားအသိပေး တင်ပြခြင်းနှင့် ပန်ကြားခြင်းကြေညာချက်အရ မြန်မာနိုင်ငံအနေဖြင့် အသွားအလာစောင့်ကြပ် ကြည့်ရှုသည့် နေရာပေါင်း ၇၀၂၀ ခန့်ရှိပြီး စုစုပေါင်း အသွားအလာစောင့်ကြပ်ကြည့်ရှုခံရသူ ၄၂၆၇၁ ဦးခန့် ရှိကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)





# ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ အလှူငွေများ လာရောက်လှူဒါန်း

**တောင်ကြီး မေ ၂၇**

ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်ရည်ရွယ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ယနေ့ မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိသည်။

ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းများနှင့် ကုမ္ပဏီများက အလှူငွေကျပ် ၁၀၂ ဒသမ ၃ သိန်း ပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က လက်ခံရယူ၍ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေးကျင်းပ

**ပဲခူး မေ ၂၇**

ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ မေ ၂၆ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အဖွဲ့ဝင်များဖြစ်သည့် တိုင်းဒေသကြီးဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ကော်မတီဝင်များက စက်ရုံ အလုပ်ရုံများ ဖွင့်ခွင့်၊ ပိတ်ခွင့်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များ၊ ကန့်သတ်စောင့်ကြည့်မှုများ၏ လုပ်ငန်းကိစ္စရပ်များ၊ အရေးယူအပြစ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ညမထွက်ရ အမိန့်ထုတ်ပြန်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ လုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ထောက်ပံ့ရေးပစ္စည်းဖြန့်ဝေပြီးစီးမှု အခြေအနေများ၊ စားသောက်ကုန်ဈေးနှုန်းထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များ စသည်တို့အပြင် အထွေထွေကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ကဏ္ဍအလိုက် ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးလျက်ရှိရာ မေ ၂၆ ရက် မွန်းတည့် ၁၂ နာရီအထိ ပဲခူးခရိုင်အတွင်းရှိ ကန့်သတ်စောင့်ကြည့်နေရာ ၁၄၅ ခု၌ ပြည်ပမှပြန်လာသူ မြန်မာနိုင်ငံသား ၆၆၈ ဦး၊ တောင်ငူခရိုင်အတွင်းရှိ ကန့်သတ်စောင့်ကြည့်နေရာ ၁၅၆ ခု၌ ပြည်ပမှပြန်လာသူ မြန်မာနိုင်ငံသား ၉၇၄ ဦး၊ ပြည်ခရိုင်အတွင်းရှိ ကန့်သတ်စောင့်ကြည့်နေရာ ၁၉၆ ခု၌ ပြည်ပမှပြန်လာသူ မြန်မာနိုင်ငံသား ၅၀၀၊ သာယာဝတီခရိုင်အတွင်းရှိ ကန့်သတ်စောင့်ကြည့်နေရာ ၃၈ ခု၌ ပြည်ပမှပြန်လာသူ မြန်မာနိုင်ငံသား ၃၉ ဦး စုစုပေါင်း ပဲခူးတိုင်းဒေသကြီးအတွင်း ကန့်သတ်စောင့်ကြည့်နေရာ ၅၃၅ ခု၌ ပြည်ပမှပြန်လာသူ မြန်မာနိုင်ငံသား ၂၁၇၂ ဦးရှိပြီး သံသယလူနာအဖြစ် သက်ဆိုင်ရာဆေးရုံများတွင် ငါးဦး တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ဈေးရောင်းချသူများ နှာခေါင်းစည်း၊ လက်အိတ်ဝတ်ဆင်ရောင်းချရန်နှင့် ဈေးဝယ်သူများကို နှာခေါင်းစည်းဝတ်ဆင်ရေး ပညာပေးစစ်ဆေး

**မြိတ် မေ ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ဈေးများ၌ လူစုလူဝေးမဖြစ်စေရေး၊ စားကုန်များ စနစ်တကျရောင်းချဝယ်ယူနိုင်ရေးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး မေ ၂၇ ရက် နံနက်ပိုင်းက သီဟဖေယျာ(မြို့သစ်) ဈေးအတွင်းအပြင်၌ ဈေးရောင်းချသူများ နှာခေါင်းစည်း၊ လက်အိတ်ဝတ်ဆင်ရောင်းချရန်နှင့် ဈေးဝယ်သူများအား နှာခေါင်းစည်းဝတ်ဆင်ရေး ပညာပေးစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ပညာပေးစစ်ဆေးခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြပြီး ဈေးရောင်းချသူများအား ဈေးရောင်းချနေစဉ် နှာခေါင်းစည်းနှင့် လက်အိတ်ဝတ်ဆင်ဆောင်ရွက်ရန် ပညာပေးကာ လက်အိတ်မရှိသူများကို လက်အိတ်အခမဲ့ဝေငှခဲ့ကြသည်။

ထို့အတူ ဈေးရောင်းချသူနှင့် ဈေးဝယ်သူများမှ နှာခေါင်းစည်း မဝတ်ဆင်သူများကို သတ်မှတ်ထားသည့် ဒဏ်ကြေးငွေကျပ် ၅၀၀၀ ဒဏ်ရိုက်ပြီး နှာခေါင်းစည်း ၁၀ ခု ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေရန် ဆောင်ရွက်



**မုံရွာ မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ငါးမြို့နယ်သို့ ပြည်တွင်းဖြစ်နှာခေါင်းစည်းအခုရေ ၇၀၀၀၀ ကို အခမဲ့အဖြစ် ယနေ့ စတင်ပေးပို့ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ တိုင်းဒေသကြီး အမှုဆောင်အရာရှိ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က ပြောသည်။

တန်ဖိုးနည်း နှာခေါင်းစည်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ရွှေကနုတ်အထည်ချုပ်လုပ်ငန်း၊ နန်းနုအထည်ချုပ်လုပ်ငန်းတို့နှင့် ချိတ်ဆက်ပူးပေါင်း၍ နေရာလေးနေရာခွဲပြီး အပ်ချုပ်စက် အလုံး ၂၀၀ ဖြင့် ချုပ်လုပ်လျက်ရှိကြောင်း သိရသည်။

"အခုထုတ်တဲ့ တန်ဖိုးနည်း နှာခေါင်းစည်းတွေက လျှော်ဖွပ်ပြီး ပြန်လည်အသုံးပြုနိုင်သလို ထုတ်လုပ်ပြီး နှာခေါင်းစည်းတွေကို ကျန်းမာရေးဦးစီးဌာနနဲ့ ချိတ်ဆက်ပြီး ပိုးသတ်တာတွေ လုပ်ဆောင်ပြီးမှ တစ်ခုကို ငွေကျပ်၁၂၅ ကျပ်နှုန်းနဲ့ သက်ဆိုင်ရာမြို့နယ်က စည်ပင်သာယာရေးကော်မတီတွေမှာ ဝယ်ယူနိုင်အောင်လို့လည်း စီစဉ်ပေးထားမယ်။ အခုလောလောဆယ် အခုရေ၃၀၀၀၀ ကိုတော့ အခမဲ့ဖြန့်ဝေပေးမှာ ဖြစ်ပါတယ်။ ပထမအသုတ်အနေနဲ့ အရေးကြီးတဲ့ နေရာတွေကို ဒီကနေ့မှာ စတင်ပို့ပေးနေပါပြီ" ဟု တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ တိုင်းဒေသကြီးအမှုဆောင်အရာရှိ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုအရ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှ ဦးဆောင်ထုတ်လုပ်သည့် ပြည်တွင်းဖြစ် တန်ဖိုးနည်း နှာခေါင်းစည်းအခုရေ ၇၀၀၀၀ ကို အခမဲ့ဖြန့်ဝေနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင် မင်းကင်းမြို့သို့ အခု ၅၀၀၀၊ ကလေးမြို့သို့ အခု ၄၀၀၀၀၊ ကလေးဝမြို့သို့ အခု ၅၀၀၀၊ စစ်ကိုင်းမြို့သို့ အခု ၁၀၀၀၀ နှင့် တမူးမြို့သို့ အခု ၁၀၀၀၀ တို့ကို ပထမအသုတ်အဖြစ် စတင်ပေးပို့ခဲ့ကြောင်းနှင့် ကျန်ရှိသောမြို့နယ်များသို့လည်း ဆက်လက်ပေးပို့သွားနိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး (ဖေယျာတိုင်း)**

# ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးအတွက် ငွေကျပ်သိန်း ၄၀ လှူဒါန်း

**ရန်ကုန် မေ ၂၇**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ကာကွယ်ကုသရေးလုပ်ငန်းစဉ်များ၌ အသုံးပြုနိုင်ရန် အလှူငွေပေးအပ်ပွဲကို မေ ၂၆ ရက်က အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် ဇီးအုံကုန်းကရင်နှစ်ခြင်းအသင်းတော်မှ ငွေကျပ်သိန်း ၃၀၊ ကြို့ကုန်းအရှေ့ရပ်ကွက် မဟာသုခိတာလမ်းနေ ဦးသန်းဦးမိသားစု (Best Battery) မှ ငွေကျပ်ငါးသိန်းနှင့် မိခင်ဖြစ်သူ ဒေါ်ခင်ခင်သန်းက ငွေကျပ်ငါးသိန်း စုစုပေါင်းငွေကျပ်သိန်း ၄၀ ကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



❖ **ဆီဆိုင်မြို့မှ**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်မိုးခိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသီဟန်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်လဝကဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ပညာရေးဌာန၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းပါဝင်သောအဖွဲ့က ဆီဆိုင်မြို့အဝင်ပေါက်တွင် ဖြတ်သန်းသွားလာသော ရဟန်းရှင်လူမိဘပြည်သူများအား လက်ဆေးဆပ်ပြာရည်ဖြင့် လက်ကိုစနစ်တကျဆေးကြောပေးခြင်း၊ အပူချိန်တိုင်းကိရိယာဖြင့် ကိုယ်အပူချိန်များတိုင်းတာစစ်ဆေးခြင်း၊ ရပ်ဝေးမှ ဝင်ရောက်လာသည့် ပြည်သူများအား စနစ်တကျမှတ်တမ်းကောက်ယူခြင်းနှင့် "နေ့စဉ်ဘဝမှာ ခပ်ခွာခွာနေပါ" နှင့် "ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မောင်တို့မယ်တို့လိုက်နာစို့" စသည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆီဆိုင်မြို့အဝင်ပေါက်တွင် ကျန်းမာရေးစစ်ဆေးပေးခြင်းလုပ်ငန်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

## ဆန်စက်လုပ်ငန်းများ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိ/မရှိ ဝါးခယ်မ၌ စစ်ဆေး

**ဝါးခယ်မ ဧပြီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းရှိ ဆန်စက်လုပ်ငန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိ/မရှိကို ယနေ့ နံနက် ၁၀ နာရီက တာဝန်ရှိသူများက လိုက်လံစစ်ဆေးခဲ့သည်။



မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်မော်အောင်နှင့် ကော်မတီအဖွဲ့ဝင်များက ဆန်စက်လုပ်ငန်းများ၌ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားချက်များနှင့်အညီ အလုပ်ခွင်တစ်ခုတွင် အလုပ်သမားတစ်ဦးနှင့်တစ်ဦးအကြား ခြောက်ပေခွာထားရှိခြင်း၊ ခြောက်ပေတိကျသော အကွာအဝေးရှိစေရန် ကြမ်းပြင်ပေါ်တွင် အမှတ်အသားပြုလုပ်ထားခြင်း၊ အလုပ်သမားများအား မျက်နှာချင်းဆိုင် အလုပ်မလုပ်စေဘဲ ဘေးတိုက်သာ နေရာချထားပြီး အလုပ်လုပ်စေခြင်း၊ အလုပ်သမားများကို အဆိုင်းများခွဲ၍ အလုပ်လုပ်စေခြင်း၊ အလုပ်သမားများ အလုပ်တက်၊ ဆင်းချိန်နှင့် ထမင်းစားချိန်တွင် အဆိုင်းအလိုက် ထမင်းစားချိန် လွှဲပြောင်းပေးခြင်း၊ အလုပ်သမားများကို နှာခေါင်းစည်းများနှင့် လက်အိတ်များ မဖြစ်မနေဝတ်ဆင်စေခြင်း စသည်တို့ လုပ်ဆောင်ထားရှိမှု ရှိ/မရှိ စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ**
**(ပြန်/ဆက်)**



## ပညာပေးလုပ်ငန်းများတွင် လူငယ်လုပ်အားပေးများ ပူးပေါင်းပါဝင်

**ဟားခါး ဧပြီ ၂၇**

ချင်းပြည်နယ် ဟားခါးမြို့၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးကာလအတွင်း အသိပညာပေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ဌာနဆိုင်ရာများနှင့်အတူ ချင်းပြည်နယ် လူငယ်ရေးရာကော်မတီမှ လူငယ်လုပ်အားပေးများ ပူးပေါင်း၍ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ညွှန်ကြားချက်များကို ပြည်သူများသိရှိလိုက်နာစေရေး ဆွေးနွေးပြောကြားခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဟားခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်သော ဆက်စပ်ဌာနများ၊ ချင်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် လူငယ်လုပ်အားပေးများပါဝင်သော ပူးပေါင်းအဖွဲ့များသည် ဟားခါးမြို့အတွင်း နေရာခြောက်နေရာတွင် အစုအဖွဲ့ ခြောက်ဖွဲ့ခွဲ၍ မြို့အတွင်း ခရီးသွားလာနေသော ပြည်သူများအား မလိုအပ်ဘဲ အိမ်ပြင်မထွက်ကြရန်၊ မဖြစ်မနေ အိမ်အပြင်ထွက်ရပါက နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်အသုံးပြုရန်နှင့် လိုက်နာမှုမရှိသောသူများကို ကူးစက်ရောဂါထိန်းချုပ်ရေး ဥပဒေပုဒ်မ(၁၅) ဖြင့် တရားစွဲဆို အပြစ်ပေးအရေးယူမည်ဖြစ်ကြောင်း အသိပညာပေးဆောင်ရွက်လျက်ရှိသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

# အနုပညာ

## စွန့်စားခန်းရုပ်ရှင်သစ်မှာ ပါဝင်သွားမယ့် ရိုင်ယန်ရေးနော့ဗ်

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ မင်းသား ရိုင်ယန်ရေးနော့ဗ်ဟာ အချိန်ပြောင်းလဲမှုတွေ ပါဝင်နေတဲ့ စွန့်စားခန်းရုပ်ရှင်သစ်မှာ ပါဝင်သွားမှာဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



အသက် ၄၃ နှစ်အရွယ်မင်းသားရိုင်ယန်ရေးနော့ဗ်ဟာ ဒါရိုက်တာ ဆွမ်းလက်ဗီ ရိုက်ကူးသွားမယ့် ရုပ်ရှင်သစ်မှာ ပါဝင်သွားမှာဖြစ်ပြီး ရုပ်ရှင်ရဲ့အမည်ကိုတော့ လတ်တလောအချိန်အထိ ထုတ်ဖော်ပြောကြားခြင်း မရှိသေးဘူးလို့လည်း သိရပါတယ်။ အဆိုပါ ရုပ်ရှင်ကို ရိုင်ယန်ရေးနော့ဗ်နဲ့ ဆွမ်းလက်ဗီတို့လည်း ထုတ်လုပ်သူတွေအဖြစ် ပါဝင်သွားမှာဖြစ်ပါတယ်။

ဒီရုပ်ရှင်မှာ ရိုင်ယန်ရေးနော့ဗ်ပါဝင်ထားတဲ့ ဇာတ်ကောင်ဟာ သူ့အသက် ၁၃ နှစ်အရွယ်ကို အချိန်တွေပြန်လှည့်ကာ ပြန်လည်ရောက်ရှိခဲ့သူဖြစ်ပါတယ်။ အချိန်တွေကို နောက်ကြောင်းပြန်ရင်းက လက်ရှိဘဝကို ကူညီနိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ ဒီဇာတ်လမ်းကိုတော့ ဂျွန်နသန်ထရူပါက ရေးသားထားတာဖြစ်ပြီး ၂၀၁၂ ခုနှစ်ကတည်းက စတင်ဖန်တီးနေတဲ့ ဇာတ်လမ်းဖြစ်ကာ ယခင်က အဆိုပါရုပ်ရှင်မှာ မင်းသား တွမ်ခရူးဇ်ကို သရုပ်ဆောင်နေရာတစ်နေရာမှာပါဝင်ဖို့ရာ လျာထားခဲ့ဖူးကြောင်းလည်း သိရပါတယ်။

အဆိုပါရုပ်ရှင်ကို ဇူလိုင် ၄ ရက်မှာ စတင်ရုံတင်သွားဖို့ရာ စီစဉ်ထားခဲ့ပေမယ့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုတွေကြောင့် ရုံတင်ရက်ကို ဒီဇင်ဘာ ၁၁ ရက်သို့ ပြောင်းလဲသတ်မှတ်လိုက်ကြောင်းလည်း သိရပါတယ်။



## တေးယွန်ရဲ့ တေးသီချင်းသစ် လာမယ့်လအတွင်း ထုတ်လွှင့်မည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Girls’ Generation ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တေးယွန်ရဲ့ တေးသီချင်းသစ်ကို လာမယ့် မေလအတွင်း စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တေးယွန်ဟာ တေးသီချင်းသစ် Happy ကို ပြီးခဲ့တဲ့ မတ် ၉ ရက်က စတင်ထုတ်လွှင့်ဖို့ရာ စီစဉ်ထားခဲ့ပေမယ့် တေးသီချင်းထုတ်လွှင့်မယ့်ရက်မှာ ဖခင်ဖြစ်သူ ကွယ်လွန်ခဲ့တာကြောင့် ထုတ်လွှင့်မှုကို ရွှေ့ဆိုင်းခဲ့တာ ဖြစ်ပါတယ်။

ဧပြီ ၂၇ ရက်မှာ အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အက်စ်အမ်အင်တာတိန်းမန့်က တေးယွန်ရဲ့ တေးသီချင်းသစ်ကို လာမယ့် မေ ၄ ရက်မှာ စတင်ထုတ်လွှင့်သွားမှာကြောင်း အတည်ပြုပြောကြားခဲ့တာဖြစ်ပါတယ်။ အဆိုပါတေးသီချင်းမှာ ကိုယ်ချစ်ခင်ရသူတစ်ဦးနဲ့ တွေ့ဆုံစဉ် စိတ်လှုပ်ရှားမှုနဲ့ ပျော်ရွှင်ရမှုတွေကို ဖွဲ့သီထားတာဖြစ်ကြောင်းလည်း သိရပါတယ်။

## လက်ထပ်လိုက်ပြီဖြစ်တဲ့ ဘတ်ဆန်ယွန်း

တောင်ကိုရီးယားမင်းသားတစ်ဦးဖြစ်သူ ဘတ်ဆန်ယွန်းဟာ လတ်တလောမှာ လက်ထပ်လိုက်ပြီဖြစ်ပါတယ်။ သူ့ရဲ့ သတို့သမီးကတော့ အနုပညာ အသိုင်းအဝိုင်းမှမဟုတ်ဘဲ ချစ်သူသက်တမ်း လေးနှစ်ခန့်အကြာမှာ လက်ထပ်လိုက်တာဖြစ်ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဧပြီ ၂၅ ရက်မှ ဘတ်ဆန်ယွန်းဟာ မိသားစုတွေ၊ ရင်းနှီးတဲ့မိတ်ဆွေအနည်းငယ်နဲ့ မင်္ဂလာပွဲကို အကျဉ်းချုံးကျင်းပခဲ့တာပါ။ လက်ထပ်လိုက်တဲ့သတင်းကို မင်းသားက ဧပြီ ၂၇ ရက်မှာ သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပြီး မင်္ဂလာဓာတ်ပုံတွေကိုလည်း ထုတ်ဖော်ပြသခဲ့ပါတယ်။

ဘတ်ဆန်ယွန်းက သူ့အနေနဲ့ လက်ထပ်ပြီးဖြစ်တယ်ဆိုတာ မယုံနိုင်ဖြစ်နေရကြောင်း၊ အနာဂတ်မှာ ပိုမိုကောင်းမွန်တဲ့ သရုပ်ဆောင်တစ်ဦးအဖြစ် ဆက်လက်ရပ်တည်သွားမှာဖြစ်ကြောင်း လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ထည့်သွင်းရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။



**အေးပြည့် - စုစည်းသည်**

# အသစ်ရောက်ရှိလာသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုစက် မေလပထမပတ်တွင် လည်ပတ်အသုံးပြုနိုင်မည်

**ရန်ကုန် ဧပြီ ၂၇**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ AA Medical Products Ltd မှ လှူဒါန်းထားသော ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဓာတ်ခွဲစစ်ဆေးမှုများပြုလုပ်နိုင်သည့် Cobas 6800 စက်ကို ဧပြီ ၂၄ ရက်တွင် စတင်တပ်ဆင်လျက်ရှိရာ ယခုအခါ ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဧပြီ ၂၆ ရက်တွင် သတင်းထုတ်ပြန်ကြေညာသည်။

ယင်းစက်သည် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရာတွင်အရေးပါသည့် စက်ကြီးဖြစ်ပြီး ရောဂါပိုးရှိ-မရှိအတည်ပြုစစ်ဆေးပေးနိုင်မည်ဖြစ်သည်။

တပ်ဆင်မှုလုပ်ငန်းများ ပြီးဆုံးသည့်အခါ အရည်အသွေးပြည့်ဝမှုစစ်ဆေးခြင်း (Quality Control and Laboratory Management Information) ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ စစ်ဆေးမှုများ စနစ်တကျပြုလုပ်ပြီးနောက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) တွင် လက်ရှိဆောင်ရွက်နေသည့် (Standard PCR) ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများနှင့် ပြိုင်တူစစ်ဆေးမှု (Parallel Testing) များကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Cobas 6800 စက်ကို မေလ ပထမပတ်တွင် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများ စတင်ပြုလုပ်နိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ အဆိုပါ စက်ကို ၈ နာရီကြာ လည်ပတ်အသုံးပြုလျှင် ဓာတ်ခွဲနမူနာပေါင်း ၃၈၄ ခုကို စစ်ဆေးနိုင်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ယခုအခါ စောင့်ကြည့်လူနာများအားလုံး၊ ဓာတ်ခွဲ အတည်ပြုလူနာနှင့် နီးကပ်ထိတွေ့ခဲ့သူများအားလုံးနှင့် အသွားအလာ ကန့်သတ်ထားသူများအနက်မှ သတ်မှတ်ရာခိုင်နှုန်းတို့ကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ-မရှိ ဓာတ်ခွဲစစ်ဆေးလျက်ရှိရာ အဆိုပါ Cobas 6800 စက်ကို အသုံးချ၍ အရေအတွက် ပိုမိုစစ်ဆေးနိုင်တော့မည်ဖြစ်သည်။ **မြင့်မောင်**




# နယူးဇီလန်သံရုံးမှ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံနှင့် နှာခေါင်းစည်းများလှူဒါန်း

**မန္တလေး ဧပြီ ၂၇**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)နှင့် စေတနာရှင် ဆရာဝန်များပူးပေါင်း၍ မန္တလေးခရိုင် အောင်မြေသာစံမြို့နယ် ၁၂ လမ်းရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနဝင်းအတွင်းတွင် ဖျားနာရောဂါ စစ်ဆေးကုသသည့် အခမဲ့ဆေးခန်းထပ်မံဖွင့်လှစ်နိုင်ရေးအတွက် ယနေ့ နံနက် ၉ နာရီက ပြင်ဆင်ဆောင်ရွက်မှုများကို အသင်းဥက္ကဋ္ဌ ဒေါက်တာခင်မောင်မြင့်နှင့် အမှုဆောင်များက ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) MMA COVID-19 Response Team သို့ ရန်ကုန်မြို့ရှိ နယူးဇီလန်သံရုံးမှ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၃၀၀၊ နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းပွဲကို ရတနာပုံခန်းမတွင်ကျင်းပရာ မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်မြင့်နှင့် အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) နှင့် စေတနာရှင်ဆရာဝန်များပူးပေါင်းကာ ဖျားနာကုဆေးခန်း Fever Clinic ကို ချမ်းမြသာစည်မြို့နယ် ထွန်းတိုး ဒေသန္တရဆေးခန်းကို နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖွင့်လှစ်ပြီး ဖျားနာလူနာများအား အခမဲ့ကျန်းမာရေးစစ်ဆေးကုသပေးလျက်ရှိသည်။ **မောင်ပြည်သူ(မန္တလေး)**



# တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၅ စုံနှင့် ဆေးရုံသုံးပစ္စည်းများလှူဒါန်း

**တောင်တွင်းကြီး ဧပြီ ၂၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အခြေခံလေ့ကျင့်ရေးတပ်မှ ဆေးရုံသုံးအထောက်အကူပြုပစ္စည်းများကို မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ယနေ့ နံနက် ၉ နာရီက ဒုတိယအကြိမ်အဖြစ် လာရောက်လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် အခြေခံလေ့ကျင့်ရေးတပ်မှူး ဗိုလ်မှူးကြီးကျော်သန်းဆွေက တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၅ စုံ၊ နှာခေါင်းစည်းအခု ၁၀၀၀၊ မျက်မှန်အခု ၁၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ကြည်မာက လက်ခံရယူခဲ့သည်။

**အေးမိုးမိုးမြင့်(ပြန်/ဆက်)**

# မင်းလှမြို့နယ်၌ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**မင်းလှ ဧပြီ ၂၇**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် အတွင်းရှိ ပြည်သူ့ဆေးရုံ၊ တိုက်နယ်ဆေးရုံနှင့်ကျေးလက်ကျန်းမာရေးဌာနများ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် ဆေးရုံသုံးပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

ဆေးရုံသုံးပစ္စည်းများကို နယ်မြေခံတပ်နယ်မှ တပ်ဖွဲ့ဝင်များက မင်းလှမြို့နယ် ပြည်သူ့ဆေးရုံအတွက် နှာခေါင်းစည်းအခု ၁၀၀၊ N-95 နှာခေါင်းစည်း ငါးခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀ စုံ၊ လက်အိတ် ငါးစုံ၊ မျက်မှန်ငါးခု၊ လက်သန့်ဆေးရည် နှစ်ဘူး၊ လက်ဆေးဆပ်ပြာရည် ခြောက်ဘူးတို့ကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့မရဲစခန်းမှူးတို့ထံ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ စစ်ကွင်းတိုက်နယ်ဆေးရုံနှင့် ကျန်းမာရေးဌာနခြောက်ခုတို့အတွက် ဆေးရုံသုံးပစ္စည်းများကိုလည်း ပေးအပ်လှူဒါန်းခဲ့ကြသည်။

မင်းလှမြို့နယ်အတွင်းရှိ ပြည်သူ့ဆေးရုံ၊ တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနများ၌ ဆေးရုံသုံးပစ္စည်းစုစုပေါင်း နှာခေါင်းစည်း ၄၉၀၊ N-95 နှာခေါင်းစည်း ၂၇ ခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၄၈ စုံ၊ လက်အိတ် ငါးခု၊ မျက်မှန် ၂၄ ခု၊ လက်သန့်ဆေးရည် ၁၆ ဘူး၊ လက်ဆေးဆပ်ပြာရည် ၄၈ ဘူးတို့ကို ဖြန့်ဝေလှူဒါန်းခဲ့ကြောင်းသိရသည်။

**ပေါက်စ (မင်းလှ)**

# ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအတွက် အာဟာရလှူဒါန်း

**မြောင်းမြ ဧပြီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပြင်ရွာတိုက်နယ်ဆေးရုံ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးရုံတက်လူနာများအတွက် နယ်မြေခံတပ်ရင်းမှ ယနေ့ နံနက် ၈ နာရီက စားသောက်ဖွယ်ရာ အာဟာရများ လှူဒါန်းခဲ့ကြောင်း သိရသည်။

နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်နေကြသော ကျန်းမာရေးဝန်ထမ်းများနှင့် ပြင်ရွာတိုက်နယ်ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူနေကြသော ဆေးရုံတက်လူနာများအတွက် ကြက်ဥ များ၊ နွားနို့နှင့် ပေါင်မုန့်များကို ပေးအပ်လှူဒါန်းရာ ပြင်ရွာကျေးရွာတိုက်နယ်ဆရာဝန် ဒေါက်တာရဲလင်းနောင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေး

**ရန်ကုန် ဧပြီ ၂၇**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များနှင့် ပိုစတာများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်း၍ ကျေးရွာများသို့ ဧပြီ ၂၁ ရက်မှ ၂၃ ရက်အထိ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

## ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

## လေယာဉ်ကွင်း ယာယီဈေးအတွင်း နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ



**ပူတာအို ဧပြီ ၂၇**

ကချင်ပြည်နယ် လီဆူတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးအားတီယောဟန်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းမှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေး အတွက် ယာယီပြောင်းရွှေ့ဖွင့်လှစ်ထားသည့် လေယာဉ်ကွင်း ယာယီ ပျံကျဈေးနှင့် စည်ပင်သာယာဈေး အတွင်းရှိ ဈေးရောင်းသူများနှင့် ဈေးဝယ်သူများအား နှာခေါင်းစည်း များ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

**နှာခေါင်းစည်းများဖြန့်ဝေ**

အဆိုပါ နှာခေါင်းစည်းများဖြန့်ဝေရာတွင် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအားတီယောဟန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယောဆီ၊ ခရိုင်/မြို့နယ် NLD ပါတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ကိုလွင်နှင့် စည်ပင်ဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်းဈေးဝယ်ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခဲ့ကြသည့်အပြင် စည်ပင်သာယာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

**ဖုန်ကန်(ပူတာအို)**

## ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများသို့ ဟင်းစားငါးနှင့် နှာခေါင်းစည်းများလှူဒါန်း



**ကော့သောင်း ဧပြီ ၂၇**

ကော့သောင်းမြို့၌ ကမ်းနီးအဖြူရောင် ပရဟိတအဖွဲ့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း စားသောက်ရေးကိစ္စ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည့် မြို့နေရပ်ကွက်တချို့မှ ပုံမှန်ဝင်ငွေမရှိသော မိသားစုများသို့ ဟင်းစားငါးများနှင့် နှာခေါင်းစည်းများ အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့လှူဒါန်းမှုများနှင့် ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်ပွားစေရန် အသိပညာပေးလုပ်ငန်းများ နေ့စဉ်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပင်လယ်ငါးများအား မြို့ပေါ်ရပ်ကွက်များမှ ပုံမှန်ဝင်ငွေမရှိသောမိသားစုများ စားဝတ်နေရေးအခက်အခဲဖြစ်ပေါ်နေမှုအား တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်ကြောင်း ပရဟိတအဖွဲ့ခေါင်းဆောင် ကိုသိန်းနိုင်ဦး(ကိုမိုးတိမ်) က ပြောသည်။

ကော့သောင်းမြို့ပ ရွှေဟသာရပ်ကွက်နှင့် ရွှေဇင်ယော်ရပ်ကွက်အတွင်းရှိပုံမှန်ဝင်ငွေမရှိသည့်အိမ်ထောင်စု ၅၀၀ ခန့်ကို ဧပြီ ၂၆ ရက်တွင် ဟင်းစားငါးများနှင့် နှာခေါင်းစည်းများ လိုက်လံပံ့ပိုးလှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## မကွေးမြို့နယ်၌ ကျန်းမာရေးအသိပညာပေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**မကွေး ဧပြီ ၂၇**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကြာကန်ကျေးရွာ၊ ညောင်ကန်ကျေးရွာ၊ ညောင်ပင်ရွာကျေးရွာတို့တွင် ဧပြီ ၂၅ ရက်က လမ်းသွားလမ်းလာများ၊ ဆိုင်ကယ်စီးလာသူများ၊ ကျေးရွာနေပြည်သူများအား နှာခေါင်းစည်းများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေးခြင်း၊ ကိုယ်အပူချိန်တိုင်းခြင်း၊ ဆပ်ပြာဖြင့်လက်ဆေးခြင်းတို့ ဆောင်ရွက်ရန် အသိပညာပေးခဲ့ကြသည်။

လွှတ်တော်ကိုယ်စားလှယ်များဦးဆောင်၍ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ သူနာပြုဆရာ/ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ မကွေးမြို့ပေါ်ရှိ ပရဟိတအသင်း ၁၆ သင်းတို့ ပူးပေါင်းကြကာ အဆိုပါကျေးရွာများသို့သွားရောက်ပြီး ကျေးလက်နေပြည်သူများအားလုံး ကိုဗစ်-၁၉ ရောဂါကူးစက်မှုမဖြစ်စေရန် ကြိုတင်ကာကွယ်ရေး ပူးပေါင်းကူညီလုပ်ဆောင်ကြရန်နှိုးဆော်တိုက်တွန်းခဲ့သည်ဟု သိရသည်။

**မကွေးဝင်းမောင်**



## ဆရာဝန်များ၊ စေတနာ့ဝန်ထမ်းများအား သင်တန်းပေး

**မုံရွာ ဧပြီ ၂၇**

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးတွင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ မုံရွာမြို့ လူငယ်စင်တာတွင် အခမဲ့ယာယီဆေးခန်းကို ဖွင့်နိုင်ရန် ဧပြီ ၂၆ ရက်က ဆရာဝန်များနှင့် စေတနာ့ဝန်ထမ်းများကို သင်တန်းပေးလျက်ရှိသည်။

"အခမဲ့ဆေးခန်းဖွင့်ရတာက လောလောဆယ်ဖျားပြီဆိုရင် ကိုဗစ်-၁၉ လား၊ ရိုးရိုးဖျားတာလား သိဖို့လိုတယ်။ ကိုဗစ်-၁၉ မဟုတ်ဘဲ ရိုးရိုးဖျားတဲ့သူတွေက ဆေးရုံဆေးခန်းသွားရင် ကိုဗစ်-၁၉ ကူးမလား စိုးရိမ်ကြတော့ ပြင်ပဆေးခန်းလည်း မသွားဖြစ်၊ ဆေးရုံကြီးသွားဖို့ကလည်း စိုးရိမ်ဆိုတော့ အဲဒါကိုဖြည့်ဆည်းတဲ့အနေနဲ့ ဆေးခန်းဖွင့်ဖို့စီစဉ်ကြတာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက ပြောသည်။

အခမဲ့ဆေးခန်းကို မြန်မာနိုင်ငံဆရာဝန်အသင်း (မုံရွာ)၊ စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၊ ကျန်းမာရေးဝန်ထမ်းများအပါအဝင် လူမှုကူညီရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

မုံရွာမြို့ အခမဲ့ယာယီဆေးခန်း Fever Clinic ဖွင့်ရန် SOP အသိပေးခြင်းကို ဧပြီ ၂၆ ရက် နံနက် ၁၀ နာရီခွဲက လူငယ်စင်တာတွင်ကျင်းပရာ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (မုံရွာ) ဥက္ကဋ္ဌ ဒေါက်တာသိန်းဝင်းတို့က တက်ရောက်အမှာစကားပြောကြကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## လုပ်အားပေးလူငယ်များက ကျန်းမာရေးအသိပညာပေး

**ကျောက်ပန်းတောင်း ဧပြီ ၂၇**

ကျောက်ပန်းတောင်းမြို့ လုပ်အားပေးလူငယ်များက ဈေးရောင်းဈေးဝယ်များ လူစုလူဝေးမဖြစ်စေရန် လက်ကိုင်စပီကာဖြင့် လှည့်လည်အသိပေးခြင်း၊ လက်သန့်ဆေးဖြင့် လက်ဆေးရန်ဆောင်ရွက်ပေးခြင်း၊ လူစည်ကားရာနေရာတွင် ပညာပေး ဗီနိုင်းများကပ်ခြင်းတို့ကို ဧပြီ ၂၆ ရက် နံနက် ၈ နာရီက မြို့မစည်ပင်သာယာဈေးကြီးတွင် ဆောင်ရွက်ခဲ့ကြသည်။

ကျောက်ပန်းတောင်းမြို့ လုပ်အားပေးလူငယ်အဖွဲ့ဝင် ၂၀ တို့သည် မြို့မစည်ပင်သာယာဈေးကြီးတွင် ဈေးရောင်းချနေကြသူများနှင့် ဈေးဝယ်များ လူစုလူဝေးဖြင့် ရောင်းဝယ်ခြင်းမပြုလုပ်ကြရန်နှင့် တစ်ဦးနှင့်တစ်ဦးခြောက်ပေခွာ၍ ရောင်းဝယ်ကြရန် လက်ကိုင်စပီကာများဖြင့် လှည့်လည်အသိပေးခြင်းများ ဆောင်ရွက်၍ လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါမဖြစ်ပွားစေရေး ကြိုတင်ဆောင်ရွက်ရမည့်အချက်များနှင့်ပတ်သက်သည့် ပညာပေးဗီနိုင်းများကို လူမြင်ကွင်းများတွင် ချိတ်ဆွဲပေးခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## ရှားတောမြို့၌ စေတနာ့ဝန်ထမ်းများအား သင်တန်းပို့ချ

**ရှားတော ဧပြီ ၂၇**

ကယားပြည်နယ် ရှားတောမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရန်အတွက် ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိရာ စေတနာ့ဝန်ထမ်း (လုံခြုံရေးဝန်ထမ်း၊ ကျန်းမာရေးဝန်ထမ်းနှင့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာဝန်ထမ်း)များအဖြစ် ပါဝင်ကူညီဆောင်ရွက်ပေးမည့် ပြည်သူများအား သင်တန်းပေးခြင်းကို ဧပြီ ၂၆ ရက် ည ၇ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးခန်းတွင် ဆောင်ရွက်ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူးဦးရန်နိုင်မောင်က စေတနာ့ဝန်ထမ်းများအား အားပေးစကားပြောကြားပြီး မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေအောင်ဝင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ ကူညီဆောင်ရွက်ရာတွင် ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရန်နှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ရှင်းလင်းပို့ချသည်။

**ထွန်းအောင်(ပြန်/ဆက်)**

## နှာခေါင်းစည်းမတပ်ပါက ဈေးအတွင်းသို့ ဝင်ခွင့်မပြု

**အိမ်မဲ ဧပြီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ မြို့မလူငယ်လေ့ကျင့်ရေးဘောလုံးကွင်း၌ ယာယီဖွင့်လှစ်ထားသော ဈေးအတွင်းသို့ ဈေးဝယ်လာကြသူများကို နှာခေါင်းစည်း မတပ်ပါက ဝင်ခွင့်မပြုကြောင်း၊ စစ်ဆေးမှုများကို ဧပြီ ၂၆ ရက် နံနက် ၇ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဈေးဆိုင်များကိုလည်း တစ်ဆိုင်နှင့်တစ်ဆိုင် ၁၀ ပေခြားစီ ရောင်းချဖို့ခွင့်ပြုထားပြီး ယခုလက်ရှိ ယာယီဖွင့်ထားသည့်ဈေးတွင် ဆိုင်ခန်းပေါင်း ၁၂၀ ရှိကြောင်း၊ ဈေးအဝင်ပေါက်ကို အဝင်သာလက်ခံပြီး ဈေးဝယ်ပြီးပါက ထွက်ပေါက်မှ စနစ်တကျထွက်ကြရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

## ကိုရိုနာဗိုင်းရပ်စ်ရောဂါကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**တောင်တွင်းကြီး ဧပြီ ၂၇**

ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန (မြို့မမှူးကြို) နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ခရီးသွားပြည်သူများအား ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ လိုက်နာရမည့် ကျင့်ဝတ်များ၊ ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ကာကွယ်ပါစသည့် ဆောင်ရန်၊ ရှောင်ရန် သတိပြုရန်အချက်များပါဝင်သည့် အသိပညာပေး လက်ကမ်းစာစောင် ၁၅၀ ကို မြို့လယ်လမ်းဆုံတွင် ခရီးသွားပြည်သူများ အား ယနေ့နံနက်ပိုင်းက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အေးမိုးမိုးမြင့်(ပြန်/ဆက်)**



## ကြည့်မြင်တိုင်မြို့နယ်အတွင်း ပိုးသတ်ဆေးဖျန်း


**ရန်ကုန် မေ ၂၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းစဉ်သုံးရပ်အနက်မှ ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၂၆ ရက် ညနေ၅ နာရီက ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ လမ်းမကြီးများပေါ်တွင် လိုက်လံပက်ဖျန်းပေးခဲ့သည်။

ပိုးသတ်ဆေးများ ပက်ဖျန်းရာ၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး(ဦးစီး)ဦးသိန်းထွန်းဦးနှင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူးဦးမျိုးဝင်းတို့ဦးစီးသောသန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ ဝင် ၉၀၊ ကြည့်မြင်တိုင်မြို့နယ်အခြေစိုက်အားမာန်လူငယ်ပရဟိတအသင်းဝင် ၂၀ တို့က ရေသယ်ယာဉ် ၁၀ စီးဖြင့် ပိုးသတ်ဆေးလိုက်လံဖျန်းပေးခဲ့ခြင်းဖြစ်သည်။

ပိုးသတ်ဆေး ဖျန်းရာ၌ ကြည့်မြင်တိုင်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။ **တင်ဝင်းတင်**





မေ ၂၆ ရက်က စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အတွင်း/ အပြင် နေရာများတွင် စစ်ကိုင်းခရိုင်မီးသတ်တပ်ဖွဲ့မှူး ဦးဆောင်၍ တပ်ဖွဲ့ဝင်များက ပိုးသတ်ဆေး ဖျန်းပေးစဉ်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**

## ပင်လည်ဘူးမြို့ ရွှေပင်လည်ကားဝင်းအတွင်း ဆေးဖျန်း

**ပင်လည်ဘူး မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့ ပို့ဆောင်ရေးရပ်နားစခန်းကားဂိတ်ဖြစ်သည့် ရွှေပင်လည်ကားဝင်းအတွင်း ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါပြန့်ပွားမှုမရှိစေရန်အတွက် မြို့နယ်မီးသတ်ဦးစီးဌာနက မေ ၂၅ ရက်က ကားဝင်းအတွင်း ဆေးဖျန်းခြင်းလုပ်ငန်း ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါဆေးဖျန်းဆောင်ရွက်မှုကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးနေတိုး ဦးဆောင်ကြီးကြပ်၍ ကားဝင်းအတွင်းရှိ ဈေးဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များ၊ ကားလက်မှတ်ရောင်းဝယ်ရေးအခန်းများနှင့် ကားဝင်းအတွင်း ခရီးသည် အသွားအလာများသည့် နေရာများအား ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့ကြသည်။

ပင်လည်ဘူးမြို့နှင့် အခြားမြို့များသို့ ပြေးဆွဲနေသည့် ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းများမှာလည်း ယာယီရပ်နားထားကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**



## ဒေးဒရဲမြို့၌ ပိုးသတ်ဆေးဖျန်း

**ဒေးဒရဲ မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့ အမှတ်(၁)ရပ်ကွက် လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ဖွင့်လှစ်ထားသည့်ယာယီဈေး၌ မေ ၂၅ ရက် ညနေပိုင်းက ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။

ကိုဗစ်-၁၉ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ယာယီဈေးအတွင်းပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ယာယီဈေးအတွင်းသို့ စနစ်တကျလက်ဆေးခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီးမှ ဈေးအတွင်းဝင်ရောက်ခွင့်ပြုထားပြီး ဈေးအတွင်း လူစုလူဝေးမဖြစ်ပေါ်စေရေးနှင့် သတ်မှတ်နေရာများမှ စနစ်တကျရောင်းဝယ်နိုင်ကြစေရေး စည်ပင်သာယာရေးဝန်ထမ်းများက အသိပညာပေးနှိုးဆော်လျက်ရှိသည်။

အဆိုပါ ယာယီဈေးအား နေ့စဉ် နံနက် ၅ နာရီမှ ၁၀နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ပေးလျက်ရှိသည်။

**မြင့်မြင့်ခိုင်(ပြန်/ဆက်)**



## ခမောက်ကြီးဒေသအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ခမောက်ကြီး မေ ၂၇**

ကော့သောင်းခရိုင် ခမောက်ကြီးမြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီသည် မေ ၂၅ ရက်တွင် ခမောက်ကြီးဒေသအတွင်းရှိ ထိုင်း-မြန်မာနယ်စပ်ပါကလပ်ဒေသနှင့် ထိစပ်နေသောကျေးရွာများဖြစ်ကြသည့် အောင်သာယာ၊ အေးမြသာယာ၊ ဝိုင်ဒင်း၊ အေးမြမင်္ဂလာနှင့် မြိုင်သာယာကျေးရွာငယ်တို့သို့ ကိုဗစ်-၁၉ ရောဂါ အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခမောက်ကြီးမြို့ ကိုဗစ်-၁၉ကာကွယ်ထိန်းချုပ်ကုသရေးကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူးဦးနေလင်းအောင်ဦးစီး၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပါချန်မြစ်ကျဉ်း တစ်ခုသာခြားထားသည့် တစ်ဖက်နိုင်ငံ ပါကလပ်ဒေသနှင့် ထိစပ်နေသောကျေးရွာများနှင့်အနီး တစ်ဝိုက်တွင် ဒေသခံပြည်သူများ ကျန်းမာရေးအသိရှိကြရန်၊ တစ်ဖက်နိုင်ငံမှ မိမိတို့နယ်မြေအတွင်းသို့ ခိုးဝင်၊ ခိုးထွက် မပြုလုပ်ကြဘဲ တရားဝင်ဖွင့်လှစ်ထားသည့် နယ်စပ်ဂိတ်မှသာ ဝင်/ထွက်ကြရန်၊ ည ၁၀ နာရီမှ နံနက် ၄ နာရီအတွင်း နေအိမ်ပြင်ပသို့ မထွက်ကြရန်နှင့် လူစုလူဝေးများမပြုလုပ်ကြရန် မှာကြားသည်။

**နန့်လေးလေး(ပြန်/ဆက်)**

## ညောင်တုန်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်ဆောင်ရွက်

**ညောင်တုန်း မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ရန်ကုန်-ပုသိမ်ကားလမ်းမရှိ မဲဇလီကျေးရွာအုပ်စုနှင့်ညောင်တုန်း-ရန်ကုန်ကားလမ်းမပေါ်မြို့အဝင်တို့တွင် ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရန် ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူဝင်/ထွက်စိစစ်ရန် စစ်ဆေးရေးဂိတ်များအား ဖွင့်လှစ်၍ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ညောင်တုန်းမြို့နယ်အတွင်းသို့ သွားလာနေသည့် ကုန်တင်ယာဉ်ကြီးများ၊ အိမ်စီးယာဉ်ငယ်နှင့် အရေးကြီးကိစ္စရှိ၍ ခရီးသွားထောက်ခံချက်ဖြင့် သွားလာနေသည့် အငှားယာဉ်များ၊ ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်တို့ပေါ်ရှိ ခရီးသွားပြည်သူများကို ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအနေဖြင့် ကိုယ်အပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်း၊ လူအဝင်အထွက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဂိတ်များကို မြို့နယ်အဆင့်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးကျော်သူ၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဌေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ပြီး လိုအပ်သည်များကို ကူညီပေးခဲ့ကြသည်။

ညောင်တုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူဝင်/ထွက်စိစစ်ရန် စစ်ဆေးရေးဂိတ်များတွင် ကိုယ်အပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် လူဝင်/ထွက်စစ်ဆေးခြင်းတို့ကို နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝဋ္ဌနိုင် (ညောင်တုန်း)**

# ဟားခါး-ဟာသာ-မှန်တော (ကလေး) လမ်း ဖောက်လုပ်နေမှုနှင့် ဒေါင်ဗားချောင်းတံတားတည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**ဟားခါး မေ ၂၇**
ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးသည် တာဝန်ရှိသူများနှင့်အတူ မေ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲက ချင်းပြည်နယ် ဟားခါးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် မှန်တောကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်လျက်ရှိသော ဟားခါး-ဟာသာ-မှန်တော (ကလေး) လမ်း ဖောက်လုပ်နေမှုနှင့် အဆိုပါလမ်းပေါ်ရှိ ဒေါင်ဗားချောင်းတံတား တည်ဆောက်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးသည်။

ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးသည် ဟားခါး-ဟာသာ-မှန်တော(ကလေး)လမ်းတစ်လျှောက် မြေသားလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ ချင်းပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲလင်း၊ ဟားခါးခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဉာဏ်ဖြိုးလင်းတို့က လမ်းဖောက်လုပ်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒေါင်ဗားချောင်းတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ထွေးက တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများ၊ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးက သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်အောင် ဆောင်ရွက်နိုင်ရေး မှာကြားခဲ့သည်။

အဆိုပါ ဒေါင်ဗားချောင်းတံတားကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၀၀၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၁၀၀ ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားစီမံကိန်း အမှတ် (၁) က တာဝန်ယူဆောင်ရွက်လျက်ရှိရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းပြီးစီးမှု ၅၀ ရာခိုင်နှုန်းအပါအဝင် ယနေ့အထိ တံတားတစ်စင်းလုံးပြီးစီးမှု ၈၀ ရာခိုင်နှုန်းကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားမှာ အလျား ပေ ၂၀၀၊ ဘေးတစ်ဖက်စီတွင် လူသွားလမ်းအကျယ် သုံးပေစီအပါအဝင် အကျယ်ပေ ၂၀ ရှိသံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားခံနိုင်ဝန် ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်ကာ ဟားခါးမြို့မှ ၂၆ မိုင်ခန့်၊ ကလေး-ဂန့်ဂေါလမ်းပေါ်ရှိ မှန်တောရွာမှ မိုင် ၄၀ ခန့်၊ ဟားခါးမြို့နယ်အတွင်း ဒေါင်ဗားချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည်။

အသစ်ဖောက်လုပ်လျက်ရှိသော ဟားခါး-ဟာသာ-မှန်တော (ကလေး) မြေသားလမ်းမှာ အကျယ် ၃၄ ပေ ရှိပြီး ဟားခါးမှ မှန်တော(ကလေး) အထိ ၆၆ မိုင် ရှိ၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဟားခါးခရိုင် လမ်းဦးစီးဌာနက ဟားခါးမှ ၅၅ မိုင် ၄ ဖာလုံကို တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျန်လမ်းအပိုင်းကို လမ်းအထူး (၁၂) က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။



ဒေါင်ဗားချောင်းတံတားနှင့် အဆိုပါလမ်း ဆောက်လုပ်ပြီးစီးပါက ဟားခါးမြို့မှ ကလေးမြို့သို့ မော်တော်ကားဖြင့်သွားလျှင် အချိန် ၄ နာရီခွဲခန့်သာ ကြာမြင့်တော့မည်ဖြစ်ပြီး လမ်းတစ်လျှောက်ရှိ ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် မြေသားလမ်းဖောက်လုပ်နေပြီဖြစ်ပြီး ချင်းပြည်နယ် ဟားခါးမြို့မှ ကလေးမြို့သို့ ရာသီမရွေး သွားလာနိုင်စေရန်အတွက် ကတ္တရာလမ်းဖောက်လုပ်သွားမည်ဖြစ်ကြောင်း၊ မြေသားလမ်းနှင့် ဒေါင်ဗားချောင်းတံတားအပါအဝင် လမ်းတစ်လျှောက်ရှိ တံတားငယ်များအားလုံးကို ယခုနှစ် မေလအကုန်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေါင်ဗားချောင်းတံတားမှာ အဆိုပါလမ်းပေါ်တွင် အကြီးဆုံးတံတားဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်စိုး (ပြန်/ဆက်)**

# ခန္တီးတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှု ၅၅ ရာခိုင်နှုန်းပြီးစီး

**ခန္တီး မေ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ သာစည်ရပ်ကွက်နှင့် မှန်ပင်ကျေးရွာတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၃၀၀ ဖြင့် ဆောင်ရွက်သည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်း၏ ၅၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း လုပ်ငန်း တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးဇော်ထံမှ သိရသည်။



လုပ်ငန်းပမာဏမှာ ခန္တီးမြို့ သာစည်ရပ်ကွက်တွင် H.Beam အခြေပြုကျောက်စီမြေထိန်းတမံ အလျား ၄၇၅ ပေနှင့် မှန်ပင်ကျေးရွာတွင် ကျောက်စီမြေထိန်းတမံ အလျားပေ ၂၂၀ ဖြစ်ကာ အဆိုပါခွင့်ပြုရန်ပုံငွေမှာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြစ်ပြီး လုပ်ငန်းကာလမှာ ၂၀-၂-၂၀၂၀ မှ မေ ၃၀ ရက်အထိဖြစ်သည်။

ခန္တီးမြို့သည် ချင်းတွင်းမြစ်ကမ်းနံဘေးတွင် တည်ထားသောမြို့ဖြစ်ပြီး မြစ်ရေကြီးခြင်းဒဏ်ကို နှစ်တိုင်းလိုလို ခံစားနေရကြောင်း၊ ခန္တီးမြို့၏ စိုးရိမ်ရေမှတ်မှာ ၁၃၆၀ စင်တီမီတာဖြစ်ပြီး အဆိုးရွားဆုံးနှစ်များမှာ ၁၉၉၁ ခုနှစ်တွင် စိုးရိမ်ရေမှတ် ၁၇၇၁ စင်တီမီတာ၊ ၁၉၉၇ ခုနှစ်တွင် ၁၇၅၄ စင်တီမီတာနှင့် ၂၀၁၅ ခုနှစ်တွင် ၁၅၅၆ စင်တီမီတာထိ မြင့်တက်ခဲ့ကြောင်းနှင့် ၂၀၁၇ ခုနှစ်တွင် တာပေါင်မြှင့်တင်ခြင်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**အမ်းအင်းလမ်း (ပြန်/ဆက်)**

# အပေါ့စားမီးသတ်စက်နှင့် ဆက်စပ်ပစ္စည်းများ လွှဲပြောင်းပေးအပ်

**ဘုတလင် မေ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးသည့် အပေါ့စားမီးသတ်စက်နှင့် ဆက်စပ်ပစ္စည်းများကို ဘုတလင်မြို့နယ်အတွင်းရှိ အုတ်ဖိုကျေးရွာနှင့် ကျောင်းကျေးရွာတို့သို့ မေ ၂၆ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဟန်ထွန်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်တို့က အုတ်ဖိုကျေးရွာနှင့် ကျောင်းကျေးရွာအတွက် အပေါ့စားမီးသတ်စက်နှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းပေးအပ်ခဲ့ကြသည်။ ယင်းနောက် မြို့နယ်မီးသတ်ဦးစီးမှူးဦးဝင်းဇော်ဌေးနှင့် မီးသတ်ဝန်ထမ်းများက အပေါ့စားမီးသတ်စက်နှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်အသုံးပြုပုံနှင့် မီးငြိမ်းသတ်နိုင်မှုအခြေအနေများကို လက်တွေ့သရုပ်ပြခဲ့ကြသည်။

**ဖိုးခါး(ပြန်/ဆက်)**



# ဝန်းသိုမြို့နယ်တွင် စာသင်ကျောင်းဆောင်ဆောက်လုပ်

**ဝန်းသို မေ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ကောင်းကွေ့ကျေးရွာ၌ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အမီ ကလေးများပညာရေးအတွက် စာသင်ကျောင်းဆောင်ဆောက်လုပ်မှုမှာ လုပ်ငန်းအားလုံး၏ ၈၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ဦးကြည်စိုးထံမှ သိရသည်။

စာသင်ကျောင်းဆောင်မှာ အလျားပေ ၆၀၊ အနံပေ ၃၀ နှင့် အမြင့် ၁၂ ပေရှိပြီး ယင်းစာသင်ကျောင်းဆောင်အား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းထောက်ပံ့ငွေကျပ်သိန်း ၁၀၀၊ အလှူရှင်များနှင့် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၁၀၀ ကျော်တို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှဦးဆောင်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

ယခုအခါ စာသင်ကျောင်းဆောင်မှာ လုပ်ငန်းအားလုံး၏ ၈၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်၍ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း၊ ယင်းကျောင်းဆောက်လုပ်ပြီးစီးပါက မိုးတွင်းအခါ လယ်ကြို၊ လယ်ကြားဖြတ်ရသည့်ဒုက္ခ၊ သံလမ်းကျော်ပြီးကျောင်းသွားရသည့်အတွက် မိဘများ၏ စိုးရိမ်ပူပန်ရမှု၊ ကလေးများကို အကြိုအပို့ပြုလုပ်ရသည့်မိဘများ ဝန်တစ်ခု လျော့နည်းသွားမည်ဖြစ်ကြောင်း ဦးကြည်စိုးက ပြောကြားသည်။

**မွေးကြူဇင်**

# စက်ရေတွင်းတူးဖော်နေမှု ကွင်းဆင်းကြည့်ရှု

**ပွင့်ဖြူ မေ ၂၇**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကံရွာကျေးရွာတွင် ကျေးလက်နေပြည်သူများ ရာသီမရွေးသောက်သုံးရေဖူလုံစေရေးအတွက် လေးလက်မစက်ရေတွင်းတစ်တွင်း တူးဖော်ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက် နံနက် ၁၀ နာရီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးလှဌေးမောင်နှင့် ဝန်ထမ်းများက လုပ်ငန်းအချိန်မီပြီးစီးရေး ကွင်းဆင်းစစ်ဆေးသည်။

ပွင့်ဖြူမြို့နယ် ကံရွာကျေးရွာသည် အိမ်ခြေ ၆၀ ကျော်ရှိပြီး လူဦးရေ ၃၇၄ ဦးရှိကာ ကျေးရွာနေပြည်သူများမှာ သောက်သုံးရေအတွက် မြေသားမိုးရေစုကန်ကို မှီခိုအားထားပြုနေရသည့်အတွက် နွေရာသီကာလတွင် သောက်သုံးရေရှားပါးမှုအခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရလေ့ရှိကြောင်း သိရသည်။

စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းမှာ ပြီးစီးသွားပြီဖြစ်ပြီး တစ်နာရီလျှင် ရေဂါလန် ၁၈၀၀ ထွက်ရှိကြောင်းနှင့် ရေအရည်အသွေးအား ဓာတ်ခွဲစမ်းသပ်ရာတွင်လည်း pH 6.85 ရှိကြောင်း သိရသည်။ ရေစက်ရုံအပါအဝင် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအနေဖြင့် ၅၀ ရာခိုင်နှုန်းပြီးစီးသွားပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်ထံမှ သိရသည်။

**ရဲဝင်းနိုင်**
**(ညောင်ဦး)**

## ကျိုတိုမှပေးစာများ – ၂၄

# တိုယိုတာ မော်တော်ကားပြတိုက်နှင့် ကားစက်ရုံ လေ့လာရေးခရီးစဉ်

■ အောင်အောင် IR

စာရေးသူ နာဂိုယာမြို့သို့ ရောက်ရှိစဉ် သွားရောက်လည်ပတ်ခဲ့တဲ့ တစ်နေရာမှာ တိုယိုတာကားပြတိုက် (Toyota Kaikan Museum)နှင့် တိုယိုတာကားစက်ရုံ (Toyota Plant) ဖြစ်ပါတယ်။ နာဂိုယာမြို့ အနီး တိုယိုတာမြို့မှာ တိုယိုတာ မော်တော်ကားကုမ္ပဏီဌာနချုပ် (Toyota Motor Corporation) (Honsha) တည်ရှိတာကြောင့် နာဂိုယာမြို့ဟာ စက်မှုလုပ်ငန်းထွန်းကားရာ၊ မော်တော်ကားလုပ်ငန်းထွန်းကားရာမြို့အဖြစ် ထင်ရှားပါတယ်။ တိုယိုတာကုမ္ပဏီဟာ သူဖွင့်လှစ်ထားတဲ့ ကားပြတိုက်တွေနဲ့ လည်ပတ်ဆောင်ရွက်နေတဲ့ ကားစက်ရုံတွေကို အများပြည်သူ လာရောက်လေ့လာနိုင်စေဖို့ အခမဲ့ လေ့လာရေးအစီအစဉ်တွေ ပြုလုပ်ဆောင်ရွက်ထားရှိပါတယ်။ စာရေးသူ လွန်ခဲ့တဲ့ ၁၅ နှစ် နာဂိုယာမြို့မှာ ကျောင်းတက်ခဲ့စဉ် တိုယိုတာကားစက်ရုံတစ်ရုံဆီကို နိုင်ငံတကာကျောင်းသားတွေနဲ့အတူ ကျောင်းက စီစဉ်ပေးတဲ့ ခရီးစဉ်အဖြစ် နှစ်ကြိမ် သွားရောက်လည်ပတ်ခဲ့ဖူးပါတယ်။ ၂၀၀၄–၂၀၀၅ ခုနှစ်တွေတုန်းကဆိုတော့ သိပ်ကိုကြာခဲ့ပါပြီ။

အခုတစ်ခေါက်မှာကတော့ တစ်ကိုယ်တော် ခရီးသည်အဖြစ် ဂျပန်နိုင်ငံအနှံ့ ခရီးသွားလာရင်း နာဂိုယာမြို့ဆီသို့ပြန်လည်ရောက်ရှိခိုက် တိုယိုတာမြို့မှာ တည်ရှိတဲ့ တိုယိုတာကားပြတိုက်နဲ့ ကားစက်ရုံဆီ ဝင်ရောက်လည်ပတ်မှာ ဖြစ်ပါတယ်။ ဒီလို ကားစက်ရုံလေ့လာရေးခရီးစဉ်ဟာ အခြားခရီးစဉ်တွေလို အခုရောက်၊ အခုဝင် ချက်ချင်းလည်ပတ်လို့တော့ မရပါဘူး။ ကြိုတင်စီစဉ်မှုအချို့ ရှိရပါတယ်။ ဆိုလိုတာက အင်တာနက်က တစ်ဆင့် ကြိုတင်စာရင်းပေးသွင်း၊ ဟိုဘက်က အတည်ပြုတော့မှ သွားရောက်လည်ပတ်လို့ရပါတယ်။ စာရေးသူ နှစ်ပတ်လောက်ကြိုတင်ပြီး တိုယာတာဝက်ဘ်ဆိုက်ကတစ်ဆင့် ဖောင်ဖြည့်ပြီး တိုယိုတာကားစက်ရုံ လေ့လာရေးခရီးစဉ် (A Toyota Plant Tour)ကို သွားရောက်ဖို့ စာရင်းသွင်းပါတယ်။ တိုယိုတာဘက်ကလည်း လာရောက်နိုင်ကြောင်း ပြန်ကြားစာပေးပို့လာတာမို့ ချိန်းဆိုထားတဲ့ ၂၀ ဇန်နဝါရီလ ၂၀၂၀ နဲ့ ချိန်ကိုက်ပြီး ကျိုတိုမြို့မှ နာဂိုယာမြို့သို့ ရှင်ကန်ဆန်ကျည်ဆန်ရထားနဲ့ တစ်ရက် ကြိုတင်ထွက်လာခဲ့ပါတယ်။

### တိုယိုတာ သမိုင်းကြောင်း

Sakichi Toyoda (၁၈၆၇–၁၉၃၀) ဟာ တိုယိုတာစက်မှုလုပ်ငန်းစုတွေရဲ့ ဖခင်လို့ ပြောလို့ရပါတယ်။ Sakichi ရဲ့ ဖခင်ဖြစ်သူဟာ လယ်သမား၊ လက်သမားတစ်ယောက်ဖြစ်ပြီး Sakichi ဟာ ငယ်စဉ်ကတည်းက ဖခင်ဖြစ်သူရဲ့ လက်သမားအလုပ်တွေမှာ ဝင်ရောက်ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ Sakichi မွေးဖွားတဲ့နှစ်ဟာ ဂျပန်နိုင်ငံမှာ နှစ်ပေါင်း ၂၆၀ ကျော် တည်တံ့ခဲ့တဲ့ ဆာမူရိုင်းစစ်အစိုးရ အုပ်ချုပ်ရေးစတင်ပြိုပျက်ပြီး ပြုပြင်ပြောင်းလဲရေးတွေ စတင်ပြုလုပ်တဲ့ မဲဂျီခေတ် (၁၈၆၈–၁၉၁၂) ကာလလည်း ဖြစ်ပါတယ်။ Sakichi ငယ်စဉ်က စာဖတ်အင်မတန် ဝါသနာပါသူလည်းဖြစ်ပြီး အရာရာကို လေးလေးနက်နက် စူးစမ်းလေ့လာလိုသူ ဖြစ်ပါတယ်။ အသက် ၁၅ နှစ်လောက်မှာ ဒေသခံလူငယ်တွေကို စုစည်းပြီး စာဖတ်အသင်းဖွဲ့ကာ ဖတ်မှတ်ထားသမျှတွေကို ပြန်လည်ဆွေးနွေးပါတယ်။



တိုယိုတာမော်တော်ကားပြတိုက်နှင့် ကားစက်ရုံကို တွေ့ရစဉ်။

၁၈၈၅ ခုနှစ် သူ့အသက် ၁၈ နှစ်ပြည့်ချိန်မှာ ဂျပန်မှာ ကုန်ပစ္စည်းမူပိုင်ခွင့်ဥပဒေ ထွက်ရှိလာပါတယ်။ သူဟာ ဒီဥပဒေကို သေချာလေ့လာပြီးနောက် တီထွင်ဖန်တီးသူအဖြစ် လုပ်ကိုင်ဆောင်ရွက်ဖို့ စိတ်ခွန်အားများစွာ ဖြစ်ထွန်းလာခဲ့ပါတယ်။ သူဟာ အခုလို တွေးမိခဲ့ပါတယ်။ "အခုဆို အနောက်နိုင်ငံတွေ အရမ်းတိုးတက်နေတယ်။ သူတို့တိုးတက်မှုတွေဟာ စက်ပစ္စည်းတွေအပေါ်မှာ အခြေခံတယ်၊ စက်ပစ္စည်းကို မောင်းနှင်ဖို့ ရေနွေးငွေ့လိုတယ်။ ရေနွေးငွေ့ကို ထုတ်လုပ်ဖို့ ကျောက်မီးသွေးလိုတယ်။ ကျောက်မီးသွေးက ဈေးကြီးတယ်။ စက်ပစ္စည်းတွေကိုလည်ပတ်ဖို့ ရေနွေးငွေ့အစား သူ့ကိုအစားထိုးရနိုင်မယ့် နည်းလမ်းရှိရင် ကောင်းမယ်" လို့ တွေးပါတယ်။ ပထမပိုင်းမှာ သူ့ တီထွင်ကြံဆချက်တွေဟာ မအောင်မြင်ခဲ့ပါဘူး။

သူ့ဝန်းကျင်မှာ မိသားစုအများအပြားဟာ လက်ရက်ကန်းတွေ အသုံးပြုတာ သတိပြုမိပါတယ်။ အကယ်လို့ ဒီလက်ရက်ကန်းတွေကို ပိုမိုတိုးတက်ကောင်းမွန်အောင်လုပ်နိုင်မယ်ဆိုရင် လူတွေအများကြီး အကျိုးများမယ်လို့ တွေးမိပါတယ်။ ၁၈၉၀ ပြည့်နှစ်မှာ Sakichi ဟာ တိုကျိုမှာပြုလုပ်တဲ့ တတိယအကြိမ် ဂျပန်နိုင်ငံလုံးဆိုင်ရာ စက်မှုပြပွဲကိုတက်ရောက်ခဲ့ပြီး အဲဒီမှာ ပြသထားတဲ့ ဂျပန်နဲ့ အနောက်နိုင်ငံတွေရဲ့ စက်ပစ္စည်းကို အချိန်ယူလေ့လာခဲ့ပါတယ်။ အဲဒီနှစ် ဆောင်းဦးကာလမှာပဲ Sakichi ဟာ သူ့ရဲ့ ပထမဆုံးတီထွင်မှုအဖြစ် ခေတ်မီတဲ့ သစ်သားလက်ရက်ကန်းစင်တစ်ခုကို အောင်မြင်စွာတည်ဆောက်နိုင်ခဲ့ပြီး ၁၈၉၁ ခုနှစ်မှာ သူ့မူပိုင် ထုတ်ကုန်အဖြစ် တရားဝင် မှတ်ပုံတင်နိုင်ခဲ့ပါတယ်။ ဆက်လက်တီထွင်ကြံဆခဲ့ရာမှာ ၁၈၉၆ ခုနှစ်မှာ ပထမဆုံး ရေနွေးငွေ့စွမ်းအင်သုံး စက်ရက်ကန်းစင်ကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ဒီနောက်မှာ Sakichi ဟာ စက်ရက်ကန်းစင်ကို အခြားစွမ်းအင်တွေနဲ့ပါ အသုံးပြုနိုင်အောင် တီထွင်ကြံဆနိုင်ခဲ့ပြီး အမေရိကန်နဲ့ ဥရောပသို့လည်း လေ့လာရေးခရီးတွေ သွားရောက်ခဲ့ပါတယ်။ ဒီခရီးစဉ်မှာ သူ့တီထွင်မှုတွေဟာ အနောက်နိုင်ငံတွေထက် မညံ့ဘူး၊ သာလွန်မှုတောင်ရှိတယ်လို့ ခံစားနားလည်ခဲ့ပါတယ်။ ၁၉၂၄ ခုနှစ်မှာ နိုင်ငံတကာသို့တိုင် ကျော်ကြားတဲ့ စက်ရက်ကန်းကို တီထွင်ထုတ်လုပ်နိုင်ခဲ့ပြီး ၁၉၂၉ ခုနှစ်မှာ အင်္ဂလန်နိုင်ငံက အထည်ချုပ်စက်ပစ္စည်းတွေ ထုတ်လုပ်တဲ့ ကမ္ဘာကျော်ကုမ္ပဏီကြီးတစ်ခုက Sakichi ရဲ့ စက်ရက်ကန်း မူပိုင်ခွင့်ကို ဝယ်ယူခဲ့ပါတယ်။

အောက်တိုဘာ ၁၉၃၀ ပြည့်နှစ်မှာ Sakichi Toyoda ကွယ်လွန်ခဲ့ပါတယ်။ နောက်ပိုင်းမှာ သူ့လုပ်ငန်းတွေကို သားဖြစ်သူ Kiichiro Toyoda (၁၈၉၄ – ၁၉၅၂) က ဆက်လက်ဖွံ့ဖြိုးအောင် လုပ်ဆောင်ခဲ့ပါတယ်။ ၁၉၃၃ ခုနှစ်မှာ ပထမဆုံး မော်တော်ကားဌာနကို ဖွင့်တယ်။ ၁၉၃၆ ခုနှစ်မှာ AA Sedan ကားကို ထုတ်လုပ်နိုင်ခဲ့တယ်။ Kiichiro Toyoda ဟာ တိုယိုတာ စက်မှုလုပ်ငန်းစုတွေရဲ့ မူရင်းလုပ်ငန်းဖြစ်တဲ့ စက်ရက်ကန်း ထုတ်လုပ်မှုတွေကနေ မော်တော်ကား ထုတ်လုပ်မှုတွေဆီသို့ ပြောင်းလဲရန် ဆုံးဖြတ်ခဲ့ပြီး ၂၈ ဩဂုတ်လ ၁၉၃၇ ခုနှစ်မှာ တိုယိုတာ မော်တော်ကားကုမ္ပဏီကို စတင်တည်ထောင်ခဲ့ပါတယ်။ ၁၉၃၈ ခုနှစ်မှာ တိုယိုတာကားစက်ရုံကနေ ပထမဆုံး တိုယိုတာကားတွေကို စတင်ထုတ်လုပ်ခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာတော့ တိုယိုတာကုမ္ပဏီဟာ မော်တော်ကားအမျိုးအစားတွေ တစ်မျိုးပြီးတစ်မျိုး ထုတ်၊ ပြည်တွင်း၊ ပြည်ပမှာ ကားစက်ရုံတွေ တစ်ရုံပြီးတစ်ရုံ ဖွင့်၊ ဧပြီလ ၂၀၁၈ ခုနှစ်အထိ ဂျပန်နိုင်ငံအတွင်းမှာ တိုယိုတာကားစက်ရုံပေါင်း ၁၂ ရုံနဲ့ အခြားတိုယိုတာ လက်အောက်ခံကားစက်ရုံ၊ အလုပ်ရုံပေါင်း ကိုးရုံ ရှိပါတယ်။ ဒီဇင်ဘာလ ၂၀၁၇ ခုနှစ်အထိ နိုင်ငံပေါင်း ၂၇




တိုယိုတာကားပြတိုက်မှ ကားများ။

နိုင်ငံမှာ တိုယိုတာကုမ္ပဏီနဲ့ တိုယိုတာကားစက်ရုံပေါင်း ၅၀ လုပ်ငန်းလည်ပတ်လျက် ရှိပါတယ်။

### ကိုယ်တွေ့ တိုယိုတာ

တိုယိုတာမှ စာရေးသူထံ ကားစက်ရုံသို့ လာရောက်လည်ပတ်ရန် ချိန်းဆိုထားသည့် အချိန်မှာ ၂၀ ဖေဖော်ဝါရီလ ၂၀၂၀ နံနက် ၁၀ နာရီခွဲဖြစ်ပြီး လာရောက်ရမယ့်နေရာမှာ တိုယိုတာမြို့ တိုယိုတာဌာနချုပ် အဆောက်အဦအနီးမှာတည်ရှိတဲ့ တိုယိုတာကားပြတိုက် (Toyota Kaikan Museum) ဖြစ်ပါတယ်။ နံနက် ၈ နာရီခန့်တွင် Nagoya Station မှတစ်ဆင့် JR Tokaido Main Line ဖြင့် ထွက်ခွာခဲ့ရာ တိုယိုတာ ကားပြတိုက်နဲ့ အနီးဆုံးဘူတာဖြစ်သော Mikawa–Toyota Station သို့ နံနက် ၉ နာရီ မိနစ် ၂၀ ခန့်တွင် ရောက်ရှိပါတယ်။ Mikawa–Toyota Station မှ တိုယိုတာကားပြတိုက်ဆီသို့ နောက်ထပ် မိနစ် ၂၀ လောက် လမ်းလျှောက်ရပါတယ်။ လမ်းမလျှောက်ချင်ရင် အငှားယာဉ် ဒါမှမဟုတ် ဘတ်စ်ကားနဲ့ သွားလို့လည်း ရပါတယ်။ နောက်ဆုံး ကားပြတိုက်ကို နံနက် ၁၀ နာရီမထိုးခင် ရောက်သွားပါတယ်။ ကားပြတိုက် ဧည့်ကြိုကောင်တာမှာ သတင်းပို့၊ အချိန်ရသေးတာမို့ ကားပြတိုက်အထဲလည်း ဝင်လေ့လာခဲ့ပါတယ်။

ရုပ်ပုံကားချပ်တွေ၊ ရုပ်သံမှတ်တမ်းတွေ လေ့လာတွေ့ရှိရမှာဖြစ်ပြီး ကြီးမားကျယ်ဝန်းလှတဲ့ ခန်းမကြီးထဲမှာ တိုယိုတာကုမ္ပဏီ နောက်ဆုံးထုတ် မော်တော်ကားတွေကို အစီအရီ ပြသထားပါတယ်။ ဒုတိယထပ်မှာတော့ တိုယိုတာနဲ့ပတ်သက်ပြီး ကလေးတွေ ပညာပေး၊ ပညာရေးပြခန်းရှိပြီး အမှတ်တရ အရောင်းဆိုင် တစ်ဆိုင်လည်းရှိပါတယ်။ မြေအောက်ထပ်မှာတော့ စတားဘတ်ခ်ကော်ဖီဆိုင်နဲ့ စားသောက်ဆိုင်တစ်ဆိုင် ရှိပါတယ်။

ကားပြခန်းအတွင်းမှာ ဓာတ်ပုံတွေ ရိုက်ကူးနိုင်ပြီး အချို့ကားတွေဆိုရင် ကားအတွင်းခန်းထဲအထိ ဝင်ထိုင်ခွင့်ပြုထားပါတယ်။ ပထမထပ် ကားပြခန်းကြီးအတွင်းမှာ အမျိုးအစားကွဲပြားတဲ့ ကား ၂၅ စီးခန့်ကို ပုံစံအမျိုးမျိုးနဲ့ ပြသထားပြီး အချို့ကားတွေဆိုရင် အတွင်းစက်ပစ္စည်းတွေ မြင်သာအောင် ကားတစ်ခြမ်းအပေါ်ဖုံးတွေ မပါရှိဘဲ ပြသထားတာ တွေ့ရပါတယ်။ ပထမထပ်မှာပဲ ကားထုတ်လုပ်တပ်ဆင်ရာမှာ အသုံးပြုတဲ့ စက်ရုပ်ကြီးတစ်ရုပ်ကိုလည်း ပြသထားပါတယ်။

ဒီ တိုယိုတာကားပြတိုက်အပြင် နာဂိုယာမြို့နဲ့ အနီးဝန်းကျင်မှာ မော်တော်




တိုယိုတာကားပြတိုက်မှ ကားများအား တွေ့ရစဉ်။

### တိုယိုတာကားပြတိုက်

တိုယိုတာကားပြတိုက်ဟာ နှစ်ထပ်အဆောက်အဦဖြစ်ပြီး ပြတိုက်အတွင်းမှာ တိုယိုတာနောက်ဆုံးထုတ် မော်တော်ကားတွေသာမက မော်တော်ကားနည်းပညာ၊ မော်တော်ယာဉ်လုပ်ငန်းသုံး စက်ရုပ်နည်းပညာ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကလေးတွေပညာပေး၊ ပညာရေးစတာတွေလည်း လေ့လာတွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။ ပထမထပ်မှာ Eco and Emotion၊ Safety and Freedom၊ Production and Creation၊ Company and Society စတဲ့ နည်းပညာ၊ လုံခြုံမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ တိုယိုတာ သမိုင်းစတာတွေနဲ့ ဆက်စပ်တဲ့ မှတ်တမ်းမှတ်ရာတွေ၊

ကား နည်းပညာ ဆန်းသစ်တီထွင် ဖွံ့ဖြိုးတိုးတက်မှုတွေကို အလေးပေးပြသထားတဲ့ တိုယိုတာကားပြတိုက်နဲ့ တိုယိုတာရဲ့ မူလထုတ်ကုန်ဖြစ်တဲ့ စက်ရက်ကန်းမှ မော်တော်ကား၊ စက်ရုပ်တွေအထိ နည်းပညာဖြစ်ထွန်းတိုးတက်မှုတွေကို ပြသထားတဲ့ တိုယိုတာကားပြတိုက်တို့လည်း ရှိပါတယ်။

### တိုယိုတာကားစက်ရုံ လေ့လာရေးခရီးစဉ်

တိုယိုတာကားစက်ရုံလို့ပြောရင် စက်ရုံတစ်ခုထဲမှာ ကားတစ်စီးကို အစ၊ အဆုံး ထုတ်လုပ်တာပေါ့။ တိုယိုတာ ဝက်ဘ်ဆိုက် အဆိုအရ စက်ရုံထဲမှာ ကားထုတ်လုပ်ရေး လုပ်ငန်းစဉ် လေးခု ရှိတယ်။ ဖြတ်တောက်၊ ပုံဖော်ထုတ်လုပ်တဲ့နေရာ (Stamping)၊ ဂဟေဆော်တဲ့နေရာ (Welding)၊ ဆေးမှုတ်တဲ့နေရာ (Painting)၊ တပ်ဆင်တဲ့နေရာ (Assembly) တို့ဖြစ်ပါတယ်။ ကားတစ်စီး ထုတ်မယ်ဆိုရင် ပထမဆုံး သတ္တုပြားတွေကို မော်တော်ကားတံခါး၊ အမိုး၊ စက်ဖုံး၊ ကိုယ်ထည် အစိတ်အပိုင်းတွေဖြစ်ဖို့ ဖြတ်တောက်ပုံဖော်ပါတယ်။ ဒုတိယက မော်တော်ကားအတွင်းပိုင်း ဖွဲ့စည်းတည်ဆောက်ဖို့ သတ္တုပစ္စည်း အစိတ်အပိုင်း ၄၀၀ လောက်ကို စက်ရုပ်တွေနဲ့ ဂဟေဆော်ပါတယ်။ စာမျက်နှာ ၂၆ သို့ ❂

❂ စာမျက်နှာ ၂၅ မှ

တတိယက အဲဒီ ဂဟေဆော်ထားတဲ့ ကိုယ်ထည်ကို ဆေးကြောပါတယ်။ ပြီးရင် အောက်ခံဆေး၊ အလယ်ဆေး၊ နောက်ဆုံး ဆေး ဆေးသုံးထပ်မှုတ်ပါတယ်။ နောက်ဆုံး အဆင့်က တပ်ဆင်တဲ့နေရာ ဖြစ်ပါတယ်။

အဲဒီနေရာလေးခုကမှ စာရေးသူတို့ သွားရောက်လေ့လာရမယ့်နေရာက တပ်ဆင်တဲ့နေရာနဲ့ ဂဟေဆော်တဲ့နေရာတွေ ဖြစ်ပါတယ်။ ပြင်ပလေ့လာသူတွေအတွက် နာဂိုယာမှာ ခွင့်ပြုထားတဲ့ တိုယိုတာကား တပ်ဆင်တဲ့ စက်ရုံသုံးရုံ (Motomachi Plant၊ Takaoka Plant၊ Tsutsumi Plant) ရှိပါတယ်။ စက်ရုံတစ်ခုကို အဓိက ကားလေးမျိုးစီ ထုတ်ပါတယ်။ စက်တင်ဘာလ ၂၀၁၉ ခုနှစ်အထိ စာရင်းများအရ Motomachi Plant က အဓိက ထုတ်လုပ်တဲ့ကားတွေက Crown၊ Mark X၊ MIRAI တို့ ဖြစ်ပြီး Takaoka Plant က Corolla၊ Harrier၊ RAV4 တို့ ဖြစ်ကာ Tsutsumi Plant က Prius၊ Camry၊ PRIUS PHV တို့ဖြစ်ပါတယ်။ လေ့လာမယ့် လူအရေအတွက်အပေါ်မူတည်ပြီး သွားမယ့် စက်ရုံကို တိုယိုတာကုမ္ပဏီက ဆုံးဖြတ်ပါတယ်။ အခု စာရေးသူတို့ သွားရောက်လေ့လာတဲ့ ကားစက်ရုံအမည်က Tsutsumi Plant ဖြစ်ပါတယ်။

တိုယိုတာကားပြတိုက်ကနေ နေ့လယ် ၁၁ နာရီမှာ တိုယိုတာကားစက်ရုံဆီ တိုယိုတာက စီစဉ်ပေးတဲ့ ဘတ်စ်ကားနဲ့ သွားကြပါတယ်။ ကားပြတိုက်ကနေ ကားစက်ရုံကို မိနစ် ၂၀ လောက် မောင်းရပါတယ်။ စာရေးသူအပါအဝင် လေ့လာသူ စုစုပေါင်း ၁၅ ဦးလောက် ရှိပါတယ်။ ခရီးစဉ်အစ၊ အဆုံး တိုယိုတာကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးက အင်္ဂလိပ်ဘာသာနဲ့ လိုက်ပါရှင်းလင်း ပြောကြားပါတယ်။ ကားပေါ်မှာနဲ့ စက်ရုံ အတွင်း သူရှင်းပြတာအချို့က "ဒီတိုယိုတာ ကုမ္ပဏီ တည်ထောင်သူတွေက Kiichiro Toyoda နဲ့ ဖခင်ဖြစ်သူ Sakichi Toyoda တို့ဖြစ်ကြတယ်။ ဒါကြောင့် ကုမ္ပဏီအမည်က မိသားစုအမည်ဖြစ်တဲ့ တိုယိုဒါ ဖြစ်သင့်ပါတယ်။

ဒါပေမဲ့ တိုယိုဒါ (Toyoda) လို့ အမည်မပေးဘဲ တိုယိုတာ (Toyota) လို့ အမည်ပေးခဲ့တာ အကြောင်း သုံးချက် ရှိတယ်။ ပထမအချက် တိုယိုဒါဆိုတဲ့ စာလုံးကို ဂျပန်လို စာလုံးပေါင်းရေးဆွဲရင် ၁၀ ချက် ဆွဲရတယ်။ တိုယိုတာဆိုတဲ့ စာလုံးက ရှစ်ချက်ပဲ ဆွဲရတယ်။ ဂျပန်လူမျိုးတွေက ရှစ်ဂဏန်းကို ကံကောင်းစေတဲ့ နံပါတ်လို့ သတ်မှတ်ယုံကြည်ကြတယ်။ ဒုတိယအချက်က တိုယိုတာဆိုတဲ့ အသံထွက်ဟာ လူအများအတွက် အဆင်ပြေတယ်။ တတိယအချက်က ကုမ္ပဏီတည်ထောင်သူတွေဟာ တိုယိုဒါလို့ မိသားစုအမည်ကို အသုံးပြုရင် လူတွေက ဒီကုမ္ပဏီဟာ လူတစ်ဦးတစ်ယောက်၊ မိသားစုတစ်စုနဲ့ပဲ သက်ဆိုင်တယ်လို့ ထင်မြင်ယူဆသွားနိုင်တယ်''စသဖြင့် ဖြစ်ပါတယ်။

သူကပဲ ဆက်လက်ပြီး "ယနေ့ ဂျပန်နိုင်ငံမှာ တိုယိုတာရုံးကြီး သုံးရုံးရှိပြီး အကြီးဆုံးရုံး တိုယိုတာဌာနချုပ်က ဒီတိုယိုတာမြို့ (ကားပြတိုက်အနီး)မှာ တည်ရှိတယ်။ နောက်တစ်ရုံးက တိုကျိုမြို့တော်နဲ့ နောက် တစ်ရုံးက နာဂိုယာမြို့မှာ တည်ရှိတယ်။ ဂျပန်တစ်နိုင်ငံလုံးမှာ တိုယိုတာကားစက်ရုံ ၁၂ ရုံရှိပြီး အဲဒီ ကားစက်ရုံအားလုံးဟာ နာဂိုယာမြို့ပါဝင်တဲ့ အာအိချိခရိုင် (Aichi Prefecture) မှာ စက်ရုံ တစ်ရုံနဲ့တစ်ရုံ နီးကပ်စွာတည်ရှိတယ်။ စက်ရုံ တစ်ရုံနဲ့တစ်ရုံဟာ ပျမ်းမျှ ၂၅ မိနစ်အတွင်း ကားနဲ့ရောက်ရှိနိုင်တယ်။ တိုယိုတာကား အစိတ်အပိုင်းတွေ ပံ့ပိုးပေးတဲ့ အခြားကုမ္ပဏီတွေဟာလည်း ဒီတိုယိုတာကားစက်ရုံတွေနဲ့ မလှမ်းမကမ်းမှာ တည်ရှိကြတယ်။ အခု စာရေးသူတို့ သွားနေတဲ့ ကားစက်ရုံအမည်က Tsutsumi Plant ဖြစ်တယ်။ ၁၉၇၀ ပြည့်နှစ်မှာ တိုယိုတာကားတွေ စထုတ်တယ်။ အလုပ်သမား ၆၀၀၀ ရှိတယ်။ စနေ၊ တနင်္ဂနွေ ရုံပိတ်တယ်။ Pirus၊ Camry စတဲ့ မော်တော်ကားတွေ အဓိက ထုတ်လုပ်တယ်။ တစ်နေ့ကို ကားအစီးရေ ၁၇၀၀ ထုတ်နိုင်တယ်။ တစ်နှစ်ကို ပျမ်းမျှ ကားအစီးရေ ၄၂၀၀၀၀ ထုတ်တယ်။ ကားပြတိုက်ထဲမှာ ဓာတ်ပုံရိုက်လို့ရပေမယ့် ကားစက်ရုံထဲမှာ ဓာတ်ပုံရိုက်ခွင့် မရှိပါဘူး'' စသဖြင့် ရှင်းပြပါတယ်။ နောက် သူနဲ့အတူ စာရေးသူတို့ ကားစက်ရုံထဲ တစ်နာရီကြာ လိုက်လံကြည့်ရှုကြပါတယ်။ ပထမဆုံး မြင်တွေ့ရတာ ကားတပ်ဆင်တဲ့ နေရာပဲ ဖြစ်ပါတယ်။

နှစ်နာရီနီးပါး ကြာမြင့်တဲ့ စက်ရုံတွင်း လေ့လာရေးခရီးစဉ်မှာ လေ့လာရေး လျှောက်လမ်း အမြင့်တွေကတစ်ဆင့် အောက်မှာ အလိုအလျောက်စနစ်ဖြင့် ဖြည်းညင်းစွာ ရွေ့လျားနေတဲ့ ဆေးအပြီးအစီး မှုတ်ပြီးသား ကားကိုယ်ထည်တွေကို အလုပ်သမားတွေက အတွင်းပစ္စည်းတွေ၊ အဲကွန်းစနစ်တွေ၊ လုံခြုံရေးစနစ်တွေ၊ တံခါးတွေ တပ်ဆင်နေပုံ၊ တပ်ဆင်ပြီးကားတွေကို အလုပ်သမားတွေက ကားစက်ခေါင်းဖုံးအတွင်း၊ ကားကိုယ်ထည်အတွင်း လက်နှိပ်ဓာတ်မီး အသေးလေးတွေနဲ့ ချိန်ထိုးစစ်ဆေးနေပုံ၊ ဘရိတ်စနစ်အား စစ်ဆေးနေပုံ စသည်များကို ကောင်းစွာ အနီးကပ်အပေါ်စီးမှ မြင်တွေ့နေရပါတယ်။ တပ်ဆင်တဲ့နေရာ လေ့လာပြီးတော့ ဆက်လေ့လာကြတာက ဂဟေဆော်တဲ့နေရာ ဖြစ်ပါတယ်။ ဂဟေဆော်နည်း သုံးနည်းရှိတယ်လို့ သိရပြီး ၎င်းတို့မှာ Pot Welding၊ Arc Welding နဲ့ Laser Welding တို့ဖြစ်ကြပါတယ်။ အဲဒီမှာ အဓိက မြင်တွေ့ရတာ စက်ရုပ်တွေပဲ ဖြစ်ပါတယ်။ ဒီ Tsutsumi Plant ရဲ့ ဂဟေဆော်တဲ့နေရာမှာ စက်ရုပ်ပေါင်း ၁၉၀၀ တပ်ဆင်ထားရှိပြီး ဂဟေဆော်လုပ်ငန်း ၉၈ ရာခိုင်နှုန်းကို စက်ရုပ်တွေနဲ့ လုပ်ဆောင်တယ်လို့ သိရပါတယ်။ စာရေးသူတို့ လေ့လာချိန်မှာ အလိုအလျောက် ဖြေးညင်းစွာရွေ့လျားနေတဲ့ ကားတွေကို ဘေး၊ ဘယ်၊ ညာမှာ တပ်ဆင်ထားတဲ့ စက်ရုပ်လက်တံရှည်ကြီးတွေက သတ်မှတ်နေရာတွေကနေ ဂဟေဆော်နေကြတာ တွေ့ရပါတယ်။ အချို့နေရာတွေမှာဆို ကားတစ်စီးတည်းကို စက်ရုပ် ခြောက်ရုပ်၊ ခုနစ်ရုပ်လောက်က သူတို့ရဲ့ ရှည်လျားလှတဲ့ လက်တံတွေ ဆန့်ထုတ်ပြီး ကားအတွင်း၊ အပြင် အစိတ်အပိုင်းအသီးသီးကို တစ်ပြိုင်နက် ဝိုင်းအုံ ဂဟေဆော်နေပုံဟာ ပစ်မှတ်မြင်ကွင်းထဲကို အတိအကျ ဝင်ရောက်လာတဲ့ ရန်သူကို အတိအကျ ဝိုင်းဝန်းတိုက်ခိုက်ကြဘိသကဲ့သို့ ကြည့်ကောင်းလှပါတယ်။

မွန်းလွဲ ၁ နာရီမှာ ကားစက်ရုံကနေ ကားပြတိုက်ဆီ ပြန်ရောက်ပါတယ်။ မပြန်ခင် စာရေးသူတို့ တစ်ယောက်ချင်းစီကိုလည်း တိုယိုတာကုမ္ပဏီထုတ် အမှတ်တရ ဘောပန် တစ်ချောင်းစီနဲ့ အိုရီဂမိ (Origami) လို့ခေါ်တဲ့ ဂျပန်ရိုးရာ စက္ကူခေါက် အရုပ်လေးတွေ လက်ဆောင်အဖြစ် ပေးပါတယ်။ ဘူတာကနေ ပြတိုက်ဆီ အသွား၊ အပြန်မှာ တိုယိုတာ ရုံးချုပ်ကြီးနားက ဖြတ်သွားရပါတယ်။ ရုံးချုပ်ဝင်းအတွင်းမှာ တိုယိုတာကားကုမ္ပဏီ တည်ထောင်သူ Kiichiro Toyoda ကိုယ်တစ်ပိုင်း ကြေးရုပ်တုရှိပြီး သာယာလှပတဲ့ ဥယျာဉ်လေးတစ်ခုကိုလည်း အပြင်လမ်းကနေ လမ်းလျှောက်ရင်း လှမ်းမြင်နေရပါတယ်။ စာရေးသူ အဲဒီရုပ်တုရှိရာနဲ့ ဥယျာဉ်ရှိရာကို သွားဖို့ ကြိုးစားပေမယ့် အဲဒီက လုံခြုံရေး အစောင့်ဖြစ်သူက ဝင်းအတွင်း အပြင်လူ ဝင်ခွင့်မရှိဘူးဆိုလို့ အဝေးကပဲ ဓာတ်ပုံတွေ ရိုက်ယူခဲ့ပါတယ်။ ဘာပဲပြောပြော တိုယိုတာ မော်တော်ကား ဌာနချုပ်ကြီးလည်း တွေ့ခဲ့တယ်၊ ကားပြတိုက်ဆီလည်း ရောက်ခဲ့တယ်၊ ကားစက်ရုံကိုလည်း လေ့လာခဲ့တယ်၊ လွန်ခဲ့တဲ့ ၁၅ နှစ်က ရောက်ခဲ့ဖူးတဲ့ ဒီခရီးစဉ်ကို ဒီနေ့မှာ ဆောင်းပါးတစ်ပုဒ်အဖြစ် မှတ်တမ်းတင် ရေးသားဖော်ပြနိုင်လို့ အများကြီး ကျေနပ်ပီတိ ဖြစ်ရပါတယ်။

တိုယိုတာကားပြတိုက်နဲ့ တိုယိုတာကားစက်ရုံ လေ့လာရေးခရီးစဉ်တွေဟာ အခမဲ့ ဖြစ်ပါတယ်။ တိုယိုတာကားပြတိုက်ရဲ့ လိပ်စာက 1 Toyota-cho, Toyota City, Aichi Prefecture 471-0826, Japan ဖြစ်ပြီး ပြတိုက်နဲ့ အနီးဆုံးဘူတာရုံက Mikawa-Toyota Station (Aichi Kanjo Line) ဖြစ်ပါတယ်။ ပြတိုက်အကြောင်း ပိုမိုသိရှိလိုတယ်ဆိုရင် https://www.toyota.co.jp/en/about_toyota/facility/toyota_kaikan/index.html မှာ ဖတ်ရှုလေ့လာနိုင်ပါတယ်။ တိုယိုတာကားစက်ရုံ လေ့လာရေးခရီးစဉ်ကို စိတ်ဝင်စားတယ်ဆိုရင်၊ သွားရောက်လေ့လာဖို့ ကြိုတင်စာရင်းပေးသွင်းချင်တယ်ဆိုရင် https://www.toyota.co.jp/service/planttour/ reservation/ ?lng = en မှာ ကြိုတင် စာရင်းပေးသွင်းနိုင်ပါတယ်။ တိုယိုတာ မော်တော်ကားကုမ္ပဏီဌာနချုပ် (Toyota Motor Corporation) (Honsha) ရဲ့ လိပ်စာက 1 Toyota-Cho, Toyota City, Aichi Prefecture 471-8571, Japan ဖြစ်ပြီး တိုယိုတာဌာနချုပ်အကြောင်း အသေးစိတ် သိရှိလိုတယ်ဆိုရင် https://global.toyota/en/ မှာ ဖတ်ရှုလေ့လာနိုင်ပါတယ်။ ။

# ဖျာပုံမြို့နယ်၌ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ထောက်ပံ့လှူဒါန်း

**ဖျာပုံ မေ ၂၇**

ဖျာပုံမြို့နယ် မြို့ရန်ပုံငွေမှ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများထောက်ပံ့လှူဒါန်းခြင်းကို ယမန်နေ့က ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေက ယာယီဈေးများ ဆောင်ရွက်ထားရှိမှု၊ မြို့တွင်းပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်ချက်များ၊ အိမ်အရောက် ဈေးဝယ်စနစ် ဆောင်ရွက်ပေးမည့်အစီအမံများ၊ ရပ်ကွက်၊ ကျေးရွာများတွင် Hand Speaker ဖြင့် ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး၊ မြို့နယ်တွင်း လှည့်ကင်းဆောင်ရွက်နေသူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊ ရန်ကုန်မြို့မှ ဖျာပုံမြို့သို့ ဝင်ရောက်သည့် ယာဉ်လိုင်းများ၊ မြို့အဝင်ဂိတ်များတွင် စနစ်တကျစိစစ်ပေးနိုင်ရေး၊ ပင်လယ်ရေလုပ်သားများ လုပ်ငန်းသိမ်းချိန် နေရပ်ပြန်နိုင်ရေးအတွက် လိုအပ်သည့်အစီအမံများ ကြိုတင်ပြင်ဆင်နိုင်ရေး၊ အနေးယာဉ်လုပ်သားများ၊ စည်ပင်ဝန်ထမ်းများ၊ ပျံကျဈေးသည်များအား ပိတ်စဖြင့် ပြုလုပ်ထားသည့် နှာခေါင်းစည်းများ ဝေငှပေးနိုင်ရေးတို့ကို အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေမိသားစုက အသွားအလာကန့်သတ်စောင့်ကြည့်နေရာများတွင်ထားရှိရန် ပန်ကာများ လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူးက လက်ခံရယူခဲ့ပြီး မြို့ရန်ပုံငွေ (လွတ်လပ်ရေးရန်ပုံငွေ)မှ အသွားအလာကန့်သတ်စောင့်ကြည့်နေရာများတွင် ထားရှိရန် တစ်မြို့နယ်လျှင် ပန်ကာနှစ်လုံးစီ၊ ခရိုင်/မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ ပါဝင်ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ စည်ပင်သန့်ရှင်းရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းလူငယ်များအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ တန် ဖုန်းငွေဖြည့်ကတ် စုစုပေါင်းတန်ဖိုး ငွေကျပ် ၅၈ သိန်းငါးထောင်နှင့် တာဝန်စာတန်းပါ ရောင်ပြန်အင်္ကျီများ၊ လှုံ့ဆော်ရေးတီရှပ်များကို လွှတ်တော်ကိုယ်စားလှယ်များက ပေးအပ်လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ အဆိုပါကော်မတီသို့ ဇီဇဝါကုမ္ပဏီက မျက်နှာဖုံး အခု ၅၀၀၊ ဒေါက်တာသူရဇော်မိသားစုက အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ဘဏ္ဍာရေးကော်မတီက လက်ခံရယူခဲ့ကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**

# ခန္တီးမြို့ယာယီဈေး၌ ဈေးသည်များနှင့် ဈေးဝယ်လာသူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ခန္တီး မေ ၂၇**


စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကင်းစင်စေရန်နှင့် ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းတွင် ခန္တီးမြို့ယာယီဈေး၌ ဈေးသည်များနှင့် ဈေးဝယ်လာသူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

"ခန္တီးမြို့ယာယီဈေးမှာ ဈေးသည်တွေနဲ့ ဈေးဝယ်လာသူတွေကို နှာခေါင်းစည်း အခု ၂၅၀ အခမဲ့ဖြန့်ဝေခဲ့တာပါ၊ နာဂဒေသတွေလို ဝေးလံခေါင်ဖျားဖြစ်နေတဲ့နေရာတွေကို ဖြန့်ဝေပေးနိုင်ဖို့ နှာခေါင်းစည်းတွေကို နေ့စဉ်စေတနာ့ဝန်ထမ်းတွေနဲ့ ချုပ်လုပ်နေပါတယ်။ ဒီနေရာတွေက သွားလာရေးအဆင်မပြေလို့ နှာခေါင်းစည်းတွေ ပို့ဆောင်ရာမှာ အခက်အခဲတွေရှိပါတယ်။ တစ်ခါသုံး နှာခေါင်းစည်းတွေဝယ်ယူဖို့ ငွေကြေးအခက်အခဲရှိတဲ့ မိသားစုတွေအတွက် အထောက်အကူဖြစ်စေဖို့ ကျွန်တော်တို့အနေနဲ့ အဝတ်စနှာခေါင်းစည်းတွေကို အခမဲ့ဖြန့်ဝေရခြင်းဖြစ်ပါတယ်" ဟု ခန္တီးခရိုင် လူငယ်ရေးရာကော်မတီမှ ဦးတေဇာထွန်းက ပြောသည်။

**မွေးကြူဇင်**



**COVID- 19 ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**


အဖုအကျိတ်ဆို ပေါင်ဒါဘူးထဲထည့်လို့ရအောင် မှုန့်သွားမယ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၁၂၁၁ YR ၄၀၆၈
ထုတ်လုပ်ခွင့်လိုင်စင်အမှတ်-၁/၂၀၀၉၊ တဆထလ/တိုး(၄၇၅)
ဒေဝယက္ခ အကျိတ်ကြေအဏူမြူမှုန်းဆေး
အဖုအကျိတ်အမျိုးမျိုးကို မခွဲမစိတ်ရဘဲ နုရင်ကြေ၊ ရင့်ရင်ပေါက် အမြစ်ပါမကျန်ပျောက်ကင်းသည်
မိုးဦးကျဖြစ်တတ်သော ရောဂါများအတွက် ဤဆေးဖြင့် ကြိုတင်ကာကွယ်ထားကြပါ
ပဲခူးမြို့။ Ph-052-2221422, 09-5300141

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၉၇၁)၊ ကရဏာလမ်း၊ အလျား ပေ၄၀xအနံပေ၆၀ရှိ ပါမစ်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်အိမ်ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးဝင်းမောင်မောင်[၅/ဆလက(နိုင်)၀၀၆၂၃၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဉာဏ်ဝင်းထိုက်[၁၂/ဒဂတ(နိုင်)၀၀၆၀၂၂]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို အောင်မြင်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆွေဆွေ(စဉ်-၃၀၀၃) ဦးမြင့်သန်း(စဉ်-၆၉၆၃) ဒေါ်သီရိလှိုင်(စဉ်-၁၅၂၆၀) ဦးအောင်ဇော်ဦး(စဉ်-၁၆၃၅၆)**
**တရားလွှတ်တော်ရှေ့နေများ**
**ဖုန်း ၀၉-၅၀၁၈၀၇၆**
**Zaluckpwint Real Estate & Law Firm 2013 @ gmail.com**
**အမှတ် (၅၅/၅၆)၊ ကျိုက်ဝိုင်းဘုရားလမ်းမ၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အမှတ်(ပ-၃၂၉၇၅)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးမောင်မောင်နိုင်[၉/ပမန(နိုင်)၁၈၆၈၂၃] (ဘ)ဦးမြင့်လွင်မှ မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်မူရင်းတင်ပြပြီး မြေချပါမစ်(စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ပျောက်ဆုံးသွားသော မြေချပါမစ်(စလစ်)မူရင်းအား ပယ်ဖျက်၍ မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့၊ အမှတ်(၅)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/အင်တိုင်းသာရပ်)၊ ဦးပိုင်အမှတ်(၉၄)၊ မြေဧရိယာ(၀.၀၅၁)ဧကရှိ ဒေါ်သိန်းနုအမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်သိန်းနု၏ သားသမီးများဖြစ်သော ဒေါ်သီတာမြင့်(ပါ)-၄ဦးမှ မိဘများကွယ်လွန်သွားပါသဖြင့် တရားရုံးမှတ်ပုံတင်ကျမ်းကျိန်လွှာ(၂၈/၁၉၉၇)၊ သေဆုံးကြောင်းထောက်ခံစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄/၂၀၂၀) မူရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြရပ်ကွက်၊ မန်းဘခိုင်လမ်း၊ အမှတ်(၃၇၇)ဟုခေါ်တွင်သည့် အိမ်မြေရှိ "ရွှေမြားဆီစက်ရုံ" လုပ်ငန်းသုံးငွေကြေးလိုအပ်၍ "ဦးဝေလင်းကျော်၊ ဒေါ်အေးပွင့်ဖြူ" အမည်များဖြင့် ကျွန်ုပ်မိတ်ဆွေထံမှ စာချုပ်စာတမ်းများချုပ်ဆိုပြီး ငွေကျပ် သိန်း(၈၁၀) လက်ခံရယူထားသည့် ကိစ္စနှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေ ကျေနပ်အောင် မပျက်မကွက် ညှိနှိုင်းဖြေရှင်း ပေးဆပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ ပျက်ကွက်ခဲ့လျှင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်၍ "ရွှေမြားဆီစက်ရုံ"တည်ရှိရာ အဆောက်အအုံနှင့်မြေကွက်အား "ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အာမခံထားခြင်း၊ စွန့်လွှတ်ခြင်း၊ ပေါင်နှံခြင်းအပါအဝင် မည်သည့်နည်းနှင့်မျှ မည်သူ့ကိုမှ လွှဲပြောင်းခြင်း" တစ်စုံတစ်ရာအား ကျွန်ုပ်မိတ်ဆွေသို့ ပေးဆပ်ရန် ငွေကြေးမပြေမကျေမခြင်း မည်သူမှ မပြုလုပ်မိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအာကာကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသဲခိုင်**
**(စဉ်-၄၁၃၅၄)**
**အထက်တန်းရှေ့နေ**
**"ဝင်းထက်"ဥပဒေလမ်းညွှန်နှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း**
**အမှတ်(၁၀၁)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ခေါ်ယူသော ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲကျင်းပမည့်နေ့ရက် ရွှေ့ဆိုင်းခြင်း

၁၆-၃-၂၀၂၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ခေါ်ယူခဲ့သော ဖြန့်ဖြူးရေး(၂)/စာရင်းကိုင်(၂)/စက်မှုစီမံရေး(၂)/စက်မှုစီမံရေး(၅) ရာထူးနေရာ စုစုပေါင်း(၃၆)နေရာအတွက် ရေးဖြေစာမေးပွဲပြုလုပ်ရန် သတ်မှတ်ထားသည့် ၉-၅-၂၀၂၀ ရက်ကို ရွှေ့ဆိုင်းထားပါကြောင်းနှင့် ဖြေဆိုရမည့်ရက်ကို အချိန်မီ အကြောင်းကြားပေးမည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အမှတ်(ပ-၃၃၀၈၈)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဒေါ်မြင့်မြင့်ဝေ[၅/ခဥန(နိုင်)၀၃၆၉၀၃] (ဘ)ဦးလှမောင်မှ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်မူရင်းတင်ပြပြီး မြေချပါမစ်(စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ပျောက်ဆုံးသွားသော မြေချပါမစ်(စလစ်)မူရင်းအား ပယ်ဖျက်၍ မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အမှတ်(ပ-၃၃၀၂၀) ၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးသန့်ဇင်ကျော်[၁၂/ဥကတ(နိုင်)၁၂၉၉၅၉] (ဘ) ဦးကျော်ဇောမှ မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်မူရင်းတင်ပြပြီး မြေချပါမစ်(စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ပျောက်ဆုံးသွားသော မြေချပါမစ်(စလစ်)မူရင်းအား ပယ်ဖျက်၍ မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား တင်ဒါခေါ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| (က) | 1-22(T)/MESC/2019-2020 | Ring CT(150/5A), (250/5A), (300/5A), (400/5A), (500/5A), (800/5A) စုစုပေါင်း(3000 Sets)အား ဝယ်ယူရန်။ |
| (ခ) | 1-23(T)/MESC/2019-2020 | ပါဝါမီတာ(10/30A)-1200Nos,(10/60A)-2400 Nos, (10/80A)-2400 Nos ဝယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၉-၄-၂၀၂၀ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး ၂၀-၅-၂၀၂၀ရက် ၁၄:၀၀ နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့် အချက်အလက်များကို Web Portal(www.moee.gov.mm)၌ အသေးစိတ်ကြည့်ရှုနိုင်ပါသည်။

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၂၇လမ်း၊ ၇၇x၇၈ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၂-၄၀၆၉၁၂၂**

## ဝန်ချတောင်းပန်ခြင်း

Facebook Messenger Group Chat အတွင်း၌ ကျွန်မ မနှင်းအိစံနှင့် မချို့နွယ်နွယ်ဇင်တို့သည် မမိုမိုသွယ်အား တစ်ကြိမ်တစ်ခါမှ မြင်ဖူးခြင်းမရှိဘဲ အကြောင်းမဲ့ ရိုင်းပျသောစကားလုံးများဖြင့် ပုဂ္ဂိုလ်ရေးရာ ထိခိုက်စော်ကားမှုနှင့် သူမ၏ အလုပ်အကိုင်နှင့်ပတ်သက်၍လည်း စော်ကားပြောဆိုမိသည့်အတွက် ကျွန်မတို့နှစ်ယောက်မှ မိမိတို့၏အမှားများအတွက် စိတ်ရင်းမှန်ဖြင့် အနူးအညွတ် လေးစားစွာ တောင်းပန်အပ်ပါသည်။ နောက်နောင်တွင်လည်း ထိုကဲ့သို့သောအမှားမျိုးကို မကျူးလွန်တော့ပါကြောင်း ခံဝန်ကတိပေးအပ်ပါသည်။

**မနှင်းအိစံ[၁/ကမန(နိုင်)၀၂၈၉၉၈]**
**မချို့နွယ်နွယ်ဇင်[၅/မရန(နိုင်)၂၇၃၀၆၄]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အမှတ်(ပ-၃၂၉၇၃)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးထွန်းထွန်းမင်း[၅/ရဘန(နိုင်)၁၃၂၄၈၅] (ဘ)ဦးစိန်မင်းမှ မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်/ရဲစခန်း ထောက်ခံချက်မူရင်းတင်ပြပြီး မြေချပါမစ်(စလစ်)မိတ္တူမှန် ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ပျောက်ဆုံးသွားသော မြေချပါမစ်(စလစ်)မူရင်းအား ပယ်ဖျက်၍ မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း


ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်(၁၉၉)၊ (၂)ခန်းတွဲ RC(၆)ထပ် အဆောက်အအုံ၏ (စတုတ္ထထပ်)၊ (၅-လွှာ)၊ တိုက်ကိုမျက်နှာမူလျှင်(ညာဘက်အခန်း)၊ ဧရိယာ(၅၀၆)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးမင်းဇော်[၇/တငန(နိုင်)၀၉၉၀၉၉]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဦးမင်းကျော်ကျော်[၇/ရကန(နိုင်)၀၅၂၁၀၁]၊ ဒေါ်ဇင်မေအောင်[၇/ရကန(နိုင်)၀၄၇၃၈၁]တို့ကအပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမင်းကျော်ကျော်၊ ဒေါ်ဇင်မေအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးဝင်းမင်းစိုး | ဒေါ်သူဇာကျော် | ဒေါ်ဝေဖြိုးအောင် |
| LL.B,WIPO(Switzerland) | LL.B,D.B.L,D.I.L,D.I.P.L, WIPO(Switzerland) | LL.B |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၂၆၆၄) | (စဉ်-၁၆၅၂၆) | (စဉ်-၁၅၄၅၅) |
| Ph-09-450023651 | Ph-09-254508917 | Ph-09-421157856 |

**Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊**
**အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

# တောမဲ့မြေသား ရေတိုက်စား၏



ခန္ဓာကိုယ်ခုခံအားစနစ် မြှင့်တင်ပေးရန်
အစာအိမ်နှင့် အူလမ်းကြောင်းစနစ် ကောင်းမွန်စေရန်
ဒိန်ချဉ်ဆေး
FAME
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -
TMR 011383 (0621)
ရန်ကုန်မြို့တွင်း အိမ်အရောက် ပို့ပေးနေပါပြီ
01-3681908, 09-752721908, 09-954271908

## ဆရာမကြီး ဒေါ်ခင်သီနွယ်(မော်လမြိုင်)

**မော်လမြိုင်မြို့နယ်ပညာရေးမှူး(ငြိမ်း)**

**ကျောင်းအုပ်ကြီး(ငြိမ်း)**

**(အထက-၅၊ အထက-၈၊ မော်လမြိုင်)**

**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၇၅)၊ မဟာဗောဓိလမ်း၊ သုဝဏ္ဏနေ (ဦးစောစွန်နား-ဒေါ်ပု)တို့၏သမီး (ဦးတင်ညွန့်)၏ဇနီး၊ တူ/တူမ(၈)ယောက်တို့၏အဒေါ်၊ မြေး(၁၈)ယောက်တို့၏အဘွား ဒေါ်ခင်သီနွယ်သည် ၂၇-၄-၂၀၂၀(တနင်္လာနေ့) နံနက် ၉:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့၌ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သင့်သွေး ဖြင့် အသက် ကယ်ပါ**

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယကာကြီး

## ဦးစောသန်းညွန့် (ကော့ကရိတ်)

**အသက် (၈၉)နှစ်**

**မြို့နယ်ကောင်စီဥက္ကဋ္ဌ (ငြိမ်း)၊ ကော့ကရိတ်မြို့နယ်၊ လူထုပညာရေးမှူး၊ အဌမအပတ်၊ ကျန်းမာရေးမှူး**

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နေ (ဦးရွှေရုံး-ဒေါ်စိန်) တို့၏သား (ဦးကျော်လင်း-ဒေါ်ရင်မွေး)၊ (ဦးအောင်မြင့်-ဒေါ်သန်း)တို့၏မောင်၊(ဦးမန်းဉာဏ်ဟိန်း-ဒေါ်စီစီမေ)၊ (ဦးမန်းငွေအောင်)-ဒေါ်နော်တင်ဦးတို့၏အစ်ကို၊ ဦးစောအောင်တင့်မိုး-ဒေါ်မူရှီး၊ ဦးမြတ်ကျော်-ဒေါ်နန်းလင်းလင်းစုတို့၏ဖခင်၊ နော်မြတ်လေးဖြူ၊ နော်နိုနိုလင်းဖြူ၊ မသင်းမြတ်ထက်၊ မဆုမြတ်ထက်၊ မခင်မြတ်ထက်၊ မောင်ရှိန်လင်းမြတ်တို့၏အဘိုး ဦးစောသန်းညွန့် (၈၉)နှစ်သည် ၂၇-၄-၂၀၂၀ (တနင်္လာနေ့)၊ နံနက် ၃:၁၅ နာရီတွင် အမှတ် (၃၁) မင်္ဂလာလမ်း၊ (၈)ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ်နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

### ဦးရွှေထွန်း

**အသက်(၈၂)နှစ်**

**ဒုအရာခံဗိုလ်(ရုံးအုပ်-ငြိမ်း)**

**(ထပရ-၂၂၂)**

**ဆောက်လုပ်ရေးဝန်ကြီးဌာန(ငြိမ်း)**

**ပြည်ခိုင်ဖြိုးနာရေးအသင်းဝင် အမှတ်(A-၂၇၀)**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်နေ (ဦးစံလှအောင်-ဒေါ်စံမေ)၊ (ဦးကောင်းစံသာ-ဒေါ်အုန်း)တို့၏ သားသမက်၊ (ဦးဒိုးစိန်-ဒေါ်စိန်နု)၊ (ဒေါ်ကျော့)၊ (ဦးမြထွန်း-ဒေါ်သိန်းညို)တို့၏ မောင်၊ ဦးမောင်ကျော်-ဒေါ်အေးကျော့ခင်၊ ဦးမောင်သိန်း-ဒေါ်ခင်မြင့် တို့၏ အစ်ကို၊ ပလရရပ်ကွက်၊ အိမ်ခြေ(၁၀၀)၊ (၃)လမ်း၊ အမှတ်(၆၉)နေ ဦးထွန်းထွန်းဦး-ဒေါ်ခင်အေးသွယ်၊ ပလရရပ်ကွက်၊ အိမ်ခြေ(၃၀)၊ (၂)လမ်း၊ အမှတ်(၁၉)နေ ဦးသန်းဝင်း-ဒေါ်တင်ဇာဖြိုး၊ ဦးထွန်းထွန်းဝင်း၊ ဦးသန်းထွန်းဇော်-ဒေါ်ကေသီလှိုင်၊ ဦးခင်မောင်လွင်-ဒေါ်ခင်ချိုချိုထွန်း( ထန်းတပင်မြို့နယ်၊ လမ်းဦးစီးဌာန)၊ ဦးမျိုးမြင့်ထွန်း-ဒေါ်စုစုထွေးတို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ (ဒေါ်သန်းရွှေ)၏ခင်ပွန်း၊ အမှတ်(၂၂၂)ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်းမှ ဒုအရာခံဗိုလ်(ရုံးအုပ်)ရွှေထွန်း(ငြိမ်း)၊ ယခင်စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၏ ရုံးတာဝန်ခံ ဆောက်လုပ်ရေးဝန်ကြီးဌာန(ငြိမ်း)သည် ၂၆-၄-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၈:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဒေါ်တင်ထွေး

**(အလပြ/ငြိမ်း-ဘုရားကြီး)**

**အသက်(၇၃)နှစ်**

ရွှေကျင်မြို့နေ (ဦးမောင်လှ-ဒေါ်စောတင်)တို့၏ သမီးထွေး၊ ဦးနီ (လယ်အုပ်/ငြိမ်း-ဖအောင်ဝဲ)၏ ချစ်လှစွာသောဇနီး၊ ကိုဘိုဘိုလင်း (2/E Ocean Tanker Shipping Co., Ltd.)-မဇာနည်ပပချော၊ ကိုချမ်းငြိမ်း (J/E MTM Shipping Co., Ltd.)-မသီတာလတ် (ရောင်နီဦး-ကိုယ်ပိုင်ဘာသာရပ်စာသင်ကျောင်း၊ ကျိုင်းတုံမြို့)တို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး၊ မြေးသုံးယောက်တို့၏ ဘွားဘွားကြီး ဒေါ်တင်ထွေးသည် ၂၆-၄-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၈:၄၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေ တပည့်များအား အကြောင်းကြားအသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဒေါ်ဝင်း

**အထက(၁)ကျုံမငေး၊ အထက စိုက်မွေး(၁)၊**

**အထက(၂) မ/ဥက္ကလာပ**

**အသက်(၇၀)**

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နေ (ဦးကံထွန်း-ဒေါ်မြစိန်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ အောင်သပြေအနောက်(၁၂)လမ်း၊ အမှတ်(၉၉၃)၊ ငါးလွှာ၊ ဘီနေ (ဦးတင်စိုး)၏ ဇနီး၊ ဦးခင်ဇော်ထူး-ဒေါ်မာစီထွန်း၊ ဦးဝင်းနိုင်-ဒေါ်ခင်မာရီထွန်း၊ ဦးမိုးခိုင်-ဒေါ်နိုင်နိုင်ထွန်းတို့၏ အစ်မကြီး၊ ဦးတိုးလွင်-ဒေါ်အင်ကြင်းအိမေ်ထွန်း၊ ဦးဘိုဘိုထွေး-ဒေါ်ရွှေရည်လဲ့လဲ့ထွန်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၂၄-၄-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂:၅၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၂၀ (စနေနေ့)တွင် သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၂၀ (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ တပည့်များအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဦးခင်မောင်ဆွေ

**အသက် (၈၂)နှစ်**

**ကထိက (ဌာနမှူး၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး-ငြိမ်း)**

ဒေါက်တာခင်မေသိန်း (ပါမောက္ခ-ဌာနမှူး-ငြိမ်း၊ ရောဂါဗေဒဌာန ဆေးတက္ကသိုလ်-မန္တလေး၊ ပြည်သူ့ဆေးရုံကြီး-မန္တလေး)၏ခင်ပွန်း ဒေါက်တာဦးခင်မောင်ဆွေသည် ၂၆-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နား၊နှာခေါင်း၊လည်ချောင်း၊ဦးခေါင်းနှင့်လည်ပင်း ခွဲစိတ်ကုဆရာဝန်များအဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးသိန်းဝင်း (အထက်တန်းရှေ့နေ)

**ဥက္ကဋ္ဌ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အုတ်တွင်းမြို့နယ်**

**ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ အုတ်တွင်းမြို့နယ်**

**ဥက္ကဋ္ဌ၊ ဥပဒေအထောက်အကူပြုပေးရေးအဖွဲ့၊ အုတ်တွင်းမြို့နယ်**

**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်-ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

**အသက်(၆၆)နှစ်**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအတွက် အားထားရပါသော အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့နေ ဒေါ်နွဲ့နွဲ့ကြည် (မြရတနာပွဲရုံ)၏ ခင်ပွန်းဖြစ်သူ ဦးသိန်းဝင်း (ဥက္ကဋ္ဌ-အုတ်တွင်းမြို့နယ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)သည် ၂၄-၄-၂၀၂၀ ရက်တွင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးသိန်းဝင်း ကောင်းရာသုဂတိသို့ အမြန်ဆုံး ရောက်ရှိပါစေ။

- **ပါတီဗဟိုကော်မတီဌာနချုပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**
- **ပဲခူးတိုင်းဒေသကြီး ပါတီကော်မတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**

### ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**အရာခံဗိုလ်မောင်မောင်(ငြိမ်း)**

**အသက် (၈၈)နှစ်**

ဗိုလ်မှူးသိန်းထွဋ်မောင်(ငြိမ်း)-ဒေါ်သီဂီဝင်းတို့၏ ဖခင်ကြီး အရာခံဗိုလ်မောင်မောင်(ငြိမ်း)သည် ၂၆-၄-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)မှ အရာရှိများနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာမြင့်မြင့်မေ

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ လူမှုဖူလုံရေး**

**အသက်(၈၅)နှစ်**

ဆေးတက္ကသိုလ်(၂)ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာအေးထွန်း-ဒုတိယဗိုလ်မှူးကြီးယုယုခင် (တပ်မတော်ဆေးတက္ကသိုလ်-ငြိမ်း)တို့၏ မိခင်ဖြစ်သူ ဒေါက်တာမြင့်မြင့်မေသည် ၂၆-၄-၂၀၂၀ ရက် နံနက် ၉:၅၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

**ပါမောက္ခ၊ ဌာနမှူး၊ ဆရာ၊ ဆရာမများ နှင့် ကျောင်းသား၊ ကျောင်းသူများ ဆေးပညာဌာန ဆေးတက္ကသိုလ်(၂)ရန်ကုန်**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဦးခင်မောင်ဆွေ (၈၂)နှစ်

**ကထိက (ဌာနမှူး၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး-ငြိမ်း)**

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ဏ-၉/၁၉(က)၊လမ်း(၆၀)နေ ပါမောက္ခ ဒေါက်တာဒေါ်ခင်မေသိန်း (ပါမောက္ခ-ဌာနမှူး-ငြိမ်း၊ ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်-မန္တလေး၊ ပြည်သူ့ဆေးရုံကြီး-မန္တလေး)၏ခင်ပွန်း ဒေါက်တာဦးခင်မောင်ဆွေသည် ၂၆-၄-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၁၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရောဂါဗေဒဆရာဝန်များအဖွဲ့**

### အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဆရာမကြီး ဒေါ်မြသီတာဝင်း

**အသက် (၇၈)နှစ်**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ထမ်းဟောင်း ဦးရဲလင်းသူ (နခဌ၊ သား၊ ရှင်၊ ကူ)၏မိခင် ဒေါ်မြသီတာဝင်း အသက် (၇၈)နှစ်သည် ၂၃-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊ အငြိမ်းစားဝန်ထမ်းဟောင်းများ**

# ဦးကျော်ဟိန်း(ခ)ရဲဘို (အင်ပူ)

**အသက်(၈၀)**

(ဦးခင်မောင်လေး- ဒေါ်သန်းကြွယ်)၏သား ဦးကျော်ဟိန်းသည် ၂၆-၄-၂၀၂၀ ရက် နံနက် ၄:၂၀ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သည့် ရုပ်ကလာပ်ကို ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ ၎င်း၏ဆန္ဒအရ သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**မောင်ဟိန်းထက်ဦး**

**အသက်(၂၀)**

**(Technician at Competitive Pest Service Myanmar)**

Competitive Pest Service Myanmar မှ Technician မောင်ဟိန်းထက်ဦး အသက် (၂၀) သည် ၂၆-၄-၂၀၂၀၊ တနင်္ဂနွေနေ့၊ နံနက် ၇:၀၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်အနိစ္စရောက်ရှိသွားပါကြောင်း ကြားသိရပါသဖြင့် ကျွန်ုပ်တို့၏ Competitive Pest Service Myanmar မှ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Competitive Pest Service မိသားစု**

**(မြန်မာပြည်ရုံးခွဲ)**

COMPETITIVE PEST SERVICES

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၄၁၁၁)၊ မြေဧရိယာ(၀.၁၈၂)ဧကရှိ ဦးတုတ်ဖြူ (ဘ) ဦးဗိုလ် [၉/ပဘန(နိုင်)၀၃၂၀၉၄]အမည်ပေါက် (ပါမစ်)မြေကွက်အား ဒေါ်မီမီမြင့်ဖူး (ဘ) ဦးမြင့်ဖူး [၁၂/မရက(နိုင်)၁၂၆၃၂၅]မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက် မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့၊ တောင်ပိုင်းရပ်ကွက်ရှိ ဦးပိုင်အမှတ်(၁၇)၊ အကွက်အမှတ်/အမည်(၁၄/ဥသျှစ်ကုန်းရပ်)၊ ဧရိယာ(၀.၄၀၅)ဧကရှိ မြေနေရာအဆောက်အအုံအား ဦးအတိုင်(ခ)ဦးတိုင် အမည်ဖြင့် ၃-၆-၂၀၁၉ ရက်မှ ၂-၆-၂၀၄၉ ရက်အထိ နှစ်(၃၀)မြေငှားဂရန်ထုတ်ပေးထားသည့်မြေနေရာအား မိုးမိတ်မြို့နယ်၊ လယ်ကြီးကျေးရွာအုပ်စု၊ အာသံကျေးရွာနေ ဦးမောင်တီပါ(၈)ဦး [၁၃/မမတ(နိုင်)၀၀၁၉၉၃] ကိုင်ဆောင်သူမှ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်လွှာတင်သွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီလျှောက်ထားသူ ဦးမောင်တီပါ(၈)ဦးအမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး(လက်ထောက်ကော်လိတ္တော်အရာရှိ) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးမိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်း၊ အနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၄၁၁၁)၊ မြေဧရိယာ(၀.၁၈၂)ဧကရှိ ဦးတုတ်ဖြူ (ဘ)ဦးဗိုလ်[၉/ပဘန(နိုင်)၀၃၂၀၉၄] အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်မီမီမြင့်ဖူး(ဘ) ဦးမြင့်ဖူး [၁၂/မရက(နိုင်)၁၂၆၃၂၅]မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်း များနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**မြို့ ရွာ တစ် ခွင် သာ စေ ချင် မီး တွင် မ ပေါ့ နှင့်**

## ဦးသန်းကြည် (အင်းရဲ၊ ကျုံပျော်)

**အသက်(၈၇)နှစ်**

**ကျောင်းအုပ်ဆရာကြီး(ငြိမ်း) ကျုံပျော်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း၊ အမှတ်(၇၄)၊ လေးလွှာ၊ ခေါင်းရင်းခန်းနေ (ဦးကောက်-ဒေါ်စောလှ)တို့၏ သား၊(ဒေါ်သိန်းကြည်)၏မောင်၊(ဒေါ်စိန်သောင်း)၊ ဒေါ်သောင်းကြည်တို့၏ ခင်ပွန်း၊ (ဒေါ်နွဲ့နွဲ့ရီ)၊ ဦးခင်ထွန်း-ဒေါ်အေးအေးစိန်၊ ဦးမြင့်ကြူ-ဒေါ်မြင့်မြင့်သန်း၊ ဦးထွန်းဦး-ဒေါ်စုစုလှိုင်တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၂၇-၄-၂၀၂၀ (တနင်္လာနေ့) နံနက် ၈:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးလှသန်း

**အသက်(၈၆)နှစ်**

**စိန်ဂျွန်းကျောင်းသားဟောင်း**

**အကောက်ခွန်အရာရှိ (ငြိမ်း)**

**အထက်တန်းပြဆရာ(ငြိမ်း)**

**အထက(၅)အလုံ**

**အထက(၂) ဗိုလ်တထောင်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၈)၊ လမ်း(၁၁၀)နေ (ဦးဘချို-ဒေါ်စိန်တင်)တို့၏ သား၊ (ဦးချို-ဒေါ်စိန်ညွန့်)တို့၏ သားသမက်၊ [ဒေါ်အေးမူ (ဗန်းမော်)]၏ ခင်ပွန်း၊ ဦးတန်ကောက်စွီး-ဒေါ်ခိုင်ယဉ်ယဉ်(ခ)ဒေါ်ဒေါ်လီ(မဲလ်ဘုန်း ဩစတြေးလျ)၊ ဒေါ်မော်လီ၊ ဒေါက်တာဇော်ဟိန်းကျော် (အင်ဂျင်နီယာချုပ်၊ ကိုင်နက်တစ် ကော်ပိုရေးရှင်း၊ ဘန်ကောက်မြို့)-ဒေါ်ရှယ်လီတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးလေးယောက်တို့၏အဘိုး ဦးလှသန်းသည် ၂၄-၄-၂၀၂၀ (သောကြာနေ့) ညနေ ၅:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်လှမြိုင် (၈၄)နှစ်

ပဲခူးမြို့နေ (ဦးဘိုးရှင်-ဒေါ်ငွေစိန်)တို့၏ သမီး၊ ကျောက်တံခါးမြို့နေ (ဦးအေး-ဒေါ်ဗျားကြီး)တို့၏ သမီးချွေးမ၊ ပဲခူးမြို့နေ (ဦးအောင်ငြိမ်း)-ဒေါ်ရင်လှိုင်၊ တောင်ကြီးမြို့နေ ဦးသောင်းမြ-ဒေါ်သန်းညွန့်၊ ကျောက်တံခါးမြို့နေ (ဦးတင်ရွှေ)၊ (ဦးတင်ဝင်း)-ဒေါ်တင်မြင့်တို့၏အစ်မကြီး၊ ပဲခူးမြို့ရှင်စောပုရပ်ကွက်၊ ကြည်တော်ကုန်း(က) (၁)လမ်း၊ အမှတ်(၅၀၆)နေ မမြင့်မြင့်ဦး၊ ကိုကျော်ကျော်ဟိန်း-မမြင့်မြင့်ဝင်းတို့၏ ကျေးဇူးရှင်မွေးမိခင်ကြီး၊ ဦးကျော်ဝင်း (ဦးစီးအရာရှိ-ပြည်တွင်းအခွန်)၏ဇနီး ဒေါ်လှမြိုင်သည် ၂၆-၄-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ် ဒါယကာကြီး**

## ဦးကံရင် (ဦးစီးအရာရှိ၊ ထွေ/အုပ်-ငြိမ်း)

**အသက်(၇၉)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ ကုက္ကိုမြောင်ကျေးရွာနေ (ဦးပြူး-ဒေါ်ပုရွှေ)တို့၏ သား၊ သာယာဝတီမြို့၊ အလယ်ပိုင်းရပ်ကွက်၊ တိုက်ကျောင်းလမ်းနေ (ဦးရော်ဘင်-ဒေါ်အဲသာ)တို့၏ သားသမက်၊ ကုက္ကိုမြောင်ကျေးရွာနေ (ဒေါ်ကြည်)၊ (ဒေါ်အေမှီ)တို့၏ မောင်၊ (ဦးကျင်စိန်)၏ ညီ၊ (ဦးသင်းကြူ)၊ (ဦးဖုန်းမြင့်)၊ ဒေါ်သန်းမြတို့၏ အစ်ကို၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့နေ (ဦးဇော်ဝင်းမြိုင်)-ဒေါ်ညီညီခိုင်၊ ဒလမြို့နယ်၊ ဗိုလ်ရန်ပြေရပ်ကွက်၊ ဗိုလ်ဥတ္တမ(၁)လမ်း၊ အမှတ်(၁၂၇၂)နေ ဦးခင်မောင်ဦး-ဒေါ်တင့်တင့်မိုး (ဦးစီးအရာရှိ၊ တိုင်းပညာရေးမှူးရုံး၊ ရန်ကုန်)၊ ပုသိမ်မြို့နယ်၊ ကုသေန္နာရုံရပ်ကွက်နေ (ဦးသက်ဝင်း)-ဒေါ်မြင့်မြင့်အေး၊ ဒလမြို့နယ်၊ ဗိုလ်ရန်ပြေရပ်ကွက်၊ ဗိုလ်ဥတ္တမ(၁)လမ်း၊ အမှတ်(၅)နေ ဦးနိုင်ဝင်း (ဒုရဲအုပ်-ငြိမ်း)၊ ဦးအောင်ဘုန်း-ဒေါ်မာမာစန်း၊ အင်းစိန်မြို့နယ်၊ ခဝဲခြံနေ ဦးမောင်မောင်ဦး-ဒေါ်အိငယ်ထွေး (မြပါရမီဆေးရုံ-ရန်ကုန်)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဗိုလ်ရန်ပြေရပ်ကွက်၊ အမှတ်(၅)နေ ဒေါ်နဲနေ (ထက်/ပြ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မြေး ၁၀ ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုး၊ အဘေး ဦးကံရင်သည် ၂၇-၄-၂၀၂၀ (တနင်္လာနေ့) နံနက် ၁:၄၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ခနိတောသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက်တွင် ဗိုလ်ရန်ပြေရပ်ကွက်၊ အမှတ်(၅)နေ ဒေါ်နဲနေ၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးထွန်းထွန်းဦး (တောင်ဥက္ကလာ SONAR တာယာဆိုင်)

**အသက် (၄၉)နှစ်**

တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်နေ (ဦးအောင်မြင့်-ဒေါ်အေးအေးဝင်း)တို့၏ သားကြီး၊ မမိုးသူဇာမြင့်၊ ဒေါက်တာဝင်းနိုင်(USA)၏ အစ်ကို၊ ဒေါ်နှင်းနှင်းအေး၏ ချစ်လှစွာသောခင်ပွန်း၊ မစုယမင်းထွန်း၏ မွေးသဖခင်သည် ၂၇-၄-၂၀၂၀ (တနင်္လာနေ့) နံနက် ၇:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်မြင့်(ခ)အင်ယုံမွှီး

**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ (၂၉)လမ်း၊ အမှတ်(၁၉)၊ လေးလွှာနေ (ဦးအင်မားချောက်-ဒေါ်ငူ)တို့၏ သမီး၊ (ဦးချစ်တင်-ဒေါ်စိန်ပွင့်)တို့၏ ညီမ၊ ဦးစံမြင့်-ဒေါ်စန်းမြ၊ (ဦးမြင့်လွင်)-ဒေါ်စွမ်တီ၊ ဦးမျိုးမြင့်-ဒေါ်နုနုမြင့်၊ ဒေါ်သန်းသန်းအေး-ဦးအောင်သိန်းတို့၏ အစ်မ၊ တူ/တူမ ၁၆ ယောက်တို့၏ အဒေါ်၊ မြေး ၁၉ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၇-၄-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၁:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**အလ္လာအသျှင်မြတ် အမိန့်တော်ခံယူခြင်း**

## ဟာဂျီမ ဒေါ်ခင်ပု

**အငြိမ်းစားကျောင်းဆရာမ၊ အမက(၁၂)၊ အမက(၁၃) တောင်ဥက္ကလာပ**

**အသက်(၉၀)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဆားကုန်းရွာ၊ အာရဗီသိပ္ပံကျောင်း (ဒါယကာ ဦးထွန်းစိန်-ဒါယိကာမ ဒေါ်ဒေါ်မ)တို့၏ သမီး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇဋ္ဌိလ(၂)လမ်း၊ အမှတ်(၉၄၆)နေ ဟာဂျီဦးခင်မောင်သန်း (စစ်ဆေးရေးအရာရှိ-ငြိမ်း၊ ဟိုတယ်/ခရီး)၏ ဇနီး၊ ဦးစိုးမင်းသန်း (Chief Engineer, Myanmar Aurora Shipping)-ဒေါက်တာအေးသီတာသန်း (ကလေးအထူးကု၊ ပါရမီဆေးရုံ)၊ ဒေါက်တာနီလာသန်း (တွဲဖက်ပါမောက္ခ၊ သတ္တဗေဒဌာန၊ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးတိုးဝင်းသန်း-ဒေါ်အေးအေးသိန်း (ဆက်သွယ်ရေး-ငြိမ်း)၊ ဟာဂျီမဒေါ်မိုးသီတာသန်း (လ-ဝ-က-ငြိမ်း)၊ ဟာဂျီမ ဒေါက်တာမျိုးမမသန်း (Swiss Contact Myanmar)၊ ဒေါက်တာဝင့်သူဇာသန်း (တွဲဖက်ပါမောက္ခ၊ကုန်ထုတ်-ဓာတုဗေဒဌာန၊မန္တလေးတက္ကသိုလ်)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်မင်းခန့်အောင်(STI University)၊ မောင်မင်းသန့်အောင်(BISA)တို့၏အဘွား ဟာဂျီမဒေါ်ခင်ပုသည် ၁၆-၄-၂၀၂၀ရက် ည ၈:၄၅ နာရီတွင် အလ္လာအသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၁၇-၄-၂၀၂၀ ရက်တွင် ရေဝေးဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်းနှင့် လိုက်ပါပို့ဆောင်သူ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင် လာရောက်၍ နှစ်သိမ့်အားပေးပါသော ဆွေမျိုးမိတ်ဆွေများနှင့် ဖုန်းဖြင့်လည်းကောင်း၊ Facebook မှ လည်းကောင်း ဝမ်းနည်းကြောင်းဖော်ပြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါက်တာထင်အောင်(မော်လမြိုင်မြို့)

**M.B.,B.S (YGN), D.M.R.T (LONDON)**

**ဌာနမှူး(ငြိမ်း)၊ ဓာတ်ရောင်ခြည်အထူးကုဆရာဝန်ကြီး**

**အသက်(၈၅)နှစ်**

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်းရပ်၊ ရှမ်းစုလမ်း၊ အမှတ်(၁၅)နေ သိမ်ဒါယကာ သစ်ကုန်သည်ကြီး (ဦးမောင်ကြီး-ဒေါ်နှင်းရင်)တို့၏သား၊ ရန်ကုန်မြို့နေ ဒေါ်ခင်စောရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးထင်လင်းအောင်[ဒုတိယညွှန်ကြားရေးမှူး(စီမံ)၊ လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန]-ဒေါက်တာနန်းယဉ်လွင်အေး(ခ)နွေးနွေး [ကထိက၊သားဖွားမီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်]၊ ဒေါ်ခင်ဥမ္မာအောင်-ဦးသန်းဦး (Singapore)၊ ဒေါ်ခင်စန္ဒာအောင်၊ ဦးကျော်လင်းအောင်၊ ဒေါ်ခင်မာလာအောင်-Mr.Zeng XiongYu (Sweden)၊ ဒေါ်ခင်ချောစုအောင်တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မမေမြတ်သဇင်၊ စိုင်းကမ်လီ၊ Neron Aung Zeng၊ Leo Aung Zeng၊ Iris Aung Zeng တို့၏ ချစ်လှစွာသောဘိုးဘိုးကြီး ဒေါက်တာထင်အောင်သည် ၂၅-၄-၂၀၂၀ ရက်နေ့ နံနက် ၁၁:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၂၀ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## ဒေါက်တာမြင့်မြင့်မေ

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ လူမှုဖူလုံရေး**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကတိုးနွယ်ခြံနေ (ဒေါက်တာဦးစိန်မောင်-ဒေါ်ကင်းမေ)တို့၏သမီး၊ (ဒု-ဗိုလ်မှူးကြီးကျော်စိုး)၏ဇနီး၊ ဦးကျော်သက်-ဒေါ်စီစီလျာ၊ ပါမောက္ခဒေါက်တာအေးထွန်း(ဆေး-၂)-ဒုတိယဗိုလ်မှူးကြီး ဒေါ်ယုယုခင်(ငြိမ်း)၊ စိုင်းကျော်မင်းဦး-ဒေါ်ဝင်းဝင်းမေ(ခေတ္တ-စင်ကာပူ)၊ ဦးကျော်ဇောလင်း-ဒေါ်ပေါင်ဇာနီယန်း(ခေတ္တ-စင်ကာပူ)တို့၏ မိခင်၊ မမြတ်နိုးသီရိ၊ မောင်ရဲမွန်သီဟ၊ မပန်းအိဖြူ၊ မောင်ကျော်ဇီဝ၊ မောင်ထက်ဝေယံတို့၏ ချစ်လှစွာသောအဘွားသည် ၂၆-၄-၂၀၂၀ (တနင်္ဂနွေနေ့)နံနက် ၉:၅၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## မာမာအေး(ခ)ထက်ထက်မိုးဦး

**အသက်(၇၀)**

ရန်ကုန်မြို့၊ (၅၇)လမ်း၊ အမှတ်(၁၃၉/၁၄၁-က)နေ ညောင်လေးပင်မြို့၊ အငြိမ်းစား သမာဓိမြို့ဝန်မင်း ဦးချစ်-ဒေါ်ရွှေညွန့်တို့၏ သမီးထွေး၊ ဒေါ်ကြည်ကြည်(ဝဏ္ဏစာပေ)၊ ဒေါ်လှလှ (ဒုတိယ ညွှန်ကြားရေးမှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး၊ ကထိကဟောင်းနိုင်ငံတော်အစိုးရ စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း (လေ့/သု ဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)၊ ကုလသမဂ္ဂ၊ ယခင် UNV Auditor, Uganda၊ ဒေါက်တာဦးစိန်ဝင်း၊ ပါမောက္ခဟောင်း၊ မလေးရှားဆေးတက္ကသိုလ်တို့၏ ညီမအငယ်ဆုံး၊ ဦးလှမြင့် (မန်နေဂျာ၊ AGD ဘဏ်)၏ အစ်မသည် ၂၆-၄-၂၀၂၀ ရက် နံနက် ဝဝ:၁၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁၂:၂၉ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများနှင့် ညီမလေးအားအတိုင်း ထက်အလွန်ချစ်မြတ်နိုးကြသည့် ပြည်တွင်းပြည်ပ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ညီမလေးအား မေတ္တာ အကြင်နာအပြည့်ဖြင့် စောင့်ရှောက်၍ ဆေးဝါးကုသပေးသော ပုဂ္ဂိုလ်အပေါင်းအားလည်း အထူးကျေးဇူးတင်ရှိပါသည်။

ညီမလေး၏ ကျန်ရစ်သူ<br>
အစ်မကြည်၊ အစ်မလေးနှင့်<br>
ကိုလေး-မိသားစု

**အနိစ္စ**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ပုံ(ခ)ဒေါ်မြစိန်

**(ချောင်းဝိုင်းကလေး)**

**အသက်(၉၈)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ မင်္ဂလာဆင်မင်းအိမ်ရာ၊ တိုက်(၅)၊ အခန်း(၂၀၄)နေ (ဦးရွှေရ-ဒေါ်ဖွားညွန့်)တို့၏ သမီး၊ (ဦးညွန့်စိန်)၏ ဇနီး၊ ဦးသာအေး-ဒေါ်မြင့်မြင့် (မြန်မာ့သစ်လုပ်ငန်း)၊ (ဦးမြအောင်)-ဒေါ်ငြိမ်း၊ ဒေါ်နှင်းလှ၊ ဦးစိုးမောင်-[ဒေါ်ကြည်ကြည်မာ (နယ်စပ်/စည်ပင်)]၊ ဦးစံတင်-ဒေါ်နန်းလှတင်(ဘားအံဆေးရုံ)၊ ဦးမြင့်စိုး၊ ဦးမြတ်စိုး-ဒေါ်အေးအေးကြည်၊ ဦးခင်တိုး (M.T.M)-ဒေါ်အေးချိုချိုထွန်းတို့၏ မွေးသမိခင်၊ မြေး ၁၇ ယောက်၊ မြစ် ၁၄ ယောက်တို့၏ ဘွားဘွားကြီးသည် ၂၇-၄-၂၀၂၀ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးသန်းကြည် (ကျုံပျော်)

**အသက်(၈၇)နှစ်**

**အငြိမ်းစားကျောင်းအုပ်ဆရာကြီး (မြဝတီ၊ အမက) ကျုံပျော်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း၊ အမှတ် (၇၄) နေ ဦးကောက်-ဒေါ်စောလှ တို့၏ သား၊ ကျုံပျော်မြို့နယ်နေ ဦးဖိုးဟန်-ဒေါ်ခင်စိန်တို့၏ သားသမက်၊ (ဒေါ်သိန်းကြည်)၏မောင်၊ ဒေါ်သောင်းကြည်၏ ချစ်လှစွာသောခင်ပွန်း၊ မမြင့်မြင့်စိန်၏ ကျေးဇူးရှင်မွေးစားဖခင်ကြီး ဦးသန်းကြည်သည် ၂၇-၄-၂၀၂၀ ရက် နံနက် ၈:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၂၀ ရက် နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဒုတိယဗိုလ်မှူးကြီးခင်မောင်လင်း(ငြိမ်း)

**အသက်(၈၆)နှစ်**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**

**စက်မှုဆောင်ရွက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၃၁/၉၇)နေ [ဒေါ်သန်းသန်းတင်(ခ)ဒေါ်ချိုချိုတင်]၏ ခင်ပွန်း၊ ဒေါ်လှသူဇာ၊ ဦးနေမျိုးခိုင်၊ ဒေါ်ခေမာခိုင်-ဦးခိုင်မင်းထူးတို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၂၆-၄-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၄:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးစိုးသိန်း (ကုန်သွယ်ရေး-ငြိမ်း)

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ (၁၆)လမ်း၊ အမှတ်(၁၀၄၀)နေ (ဦးဟန်မေ-ဒေါ်သေးရီ)တို့၏ သား၊ (ဒေါ်ကျင်ပု)၏ ခင်ပွန်း၊ ဒေါ်ခင်မေ၊ ဦးကြည်မြင့်-ဒေါ်ခင်ရီ၊ ဦးမောင်ကြီး၊ ဦးမောင်ငယ်-ဒေါ်မေကြည်၊ ဒေါ်သိန်းသိန်း၊ ဒေါ်ငွေငွေရီမေတို့၏ အစ်ကိုကြီး၊ ဒေါ်သီတာစိုး၊ ဦးကျော်ကျော်စိုး-ဒေါ်အေးသန္တာကျော်၊ ဦးထွန်းထွန်းအောင်-ဒေါ်သူဇာစိုး၊ ဦးဇေလတ်-ဒေါ်မြမြစိုး၊ ဦးရဲရင့်ကျော်သူ-ဒေါ်ဇင်နွယ်စိုးတို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၂၆-၄-၂၀၂၀ (တနင်္ဂနွေနေ့) ည ၁၀:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးတင်လှိုင်(ကျိုက်လတ်)

**အသက်(၈၂)နှစ်**

**(ဦးလှိုင်နှင့်သားများစက်မှုလက်မှု)**

ကျိုက်လတ်မြို့၊ (၁၀)လမ်းနေ (ဦးဘိုးသာ-ဒေါ်ခင်မြ)တို့၏ သား၊ (ဦးသီလှ-ဒေါ်အေး)တို့၏ သားသမက်၊ သာကေတမြို့နယ်၊ (၄)တောင်ရပ်ကွက်၊ မြို့မ(၃)လမ်း၊ အမှတ်(၅၈၂)နေ ဒေါ်ထားရီ၏ ခင်ပွန်း၊ ဦးစိုးနိုင်-ဒေါ်တင်တင်ညို၊ ဦးမျိုးကြည်-ဒေါ်ဥမ္မာသန့်၊ ဦးနေလင်း-ဒေါ်ချယ်ရီဝင်း၊ ဦးထိန်လင်းအောင်-ဒေါ်ဇင်မာလှိုင်၊ ဦးအောင်နိုင်-ဒေါ်နန္ဒာလှိုင်တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုး၊ (ဦးတင်မောင်)၊ (ဒေါ်ငွေရင်)၊ (ဦးစိန်း)၊ (ဒေါ်သိန်းသိန်း)၊ (ဒေါ်ခင်သန်း)၊ (ဦးတင်အောင်)၊ (ဒေါ်ပု)၊ (ဦးမြ)တို့၏ ညီ/မောင်၊ ဗိုလ်မှူးမောင်ညိမ်း(ငြိမ်း)-ဒေါ်ခင်စန်းရီ၏ အစ်ကိုသည် ၂၇-၄-၂၀၂၀ ရက် နံနက် ၃ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ကျီစုသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းခင်

**အသက် (၈၁)နှစ်**

**ကြို့ပင်ကောက်မြို့**

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ ကုန်းမြင့်ကျေးရွာ၊ ဗညားဒလလမ်းသွယ်နေ (ဦးထွန်းစိန်)၏ဇနီး၊ (ဦးဇေယျ-ဒေါ်ခင်စန်းကြည်)၊ (ဦးဉာဏ်မြင့်)-ဒေါ်ကြည်ကြည်ဝင်း၊ ဦးတင်အောင်-ဒေါ်ဆွေဆွေဝင်း၊ (ဦးကြည်စိုး)၊ ဦးကြည်သန်း-ဒေါ်အေးအေးစိုး၊ ဦးမောင်ပု-ဒေါ်လဲ့လဲ့ဝင်း (ရွှေရောင်သပြေစားသောက်ဆိုင်)၊ ဦးမင်းနိုင်-(ဒေါ်ခင်စန်းမြင့်)၊ ဦးမောင်မောင်စု (ဦးစီးအရာရှိ၊ MRTV)-ဒေါ်ဇင်ကြည်ပြာဝင်း (အေးမျိုးမျိုးစတိုးဆိုင်)တို့၏ မွေးသမိခင်၊ မြေး ၁၆ ယောက်တို့၏ အဘွားသည် ၂၆-၄-၂၀၂၀ ရက် ည ၈:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် သဲတွင်းအနန္တသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဂွါဂလဲဒီအိုလာ(ခ)ဒေါ်မေသစ္စာ

**အသက် (၇၃)နှစ်**

**Lenner Sisters - မေညီမများ**

**လူမှုဝန်ထမ်းဦးစီးဌာန-မူကြို(၄) အလုံ**

**ကျောင်းအုပ်(ငြိမ်း)**

**CRANE INTERNATIONAL SCHOOL MYANMAR (Music Teacher)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်း(မြောက်)ရပ်ကွက်၊ တိုက်(၆)၊ အခန်း(၅)၊ ဝေဠုဝန်အိမ်ရာနေ [ဦးဆယ်မီ(ခ)ဦးစိုင်းခမ်းလွန်း]၏ ချစ်လှစွာသောဇနီး၊ (ဦးမန်းလိုင်းနယ်-ဂွါဂရီးထာ)တို့၏ သမီး၊ မန်းလင်းခန်-ဒေါ်ဗီးနီ၊ (မန်းဗင်းတန်)-ဒေါ်ဂလဲဒစ်စိန်တို့၏ ညီမ၊ ဂွါဂျိုးစဖင်း- Rev. မန်းဘင်စင်၊ ဂွါအယ်နာ-(မန်းစေးဟဲ)တို့၏ အစ်မကြီး၊ တူ/တူမ ၁၁ ယောက်တို့၏ အဒေါ်၊ ကိုရဲအောင်-မပန်းမျိုးအိတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မေခေတ်ဦး၊ မေသစ်ဦးတို့၏ ချစ်လှစွာသော ဘွားဘွားသည် ၂၅-၄-၂၀၂၀ (စနေနေ့) ညနေ ၅:၄၀ နာရီတွင် ဗဟိုရဲစည်ဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၆-၄-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ကာ ကျန်ရစ်သည့် ခန္ဓာအား မြေသို့အပ်နှံ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ နာရေးကိစ္စအဝဝတွင် ဝတ်ပြုဆုတောင်းခြင်း၌ ဦးဆောင်ကူညီပေးသော BRAYTON ပိုးကရင်နှစ်ခြင်းအသင်းတော်မှ သိက္ခာတော်ရ ဆရာတော်ကြီးများအား အထူးကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

# Coronavirus Disease-2019(COVID-19) ရောဂါကာလကို အခွင့်ကောင်းယူ၍ မှုခင်းကျူးလွန်နေမှုများအား ပြည်သူများသို့ အသိပေးနှိုးဆော်ခြင်း

၁။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ(Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease-2019 (COVID-19) စတင်ဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ခရီးသွားလာမှုကန့်သတ်ခြင်း၊ အများပြည်သူတို့၏ လုံခြုံမှုပုံစံကန့်သတ်ခြင်း၊ မြို့/ရွာများ လူဝင်/လူထွက် စိစစ်ခြင်း၊ ခရီးသည်ပို့ဆောင်ရေး ယာဉ်၊ ရထား၊ လေယာဉ်များ ကန့်သတ်ခြင်း၊ ညမထွက်ရအမိန့် ထုတ်ပြန်ခြင်း၊ အထူးသဖြင့် Home Stay နေထိုင်စေခြင်း စသည့် အရေးပေါ် အစီအမံများအား ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ဤကဲ့သို့ ထိန်းချုပ်ဆောင်ရွက်နေရမှုများကို ဒုစရိုက်သမားများ၊ ဝိသမလောဘ စီးပွားရေးသမားများက အခွင့်ကောင်းယူ၍ အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

(က) ဒုစရိုက်သမားများအား ပြင်ပတွင် တွေ့မြင်ရမှုနည်းပါးသွားပြီး Online နှင့် အိမ်တွင်း ကျူးလွန်မှုများအဖြစ်သို့ ပြောင်းလဲသွားခြင်း။

(ခ) ကပ်ရောဂါအပေါ် ကြောက်ရွံ့ခြင်းနှင့် စိုးရိမ်မှုလွန်ကဲလာခြင်းတို့ကြောင့် ပြည်သူများလိုအပ်သည့် အစား အသောက်နှင့် ကျန်းမာရေးအတွက် ဆေးဝါးများကို တုပမှုများလာခြင်းနှင့် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း။

(ဂ) Home Stay ကြောင့် Online Games များ ပိုမိုအသုံးပြုလာကြရာ Cyber ဒုစရိုက်သမားများက Game နည်းလမ်းသစ်များ တီထွင်ထုတ်လွှင့်၍ ငွေကြေးလိမ်လည်မှုများ၊ ကွန်ပျူတာထိခိုက်ပျက်စီးရေး ရည်ရွယ်၍ Malware နှင့် Ransomware ကဲ့သို့သော Virus များနှင့် တိုက်ခိုက်လာခြင်း။

(ဃ) ဆေးရုံများ၏အင်တာနက်နှင့် ချိတ်ဆက်မှုစနစ်များ၊ အရေးပေါ်လူနာခွဲစိတ်မှုများ၊ COVID-19 ကူးစက်ရောဂါကုသမှုနှင့် လူနာစောင့်ကြည့်သည့်စနစ်များအပေါ် ဆိုက်ဘာတိုက်ခိုက်မှုများ ဆောင်ရွက်လာခြင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ■



## ဆီဆိုင်မြို့၌ ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ဆီဆိုင် ဧပြီ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ယနေ့ နံနက် ၈ နာရီက မြို့အဝင်ပေါက်တွင် ဖြတ်သန်းသွားလာသော ပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အသိပညာပေးခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❖

## မိုးညိုမြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါ တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်ဟုန်မြှင့်ဆောင်ရွက်

**မိုးညို ဧပြီ ၂၇**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးအတွက် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၈ နာရီတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ ကျေးရွာများသို့ အသံချဲ့စက်ဖြင့် ကြေညာခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

မြို့နယ်အတွင်း မြို့ပေါ် ရပ်ကွက် (၅)ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၇ အုပ်စုရှိပြီး အုပ်စုအလိုက် အလှည့်ကျသွားရောက်၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ညောင်လေးပင်အုပ်စု၊ အိုးဘိုကျွန်းအုပ်စု၊ ဆုံကုန်းအုပ်စုများရှိ ကျေးရွာများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန် အချက်များ ကြေညာပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ မိမိကစ ကာကွယ်ပါ၊ နေ့စဉ် ဘဝမှာ ခပ်ခွာခွာနေပါ၊ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသူများအတွက် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သော ကျန်းမာရေးဆိုင်ရာ သတိပေးအချက်အလက်များပါဝင်သည့် ဗီနိုင်းပိုစတာများအား မော်တော်ယာဉ်တွင်တပ်ဆင်၍ ပြသပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များအား လမ်းသွားလမ်းလာပြည်သူများနှင့် ကျေးရွာနေပြည်သူများထံ အိမ်တိုင်ရာရောက်ဝေငှပေးခြင်းများဆောင်ရွက်ခဲ့ပြီး ကျေးရွာနေပြည်သူများ အစဉ်သတိပြုနေထိုင်နိုင်ရေးအတွက် စဉ်ဆက်မပြတ် နှိုးဆော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(မိုးညို)**



### ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၂၇

| | |
|---|---|
| မြဝတီ | ၄၁ ဒီဂရီစင်တီဂရိတ် |
| ပဲခူး | ၄၀ ဒီဂရီစင်တီဂရိတ် |
| ရန်ကုန် | ၄၀ ဒီဂရီစင်တီဂရိတ် |
| ကော့ကရိတ် | ၄၀ ဒီဂရီစင်တီဂရိတ် |
| မော်လမြိုင် | ၄၀ ဒီဂရီစင်တီဂရိတ် |

မိုး/ဇလ

ကြေးမုံ အထူးထုတ်

နိုင်ငံတော်အစိုးရ၏

**ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ**

### ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

**ကြေးမုံ ယနေ့ ဖတ်စရာ**

ရန်ဟိုင်းမြို့တော်၌ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်



စာမျက်နှာ » ၁၁

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ အရေးပေါ်ဥပဒေကို မေလကုန်အထိ သက်တမ်း တိုးချဲ့ရန် ထိုင်းဝန်ကြီးချုပ် ဆုံးဖြတ်

စာမျက်နှာ » ၁၃

အီတလီစီးရီးအေအသင်းတွေရဲ့ တစ်ဦးချင်းလေ့ကျင့်ရေးအစီအစဉ် မေ ၄ ရက်တွင် စတင်မည်

စာမျက်နှာ » ၂၇

ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၂၈၊ ၂၀၂၀ (အင်္ဂါနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ဆောင်းပါး – နန္ဒာဝင်း၊ ဓာတ်ပုံ – စိုးမင်းထွန်း

နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ပြီး ကျန်းမာရေးအဆင့်အတန်းမြင့်မားရေးနှင့် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ပြည်သူများက ကုန်ကျစရိတ် သက်သာပြီး အရည်အသွေးကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများကို ကြိုးပမ်းဖြည့်ဆည်းပေးနေသည့် ပြည်သူ့ဆေးရုံနှင့် ဆေးခန်းများအား ပိုမိုအားကိုးလာကြသည်ကို ယခုနှစ်ပိုင်းအတွင်း မြင်သာထင်သာသည့် ပြောင်းလဲမှုအဖြစ် တွေ့မြင်ရပေသည်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး

ပြည်သူများ၏ယုံကြည်အားထားမှုများကို တိုးတက်ရရှိစေရန် ပြည်သူ့ဆေးရုံနှင့် ဆေးခန်းများမှ ဆရာဝန်များအပါအဝင် သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများက ယခုထက် ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန် အားထုတ်ကြိုးပမ်းလျက်ရှိသည်ကို တွေ့မြင်ရပေသည်။

စတုတ္ထ (၁) နှစ်တာကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ကာကွယ်ခြင်းနှင့် ကုသပေးခြင်းလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်မှုများကြောင့် ပြည်သူများက ကျန်းမာရေးဝန်ထမ်းများအပေါ် ထားရှိသည့် အတွေးအခေါ်နှင့် အယူအဆများ ပြောင်းလဲ၍ လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်–၁၉ ရောဂါကို ရှေ့တန်းမှ စွန့်စွန့်စားစား တိုက်ပွဲဝင်နေကြသည့် ကျန်းမာရေးဝန်ထမ်းများအား ပြည်သူအများက တညီတညွတ်တည်း လက်ခုပ်တီး၍ ဂုဏ်ပြုခဲ့ကြသည်။

ထိုလက်ခုပ်သံများသည် စိုးရိမ်ပူပန်မှုနှင့် စိတ်ဖိစီးမှုများအကြား ရုန်းကန်နေရသည့် ဆရာဝန်၊ ဆရာမများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် လုပ်ငန်းတာဝန်များ ပိုမိုထမ်းဆောင်နိုင်ရန် အားဖြည့်ပေးသည့် ခွန်အားတစ်ရပ်လည်း ဖြစ်ပေလိမ့်မည်။

အလားတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် “ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ ဖြစ်ပွားနေစဉ်ကာလတွင် ကိုယ်တိုင်ကူးစက်ခံရနိုင်ခြေများ ရှိသော်လည်း အများပြည်သူရုံးပိတ်ရက်များ အပါအဝင် ၂၄ နာရီပတ်လုံး ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အစွမ်းကုန်ကြိုးပမ်းအားထုတ် ဆောင်ရွက်နေကြသည့် ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိပါတယ်” ဟု ထည့်သွင်းပြောကြားခဲ့သည်။

**၂၀၁၉ ခုနှစ်အတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ဆေးရုံများတွင် ပြင်ပလူနာ စုစုပေါင်း ၁၁ ဒသမ ၉ သန်းနှင့် အတွင်းလူနာ ၃ ဒသမ ၁ သန်း လက်ခံကုသပေးခဲ့ပြီး ခွဲစိတ်ကုသမှုပေါင်း ၇၉၈၄၃၉ ကြိမ် ဆောင်ရွက်ခဲ့**

၂၀၁၉ ခုနှစ်အတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ဆေးရုံများတွင် ပြင်ပလူနာစုစုပေါင်း ၁၁ ဒသမ ၉ သန်းနှင့် အတွင်းလူနာ ၃ ဒသမ ၁ သန်း လက်ခံကုသပေးခဲ့ပြီး ခွဲစိတ်ကုသမှုပေါင်း ၇၉၈၄၃၉ ကြိမ် ဆောင်ရွက်ခဲ့သည်။ အဆိုပါ ခွဲစိတ်ကုသမှုများထဲမှ အထူးခွဲစိတ်ကုသမှုများအနေဖြင့် ရင်ခေါင်းဖွင့် နှလုံးခွဲစိတ်ကုသခြင်း ၁၀၂၇ ကြိမ်၊ နှလုံးသွေးကြောချဲ့ကုသခြင်း ၅၈၇၇ ကြိမ်၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ခွဲစိတ်ကုသခြင်း ၈၅၂ ကြိမ် အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ကုသရေးအပိုင်းသာမက ဆေးရုံ၊ ဆေးခန်းနှင့် ဝန်ထမ်းအိမ်ရာများ အသစ်ဆောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ အရည်အသွေးပြည့်ဝသော ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးခြင်း၊ သတင်းအချက်အလက်များ တိကျပြည့်စုံမှန်ကန်ရေးနှင့် ဘဏ္ဍာစီမံခန့်ခွဲမှုစနစ် ကောင်းမွန်လာစေရေး တို့ကို အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးလွှမ်းခြုံမှုရရှိစေရေးအတွက် အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇ – ၂၀၂၁) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ ၁၉၉၃ ခုနှစ်တွင် ရေးဆွဲခဲ့သည့် အမျိုးသားကျန်းမာရေးမူဝါဒကို ခေတ်၏ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များနှင့် လျော်ညီအောင် ပြင်ဆင်ရေးဆွဲလျက်ရှိသည်။ ပြောင်းလဲလာသည့် ခေတ်အခြေအနေနှင့် လိုက်လျောညီထွေမှုရှိသော မဟာဗျူဟာ၊ နည်းဗျူဟာများကို ပြောင်းလဲကျင့်သုံးလျက်ရှိသည်။

ပြည်သူ့ကျန်းမာရေးကဏ္ဍ တိုးတက်မှုရှိမှသာ တစ်နိုင်ငံလုံးရှိပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ပီပြင်စွာ ဆောင်ရွက်နိုင်မှ များစွာသော မဖြစ်သင့်သည့် ရောဂါများ ဖြစ်ပွားမှုနည်းပါးမည်ဖြစ်ပြီး ဆေးရုံသို့ လာရောက်သော လူနာအရေအတွက်လည်း နည်းပါးလာမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောသည်။

လူနာများ နည်းလာသည်နှင့်အမျှ အရည်အသွေး ပိုမိုကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှုကို ပေးနိုင်မည့်အပြင် ပိုလျှံသော ဘဏ္ဍာငွေကို ခေတ်ပေါ်ပစ္စည်းကိရိယာများနှင့် အရည်အသွေးပြည့်ဝသည့် ဆေးဝါးများကို ဝယ်ယူ၍ ပြည်သူများအား ကုသပေးနိုင်လာမည် ဖြစ်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလ၌ ပြည်သူများ၏ ကျန်းမာရေးစာတတ်မြောက်မှု (Health Literacy) ပိုမိုမြှင့်တင်ရန်ပြုလုပ်ခြင်း၊ လူနာဘေးကင်းလုံခြုံမှု (Patient Safety)၊ ကျန်းမာရေးသတင်းစနစ် ပိုမိုကောင်းမွန်ရေး၊ e-Government စနစ် ပိုမိုထွန်းကားရေး၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများနှင့် ကုသရေးဝန်ထမ်းများ၏ အရည်အသွေးတိုးတက်လာစေရန် လုပ်ငန်းခွင်သင်တန်းများပေးခြင်း၊ ဆေးရုံ၊ ဆေးခန်းများတွင် လိုအပ်သော အရည်အသွေးပြည့်မီသော ဆေးနှင့် ဆေးပစ္စည်းများ


သဃ်န်းကျွန်းဆေးရုံကြီး (၆) ထပ်ဆောင်သစ်ကို တွေ့ရစဉ်။

အထူးကဏ္ဍ [ ခ ] သို့ »»»

»»» အထူးကဏ္ဍ [ က ] မှ

ကို စနစ်တကျ ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေး၊ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ၌ ပိုမိုမြင့်မားလာစေရန်အတွက် အစည်းအဝေးများ၊ သင်တန်းများ၊ ဘွဲ့လွန်ဒီဂရီများ ရရှိစေရန်အတွက် နိုင်ငံခြားသို့ ပိုမိုစေလွှတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတကာအဖွဲ့အစည်းများမှ ပံ့ပိုးသော ထောက်ပံ့ငွေများကို လိုအပ်သည့် ဦးစားပေးလုပ်ငန်းများတွင် စနစ်တကျသုံးစွဲစေခြင်း၊ နိုင်ငံတော်မှ ပံ့ပိုးသော ဘဏ္ဍာငွေကို စနစ်တကျ ခွဲဝေသုံးစွဲပြီး အလေအလွင့် တတ်နိုင်သမျှ နည်းပါးစေရန် ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများ ပိုမိုဆောက်လုပ်ခြင်း၊ ဆေးပညာကျင့်ဝတ်၊ ပြည်သူ့ကျန်းမာရေးကျင့်ဝတ်၊ သူနာပြုနှင့် သားဖွားကျင့်ဝတ်များကို လိုက်နာကျင့်သုံးစေရန် နည်းမျိုးစုံဖြင့် ဆောင်ရွက်ခြင်း၊ ဆရာဝန်များ အရည်အသွေးပြည့်ဝစေရန်အတွက် ရလဒ်အခြေပြု ပေါင်းစည်းဆက်စပ်သင်ကြားခြင်း သင်ရိုးညွှန်းတမ်းကို စတင်အသုံးပြုသင်ကြားခြင်း၊ ပြည်သူများ ကျန်းမာစေရန်အတွက် စစ်မှန်သော အစားအသောက်နှင့် ဆေးဝါးများရရှိရေးအတွက် ရေတို/ရေရှည် စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးခြင်း၊ ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး ဆောင်ပုဒ်နှင့်အညီ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်ခြင်းကို တိုးမြှင့်အားပေးလို့ဆော် ဆောင်ရွက်စေခြင်း စသည်တို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ပီပြင်စွာဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှ ဘဏ္ဍာငွေများကို တိုးမြှင့်ပံ့ပိုးလျက်ရှိရာ ၂၀၁၅ – ၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်ဘီလီယံ ၆၈၀ မှ ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၀၁၈ ဘီလီယံ အထိ တိုးမြှင့်ခွင့်ပြုပေးခဲ့သည့်အပြင် ပြည်ပအကူအညီများအနေဖြင့် ငွေကျပ် ၈၂ ဘီလီယံမှ ၁၃၆ ဘီလီယံအထိ တိုးမြှင့်ရရှိခဲ့သည်။

၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် ကုသရေးဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်းများဝယ်ယူမှုအတွက် ငွေကျပ်ဘီလီယံ ၁၄၀ နှင့် ဆေးရုံသုံးစက်ပစ္စည်းဝယ်ယူမှုအတွက် ငွေကျပ် ၁၁၄ ဘီလီယံ လျာထားသုံးစွဲလျက်ရှိသည်။ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူမှုအတွက် ငွေကျပ်ဘီလီယံ ၄၀ နှင့် စက်ပစ္စည်းဝယ်ယူမှုအတွက် ငွေကျပ် ၆ ဘီလီယံ လျာထားသုံးစွဲလျက်ရှိသည်။

၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်တွင် ဗဟိုအဆင့်ဆေးရုံကြီး၊ ခုတင်(၂၀၀)နှင့်အထက် ဆေးရုံကြီး ၁၆ ရုံတို့အတွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၂ ဒသမ ဝ၈ ဘီလီယံရှိ ကင်ဆာဆေးဝါးများ ဝယ်ယူနိုင်ရန် ရန်ပုံငွေခွဲဝေချထားပေးခဲ့သည်။ ဗဟိုအဆင့်ဆေးရုံကြီး ၁၉ ရုံ၏ အထူးကုသဌာနများအတွက် လိုအပ်သော (နှလုံးဆေးကု၊ နှလုံးခွဲစိတ်၊ ရင်ခေါင်းဆေးကု) ဆေးနှင့် ဆေးပစ္စည်းများဝယ်ယူရန် ရန်ပုံငွေကျပ် ၈ ဒသမ ၅ ဘီလီယံ၊ ဘေးကင်းလုံခြုံစိတ်ချသော သွေးများရရှိစေရေးအတွက် ဆေးနှင့် ဆေးပစ္စည်းများဝယ်ယူရန် ငွေကျပ် ၆ ဒသမ ဝ၉ ဘီလီယံ ခွဲဝေချထားပေးခဲ့သည်။

ကျန်းမာရေးကဏ္ဍတွင် ဘတ်ဂျက်များ ပိုမိုသုံးစွဲလာသော်လည်း ငွေရှိတိုင်း ချက်ချင်းဖြည့်ဆည်း၍ မရနိုင်သည့် ဆေးပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင် လိုအပ်ချက်မှာ ကြီးမားနေဆဲပင်ဖြစ်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ ဝန်ထမ်းခန့်ထားမှုနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက "စုစုပေါင်းခွင့်ပြုအင်အား ၂၀၂၄၈၆ ဦး ရှိတဲ့အနက် လက်ရှိမှာ အရာထမ်းဝန်ထမ်း ၁၈၃၀၇ ဦးနဲ့ အမှုထမ်း ၉၅၄၆၄ ဦး စုစုပေါင်းဝန်ထမ်း ၁၁၃၇၇၁ ဦးနဲ့ လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်လျက်ရှိပါတယ်။ လက်ရှိခန့်ထားတဲ့ ဝန်ထမ်းအင်အားဟာ ခွင့်ပြုအင်အားရဲ့ ၅၆ ရာခိုင်နှုန်းသာ ခန့်ထားနိုင်ပါသေးတယ်။ စတုတ္ထ (၁) နှစ်တာကာလတွင် သစ်လွင်ဆရာဝန် ၇၂၃ ဦး၊ သူနာပြုဆရာမ ၁၇၇၄ ဦး၊ သားဖွားသစ်လွင် ၈၃၉ ဦးနဲ့ အခြားအမှုထမ်း ၁၀၆၂ ဦး စုစုပေါင်းဝန်ထမ်းသစ် ၄၃၉၈ ဦး ခန့်ထားနိုင်ခဲ့ပါတယ်" ဟု ပြောသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂–၁၂–၂၀၁၉ ရက်နေ့က ဖွင့်လှစ်ခဲ့သည့် ဆေးတက္ကသိုလ်(၁) ရန်ကုန်ရှိ ဆေးပညာကျွမ်းကျင်မှု၊ ပုံတူပြုလေ့ကျင့်ရေးနှင့် သုတေသနဌာနအတွင်း လှည့်လည်ကြည့်ရှုစဉ်။

ဝန်ထမ်းများ နေထိုင်ရေး အဆင်ပြေစေရန်အတွက် ၂၀၁၆ ခုနှစ် ဧပြီလမှစ၍ ဝန်ထမ်းအိမ်ရာများကို ဆောက်လုပ်ပေးခဲ့ရာ ယခုနှစ် ဧပြီလအထိ ဆောက်လုပ်ပြီးစီး/ ဆောက်လုပ်ဆဲ ဝန်ထမ်းအိမ်ရာပေါင်း ၄၇၄၇ ခုနှင့် အိမ်ခန်းပေါင်း ၂၃၅၂၂ ခန်း ရှိခဲ့ပြီဖြစ်သည်။

ပြည်သူများကို အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက် ဝန်ထမ်းများ အရည်အသွေးတိုးတက်ရေးနှင့်ပတ်သက်၍ ဆရာဝန်များ၊ သူနာပြုများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ အခြားဝန်ထမ်းများကို ပြည်ပနိုင်ငံများသို့ စေလွှတ်လျက်ရှိရာ ယခုနှစ်အတွင်း Ph.D ဘွဲ့ ၃၁ ဦး၊ M.Sc ၄၇ ဦး၊ ခြောက်လအောက်သင်တန်း ၄၂၁ ဦး၊ ခြောက်လအထက်သင်တန်း ၇၃ဦး၊ အစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲ ၁၉၇၅ ဦး စေလွှတ်နိုင်ခဲ့သည်။

ဝန်ထမ်းများ အရည်အသွေး တိုးတက်စေရန်အတွက် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပခဲ့ရာ ၂၀၁၉ ခုနှစ်အတွင်း ဝန်ကြီးဌာနအနေဖြင့် သင်တန်း ၂၇၅ ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲ ၁၁၂ ကြိမ်နှင့် အစည်းအဝေး ၅၀၈ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး ထွက်ပေါ်လာသော ရလဒ်များ၊ အကြံပြုချက်များကို တိကျစွာဆောင်ရွက်နိုင်ရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ဝန်ဆောင်မှုပေးရာတွင် လျင်မြန်သွက်လက်ပြီး မှန်ကန်တိကျစွာ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် e-Governance System ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဦးစီးဌာနအသီးသီးရှိ ကျန်းမာရေးဌာနများတွင် အောင်မြင်စွာဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်သဖြင့် ကိုဗစ်–၁၉ ရောဂါဆိုင်ရာ အချက်အလက်များကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) နှင့် လူမှုကွန်ရက်စာမျက်နှာတို့မှ တစ်ဆင့် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ၊ အသိပညာများအား အသိပေးတင်ပြလျက်ရှိပြီး ကိုဗစ်–၁၉ နှင့်စပ်လျဉ်း၍ ဗဟိုနှင့် တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်အသီးသီး၏ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်း ဆောင်ရွက်မှု သတင်းနှင့် ထုတ်ပြန်ချက်များ၊ ပြည်သူများအတွက် ကျန်းမာရေးအသိပညာများနှင့် Geographic Information System (GIS) နည်းပညာအသုံးပြု၍ COVID–19 Surveillance Dashboard နှင့် မြေပုံတို့ကို အချိန်နှင့်တစ်ပြေးညီ လွှင့်တင်နိုင်ခဲ့သည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီး၏ အမှာစကားများ၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ ဌာနခွဲများနှင့် ဆေးနှင့် နီးနွှယ်တက္ကသိုလ်များ၏ Website နှင့် Facebook Page များ၊ "A–Z Index" ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စာအုပ်စာတမ်းများနှင့် ကျန်းမာရေးပညာပေး ရုပ်သံဗီဒီယိုဖိုင်များ ဝင်ရောက်ကြည့်ရှုနိုင်သည့် "MoHS Myanmar" Mobile Application ကို ရေးဆွဲခဲ့သည်။ ယခုအခါ အဆိုပါ Application တွင် ကိုဗစ်–၁၉ ဆိုင်ရာ Module အား ထပ်မံဖြည့်သွင်းထားရှိသည်။

ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ နှီးနှောဖလှယ်ပွဲများ၊ ညီလာခံများ၊ ဆွေးနွေးပွဲများဆိုင်ရာ အချက်အလက်များကို ကြည့်ရှုရယူနိုင်သည့် Paperless Workshop System Website (www.event–mohs.gov.mm)၊ "MoHS Events" Mobile Application နှင့် QR (Quick Response) Code များကို ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

"ပြည်သူတွေ လိုအပ်တဲ့ Health Messages တွေပါဝင်တဲ့ Mobile Tablet တွေကို တိုင်းဒေသကြီး/ပြည်နယ် ခုနစ်ခုမှာရှိတဲ့ မြို့နယ်/ တိုက်နယ်ဆရာဝန် ၄၀၄ ဦးနဲ့ အခြေခံကျန်းမာရေးဝန်ထမ်း ၁၀၇၉၂ ဦးကို ဖြန့်ဝေပြီး ကျယ်ပြန့်စွာအသုံးပြုလျက်ရှိသကဲ့သို့ ကျန်တိုင်းဒေသကြီး/ ပြည်နယ်တွေမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်း ၁၆၅၄၅ ဦးကို ဖြန့်ဝေပေးဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ တရုတ်နိုင်ငံမှာ ကိုဗစ်–၁၉ ရောဂါ စတင်ဖြစ်ပွားတဲ့အချိန်က စတင်ပြီး တရုတ်နိုင်ငံနဲ့ နယ်နိမိတ်ထိစပ်လျက်ရှိတဲ့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနဲ့ အရှေ့ပိုင်းမှာရှိတဲ့ မြို့နယ် ၁၁ မြို့နယ်ကို ၂၈၂ လုံးနဲ့ Fever Surveillance Post တွေကို ၅၁ လုံး စုစုပေါင်း Mobile Tablet ၃၃၃ လုံး၊ ကျန်တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခုမှာရှိတဲ့ မြို့နယ်/တိုက်နယ်ဆရာဝန် ၇၂၂ ဦးကို Mobile Tablet တွေ ထပ်မံဖြန့်ဝေခဲ့ပြီး Mobile Device Management System (MDM) အသုံးပြုပြီး ကိုဗစ်–၁၉ ဆိုင်ရာ အချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီ ပေးပို့လျက်ရှိပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

ဆေးရုံအခြေပြု ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းအနေဖြင့် သွေးတိုး၊ ဆီးချို၊ သွေးလွန်တုပ်ကွေးနှင့် ရာသီတုပ်ကွေး အစရှိသည့်ရောဂါ ၁၀ မျိုးဆိုင်ရာ ကျန်းမာရေးပညာပေးပိုစတာနှင့် လက်ကမ်းစာစောင်များ၊ ရုပ်သံဗီဒီယိုများကို ရောဂါတစ်ခုချင်းအလိုက် ဝင်ရောက်ကြည့်ရှုနိုင်သည့် QR Code များ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဝန်ထမ်းရေးရာကိစ္စရပ်များအတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်အင်အားစာရင်း (Electronic Database)ကို ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်းမာရေးသတင်းအချက်အလက်ဆိုင်ရာ ဆောင်ရွက်ချက်များ DHIS2 စနစ်အသုံးပြု၍ အီလက်ထရွန်နစ်ကျန်းမာရေးသတင်းစနစ်(e–HMIS) ဆောင်ရွက်ခဲ့သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အီလက်ထရွန်နစ် ရုံးစာစီမံခန့်ခွဲမှုစနစ် (Electronic In–house Memo Transmission System) ကို စတင်ဆောင်ရွက်နိုင်ရန် ရေးဆွဲလျက်ရှိသည်။



ကျန်းမာရေးဆရာမတစ်ဦး Tablet ဖုန်းအသုံးပြု၍ ကျန်းမာရေးအသိပညာပေးနေမှုကို ၉–၆–၂၀၁၉ ရက်နေ့က တွေ့ရစဉ်။

## ကုသရေးဦးစီးဌာန

ကုသရေးကဏ္ဍအနေဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် (၁၆) ခုတင်ဆံ့မှ ခုတင် (၂၀၀၀) ဆံ့အထိ စုစုပေါင်းဆေးရုံ ၁၁၅၂ ရုံနှင့် ခုတင်ပေါင်း ၅၅၃၉၄ ခုဖြင့် ကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိပြီး လှိုင်သာယာ တိုးချဲ့(၄)ထပ်လူနာဆောင်၊ တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးနှင့် ကလေးဆေးရုံ တိုးချဲ့(၄)ထပ်ဆောင်၊ မော်လမြိုင် ပြည်သူ့ဆေးရုံကြီး တိုးချဲ့(၄) ထပ်ဆောင်၊ မော်လမြိုင် အမျိုးသမီးနှင့် ကလေးဆေးရုံကြီး တိုးချဲ့(၅)ထပ်ဆောင်၊ တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံ(၄)ထပ်ဆောင်၊ စစ်တွေ ပြည်သူ့ဆေးရုံကြီး တိုးချဲ့(၄)ထပ်ဆောင်နှင့် မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီး တိုးချဲ့ (၄)ထပ်ဆောင် စသည့် ကုသရေးဆိုင်ရာ ဆေးရုံများကို အသစ်တိုးချဲ့တည်ဆောက်နိုင်ခဲ့သည်။

ကုသရေးပိုင်းရှိ ဆရာဝန်၊ ဆရာမနှင့် နီးနွှယ်ကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေး တိုးတက်ရေးအတွက် ပြည်ပနိုင်ငံများမှ ဆေးရုံကြီးများ၊ တက္ကသိုလ်များနှင့် ပူးပေါင်းပြီး စာတွေ့လက်တွေ့ မွမ်းမံသင်တန်းများ

အထူးကဏ္ဍ [ ဂ ] သို့ »»»

»»» အထူးကဏ္ဍ [ ခ ] မှ

ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ မြန်မာနိုင်ငံ ဆရာဝန်အသင်း လက်အောက်ရှိ ဆေးပညာအဖွဲ့များသည် နိုင်ငံတကာ ဆေးပညာညီလာခံများကို အိမ်ရှင်အဖြစ်ကျင်းပခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းရည်ကို မြှင့်တင်ပေးနိုင်ခဲ့သကဲ့သို့ အလုပ်သင်ဆရာဝန်များ၏ အရည်အသွေး မြင့်မားရေးအတွက် သင်ရိုးညွှန်းတမ်းအသစ်ဖြင့် လေ့ကျင့်သင်ကြားလျက်ရှိသည့်အပြင် မြန်မာနိုင်ငံ၏ ဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူ၊ သိုလှောင်၊ ဖြန့်ဖြူးရေးစနစ် ပိုမိုကောင်းမွန်စေရန်အတွက် Health Supply Chain Management Certificate သင်တန်းကို ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)၌ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထို့ပြင် ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)၌ သားသမီးရလိုသူများအတွက် Fertility Centre ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဒုတိယမြောက် ဖန်ပြွန်သန္ဓေသားနှင့် တတိယမြောက် ဖန်ပြွန်သန္ဓေသားတို့ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသော လူနာများ အချိန်မီ အသက်ကယ်ကုသနိုင်ရေးအတွက် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးရှိ အရေးပေါ်ဌာနများကို အဆင့်မြှင့်တင်ထားရှိနိုင်ခဲ့ပြီး ပုသိမ်ပြည်သူ့ဆေးရုံကြီးနှင့် မော်လမြိုင်ပြည်သူ့ဆေးရုံကြီးများတွင် အထူးကြပ်မတ်ကုသဌာန (Intensive Care Unit) များ တိုးချဲ့ပြည်သူ့ဆေးရုံများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စံပြမြို့နယ်ဆေးရုံနှင့် စံပြတိုက်နယ်ဆေးရုံများကို ဆေးရုံများ၏ လုပ်ငန်းစွမ်းဆောင်ရည်ပြအညွှန်းကိန်းအပေါ်အခြေခံ၍ ရွေးချယ်ဆုချီးမြှင့်ပေးနိုင်ခဲ့သည်။

အထူးသင်တန်းများအနေဖြင့် Basic Endoscopic Training သင်တန်းတွင် ၁၅၄ ဦး၊ Cardiopulmonary Resuscitation Training သင်တန်းတွင် ၇၈ ဦး၊ Management of Head Injury Training သင်တန်းတွင် ၃၀၊ Hemodialysis Training သင်တန်းတွင် ၃၁ ဦးနှင့် Neonatal Intensive Care Training သင်တန်းတွင် ၄၉ ဦးတို့ကို ဗဟိုအဆင့်ဆေးရုံကြီးများ၌ သင်ကြားပေးနိုင်ခဲ့သည်။

အထူးကြပ်မတ်ကုသခြင်းသင်တန်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးတို့တွင် တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံ၏ အရေးပေါ်အသက်ကယ်ဌာနကို နေပြည်တော်၌ ဖွင့်လှစ်၍ ရှေးဦးအသက်ကယ်ပြုစုခြင်းသင်တန်းနှင့် အရေးပေါ်အသက်ကယ်သင်တန်းများကို စနစ်တကျ သင်ကြားပေးလျက်ရှိသည်။

အမျိုးသားသွေးလှူဌာနသည် ပြည်သူ့ဆေးရုံများနှင့် ပုဂ္ဂလိကဆေးရုံများမှ လူနာများ၏ အရေးပေါ် သွေးလိုအပ်ချက်များကို ထောက်ပံ့လျက်ရှိရာ ဆေးရုံပေါင်း ၃၀ ခန့်သို့ လစဉ်ထောက်ပံ့လျက်ရှိပြီး တစ်နှစ်လျှင်ရှိသည်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ဖွဲ့စည်းပုံအသစ်တိုးချဲ့နိုင်ခဲ့သော ကျေးလက်ကျန်းမာရေးဌာန ၇၁ ဌာနရှိပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ ၉၂ ခုကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။

ထို့ပြင် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများဖြစ်သည့် ကျေးလက်ကျန်းမာရေးဌာန ၄၁၃ ဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၃၇၄ ခု၊ ဒေသန္တရဆေးခန်း ၉ ခန်း၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန ၂၇ ဌာန၊ သားဖွားခန်း ၉ ခန်း၊ ရုံး ၁၀၅ ရုံးနှင့် ဆေးသိုလှောင်ရုံ ၃၃ ခု တို့ကို အသစ်ဆောက်လုပ်ဖွင့်လှစ်ပေးခဲ့ပြီး ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း ၈၀ နှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးကာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်း**

ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ(၁၉၉၅)ကို ခေတ်နှင့် လျော်ညီစွာ ပြည့်စုံအောင် ပြင်ဆင်ရေးဆွဲထားသည့် ဥပဒေမူကြမ်းကို အတည်ပြုနိုင်ရန် လွှတ်တော်သို့ တင်သွင်းထားကြောင်း၊ မြန်မာနိုင်ငံ ရောဂါကာကွယ်၊ ထိန်းချုပ်၊ နှိမ်နင်းရေးဗဟိုဌာနကို တည်ဆောက်နိုင်ရေးအတွက် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နယ်စပ်ဒေသများတွင် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးအတွက် ခတ်ခွဲလုပ်ငန်းများနှင့် ဆေးရုံများတွင် ကူးစက်ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရန်အတွက် နှစ်စဉ်လုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်လျက်ရှိသည်။ ကူးစက်ရောဂါဆိုင်ရာ လက်တွေ့ ကွင်းဆင်းဆောင်ရွက်ခြင်း ၉ လသင်တန်းကို စတင်ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် National One Health Strategic Framework and Action Plan of Myanmar (2019–2023) ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းရေးဆွဲခဲ့ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ အသည်းရောင်အသားဝါ (စီ) ရောဂါပိုး ဖြစ်ပွားသူ ၃၂၅၇ ဦးကို Direct Acting Antiviral ဆေးဝါးများဖြင့် အခမဲ့ဆေးကုသမှုပေးနိုင်ခဲ့သည်။

**HIV/AIDS တိုက်ဖျက်ရေးလုပ်ငန်း**

HIV ဖြစ်ပွားမှုများသော မြို့နယ်များတွင် ART ဆေးကုသပေးသည့်ဌာနများကို ၃၉၇ ခုနှင့် ART ဆေးတိုက်ကျွေးခြင်းကို ၁၈၄၆၈၄ ဦးအထိ ဆေးပေးနိုင်ခဲ့ပြီး ခန့်မှန်း HIV ပိုးကူးစက်ခံနေရသူများ၏ ၇၇ ရာခိုင်နှုန်းအထိ တိုးမြှင့်ကုသမှုပေးနိုင်ခဲ့သည်။

**တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း**

တီဘီရောဂါ ကာကွယ်ခြင်း၊ ရှာဖွေခြင်းနှင့် ကုသခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ စုစုပေါင်းတီဘီလူနာသစ် ၁၃၃၀၉၅ ဦးကို အခမဲ့ရှာဖွေကုသပေးနိုင်ခဲ့ပြီး ဆေးကုသမှု အောင်မြင်နှုန်း ၈၇ ရာခိုင်နှုန်း ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

**ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်း**

၂၀၁၉ ခုနှစ်တွင် ငှက်ဖျားရောဂါ ပပျောက်ရေးလုပ်ငန်းများကို တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် လွှမ်းခြုံဆောင်ရွက်နိုင်ခဲ့ပြီး စုစုပေါင်း ၂၁၁ မြို့နယ်တွင် လုပ်ငန်းဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ငှက်ဖျားရောဂါဖြစ်ပွားသူပေါင်း ၇၆၅၁၈ ဦး ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ၄၉၆၉၄ ဦးသာ ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၉ ဦးသာရှိခဲ့သည်။

**အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်း**

အနာကြီးရောဂါလူနာသစ်ပေါင်း ၂၄၈၈ ဦးကို ရှာဖွေဖော်ထုတ် ဆေးဝါးကုသမှုပေးခဲ့ပြီး MDT ဆေးစံချိန်ပြည့် သောက်သုံး၍ ရောဂါပျောက်ကင်းသွားသော လူနာပေါင်း ၂၂၉၆ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း**

မွေးကင်းစအရွယ်မှစ၍ ကလေးများအား ကာကွယ်ဆေး အမျိုးအစားအသစ်များကို တိုးမြှင့်ထိုးနှံတိုက်ကျွေးလျက်ရှိရာမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှစ၍ ပြင်းထန်ဝမ်းလျှော၊ ဝမ်းပျက်ကာကွယ်ဆေး (Rota virus vaccine)ကို ထပ်မံထည့်သွင်းတိုက်ကျွေးနိုင်ခဲ့သဖြင့် ယခုရောဂါ ၁၂ မျိုးကို ကာကွယ်ပေးနိုင်ပြီဖြစ်သည်။

**မကူးစက်နိုင်သော ရောဂါများ**

မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် NCD Risk Factors Reduction Task Force ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး စီမံချက်၁၁ ခုဖြင့် မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်ပေါင်း ၂၃၂ မြို့နယ်ရှိ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများတွင် ဆီးချို/ သွေးတိုးရောဂါလူနာ စုစုပေါင်း ၁၂၈၈၀၃၇ ဦး စမ်းသပ်စစ်ဆေးပေးခဲ့ပြီး ဆီးချိုရောဂါလူနာ ၁၅၇၅၂ ဦးနှင့် သွေးတိုးလူနာ ၃၃၁၄၄၂ ဦး ရှာဖွေဖော်ထုတ် ကုသမှုပေးနိုင်ခဲ့သည်။ နှလုံးသွေးကြောရောဂါ ကာကွယ်ရေး၊ ကုသရေး လမ်းညွှန်စာအုပ်ထုတ်ဝေခဲ့ပြီး ဆရာဝန်များကို ဆရာဖြစ်သင်တန်းများ ပို့ချနိုင်ခဲ့သည်။

ထို့ပြင် ကင်ဆာရောဂါဆေးသွင်းကုသခြင်းနှင့် နာကျင်မှုသက်သာရေး ပြုစုကုသရေးလုပ်ငန်းများကို ဆောင်ရွက်နေသော သူနာပြုဆရာမများအား အရည်အသွေး တိုးတက်စေရန်နှင့် ကျွမ်းကျင်မှု ပိုမိုရှိစေရန် သင်တန်းများ ပို့ချပေးနိုင်ခဲ့သည်။

**မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေး**

ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု လွှမ်းခြုံနိုင်သည့်လုပ်ငန်းကို အစိုးရသက်တမ်းတစ်လျှောက်တွင် တစိုက်မတ်မတ်စွမ်းဆောင်ခဲ့ရာ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုနှုန်းသည် ၉၇ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးမြှင့်လာပြီး ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများနှင့် မွေးဖွားမှုနှုန်းမှာ ၈၂ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးမြှင့်လာခဲ့သည်။

မိခင်သေဆုံးမှု လျော့နည်းကျဆင်းရေးအတွက်လည်း ရေးဆွဲချမှတ်ထားသော နည်းဗျူဟာများ Ending Preventable Maternal Mortality Strategy အရ မိခင်သေဆုံးမှု အဖြစ်များသော တိုင်းဒေသကြီး ၅ ခုရှိ မြို့နယ် ၁၆ မြို့နယ်တွင် မိခင်သေဆုံးမှု စောင့်ကြပ်ကြည့်ရှု၊ တုံ့ပြန်ဆောင်ရွက်ခြင်းစနစ် ဆင့်ပွားသင်တန်းများပို့ချခြင်း၊ ဟောပြောပွဲများ၊ အသိပေးဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့် အားဖြည့်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ကလေးကျန်းမာရေးဖွံ့ဖြိုးရေး**

လူထုအခြေပြု ကျန်းမာရေးလုပ်သားများ အိမ်တိုင်ရာရောက် ကလေးပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းအတွက် ပြည်နယ်/တိုင်းဒေသကြီးအဆင့် သင်တန်းဆရာများမွေးထုတ်ပြီး တနင်္သာရီတိုင်းဒေသကြီးရှိ မြို့နယ် ၁၀ မြို့နယ်၌ Quality Improvement Approach for Newborn Health ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

ရှေးဦးကလေးသူငယ် ဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်း Early Childhood Development (ECD) အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးမှ သင်တန်းဆရာများကို ဗဟိုအဆင့်ဆရာဖြစ်သင်တန်းနှင့် ဆင့်ပွားသင်တန်းများ အဆင့်ဆင့်ဆောင်ရွက်လျက်ရှိသည်။

**ကျောင်းကျန်းမာရေး**

အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် မူးယစ်ဆေးဝါးအန္တရာယ် ကင်းစင်ပပျောက်ရေး၊ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ကွမ်းယာသုံးစွဲမှု ကင်းစင်ပပျောက်ရေး၊ အရက်အလွန်အကျွံသောက်သုံးခြင်းနှင့် နောက်ဆက်တွဲအန္တရာယ်များ လျှော့ချရေး၊ ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုဘဝပုံစံများ လိုက်နာကျင့်သုံးဆောင်ရွက်ရေး၊ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်တို့ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု လျော့နည်းပပျောက်ရေး၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများကို ထည့်သွင်းသင်ကြားပေးနိုင်ရေးနှင့် ကျောင်းသားကျောင်းသူများတွင် ဂိမ်းအလွန်အကျွံစွဲလမ်းမှု ပပျောက်ရေး စသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်ရန် လမ်းညွှန်ချက် ခုနစ်ရပ်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ချမှတ်ပေးခဲ့သဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် အဖွဲ့ ၂၅-၁-၂၀၂၀ ရက်နေ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးစဉ်။

ဖွင့်လှစ်နိုင်ခဲ့သည်။

ထို့အတူ အဆင့်မြင့်ကျောက်ကပ်သွေးသန့်စင်သည့်ဌာနများကို ဟားခါး၊ ဖလမ်းနှင့် အင်းစိန်ပြည်သူ့ဆေးရုံကြီးများတွင် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။ ပြည်သူ့ဆေးရုံများတွင် လူနာများကို မှန်ကန်သောကုထုံးများဖြင့် ကုသမှုဆောင်ရွက်နိုင်ရန်အတွက် များစွာသော ကုထုံးလက်စွဲစာအုပ်များ၊ ဆေးကုသရေးဆိုင်ရာ လမ်းညွှန်ချက်များကိုပြုစု၍ ပြည်သူ့ဆေးရုံများသို့ ဖြန့်ဝေသင်တန်းပေးနိုင်ခဲ့သည်။

ပြည်သူ့ဆေးရုံအခြေပြု ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများကို QR Code System ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဗဟိုအဆင့်ဆေးရုံများ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်နှင့် ခရိုင်အဆင့် ပြည်သူ့ဆေးရုံများတွင် ရှေ့ပြေးစမ်းသပ်မှုပြုလုပ်ခဲ့ရာ အောင်မြင်သည့်အတွက် ဆက်လက်၍ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူ့ဆေးရုံများ ဆေးကုသမှု အရည်အသွေး ပြည့်ဝစေရန်၊ သန့်ရှင်းသပ်ရပ်ပြီး ပြည်သူလူထု ယုံကြည်အားထားရသည့်သွေးယူနစ်စုစုပေါင်း ၁၉၄၅၂၂ ယူနစ် ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။

"အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)နဲ့ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)တို့ကို အထွေထွေပြုပြင် ထိန်းသိမ်းမွမ်းမံခြင်းနဲ့ လက်ရှိ အမျိုးသား ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနကို ဇီဝလုံခြုံမှုအဆင့်(၂) Biosafety Level-2 Laboratory လေးခန်းနဲ့ ဇီဝလုံခြုံမှုအဆင့်(၃) Biosafety Level-3 Laboratory နှစ်ခန်းစတဲ့ ဓာတ်ခွဲစမ်းသပ်ခန်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေ စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အလားတူ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာန (မန္တလေး)ကို WHO Sub-National Measles Lab အဖြစ် အသိအမှတ်ပြုနိုင်ခဲ့ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

ပြည်သူ့ကျန်းမာရေးကဏ္ဍတွင် ဒေသန္တရ/ မိခင်နှင့် ကလေးကျန်းမာရေးဌာန ၄၄၁ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၈၄၉ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲပေါင်း ၈၇၀၀ ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်

ပြည်သူများကို ထိရောက်စွာကုသပေးနိုင်ရန် ဆေးအလေအလွင့်နည်းပါးစေရန်အတွက် ခွေးကိုက်လူနာကုသမှုဌာနများကို ရန်ကုန်မြို့ရှိ ပြည်သူ့ဆေးရုံကြီး လေးရုံတွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆက်လက်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

"ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးနဲ့ ပဋိဇီဝပစ္စည်းတွေကို နိုင်ငံတော်က ငွေကျပ် ၄၂၈၉ သန်းဖိုးခန့် ဝယ်ယူပြီး ကုသမှုတွေပေးခဲ့တဲ့အတွက် ၂၀၁၁ ခုနှစ်မှာ ခွေးရူးပြန်ရောဂါနဲ့ သေဆုံး သူ ၂၄၅ ဦးရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ၆၈ ဦးအထိ လျော့ကျလာခဲ့ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောသည်။

အထူးကဏ္ဍ [ ဃ ] သို့ »»»

»»» အထူးကဏ္ဍ [ ၈ ] မှ
လျက်ရှိသည်။

**အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသန**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းပြီး ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ၅ နှစ်စီမံကိန်းကို ၂၀၂၀ – ၂၀၂၅ အတွက် ရေးဆွဲနိုင်ခဲ့သည်။

မိခင်နို့ စနစ်တကျတိုက်ကျွေးခြင်းနှင့် ဖြည့်စွက်စာ စနစ်တကျကျွေးမွေးခြင်း အလေ့အထများ ပိုမိုဖြစ်ထွန်းလာစေရန် ပြည်သူလူထုအတွင်း နှစ်နှစ်အောက် ကလေးသူငယ်များ အစာကျွေးခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်းတို့ကို ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် အခြေခံကျန်းမာရေးပညာရှင်များက ဆောင်ရွက်ပေးလျက်ရှိသည်။

**ကျန်းမာရေးအသိပညာမြှင့်တင်ရေး**

ပြည်သူများ မှန်ကန်သော ကျန်းမာရေးသတင်းအချက်အလက်များ လက်လှမ်းမီရရှိနိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များစာအုပ် Standardized Health Messages Book – Version 1.0 ကို ပြုစုထုတ်ဝေဖြန့်ချိနိုင်ခဲ့ပြီး Social media များ အသုံးပြုနိုင်မည့် အင်တာနက်အခြေပြု Version 2.0 ကို ထုတ်ဝေနိုင်ခဲ့သည်။

ပြည်သူလူထုအတွင်း ကျန်းမာရေးဆိုင်ရာ သတင်းအချက်လက်များကို တိကျမှန်ကန်စွာရရှိနိုင်ရန်နှင့် အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်ရန် ကျန်းမာရေးဆိုင်ရာ နှိုးဆော်ချက် ၇၀ ခန့်ကို နိုင်ငံပိုင်သတင်းစာများ၊ FM ရေဒီယို၊ ဝန်ကြီးဌာန၏ Website များတွင် ပုံမှန်ထည့်သွင်းဖော်ပြလျက်ရှိသည်။

မိုဘိုင်းဖုန်းကိုအသုံးပြု၍ မိမိတို့သိလိုသည့် ရောဂါအလိုက် QR Code များကို Scan ဖတ်၍ Information Technology နည်းပညာဖြင့် အင်တာနက်မှတစ်ဆင့် ချိတ်ဆက်၍ ရောဂါအလိုက် ကျန်းမာရေးအသိပညာပေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေးပညာပေး အထောက်အကူပြုပိုစတာ ၃၃ မျိုးနှင့် တိုက်တွန်းနှိုးဆော်ချက် ၃၉ မျိုး၊ တိုင်းရင်းသားဘာသာစကားအသံဖိုင် ၄၆ မျိုး၊ ပိုစတာ(တိုင်းရင်းသား ဘာသာစကား) ၁၉ မျိုး၊ ရုပ်/သံဖိုင်ပေါင်း ၃၀၊ တိုင်းရင်းသားဘာသာစကားဖြင့် ရုပ်/သံဖိုင် ၅ မျိုး စုစုပေါင်း ၁၇၂ မျိုး ပြုစုထုတ်ဝေခဲ့ပြီးဖြစ်သည်။

"ဗဟိုနဲ့ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတို့မှာ ကိုဗစ်–၁၉ ရောဂါ ကျန်းမာရေးပညာပေး အထောက်အကူပစ္စည်း (ပိုစတာ၊ လက်ကမ်းစာစောင်၊ စတစ်ကာ၊ ဗီနိုင်း၊ မြေစိုက်ပိုစတာ)တွေကို GAVI, UNICEF တို့ရဲ့ ပူးပေါင်းကူညီမှုအပါအဝင် စုစုပေါင်းငွေကျပ်သိန်း ၂၀ နီးပါး ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ ဒါ့ပြင် COVID–19 QR Code ကို Scan ဖတ်၍ ပညာပေးသတင်းအချက်အလက်တွေကို သိရှိနိုင်အောင် ပြုစုထုတ်ဝေခဲ့ရာ ၎င်း QR Code ကို Scan ဖတ်၍ ကြည့်ရှုသူပေါင်း ၁၄၀၀၀၀ ခန့်ရှိပြီဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

ပြည်သူလူထုအတွင်း ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေးအသိပညာပေး အချက်အလက်များကို ပိုမိုထိရောက်စွာ ရောက်ရှိရေးအတွက် လက်ကိုင် အသံချဲ့စက်ငယ်များမှတစ်ဆင့် ကြေညာခြင်းတွင် အသုံးပြုနိုင်ရန် အသံဖိုင်ပေါင်း ၃၇ မျိုး ဖြန့်ဝေထားသည်။

**လူ့စွမ်းအားအရင်းအမြစ်**

မြန်မာနိုင်ငံ ဆေးပညာရပ်ဆိုင်ရာဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့သည်။ မိသားစုကျန်းမာရေး ဆေးပညာမဟာသိပ္ပံ M.Med.Sc. (Family Medicine) သင်တန်းကို ဖွင့်လှစ်နိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းရေးဆွဲပြီးဖြစ်၍ မကြာမီဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ လူနာများ ဘေးကင်းလုံခြုံရေးနှင့် ရောဂါပိုးကာကွယ်နှိမ်နင်းခြင်း (Patient Safety and Infection Prevention and Control) နှင့်ပတ်သက်သည့် သင်ခန်းစာများကို ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းသင်ကြားလျက်ရှိပြီး သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ တက္ကသိုလ်များအကြား ပညာရပ်ဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာပေါင်း ၉၆ ခုအထိ လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့သည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး မန္တလေးမြို့၌ ၂၀-၇-၂၀၁၉ ရက်နေ့က ကျင်းပသည့် ပိုလီယိုပပျောက်ရေးအထိမ်းအမှတ် လူထုလှုပ်ရှားမှု အသွင်ဖြင့် စက်ဘီးစီးနင်းမှုတွင် ပါဝင်ဆင်နွဲစဉ်။

"လက်ရှိ ဒီပလိုမာသင်တန်း ၁၄ ခု၊ မဟာသိပ္ပံသင်တန်း ၅၈ ခု၊ ပါရဂူဘွဲ့လွန်သင်တန်း ၁၅ ခုနဲ့ ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်း ၄၉ ခု စုစုပေါင်းဘွဲ့လွန်သင်တန်းပေါင်း ၁၃၆ ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီး ဆေးပညာဘွဲ့ ၁၄၆၅ ဦး၊ သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ ၂၄၄ ဦး၊ ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့ ၂၈၅ ဦး၊ ဆေးဝါးသိပ္ပံဘွဲ့ ၂၃၈ ဦး၊ သူနာပြုသိပ္ပံဘွဲ့ ၁၁၁၆ ဦး၊ သူနာပြု ဒီပလိုမာ ၁၆၅၈ ဦး၊ သားဖွားဆရာမ ၁၃၅၁ ဦး အပါအဝင် စုစုပေါင်း ပညာရှင် ၇၀၀၀ ခန့်ကို လေ့ကျင့်မွေးထုတ်ပေးနိုင်မှာဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

ဝေးလံခက်ခဲဒေသများတွင် တာဝန်ထမ်းဆောင်ရန် ဒေသခံဆရာဝန်များ မွေးထုတ်ပေးနိုင်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုပေးနိုင်ရန်အတွက် သွားလာရေးနှင့် လူမှုရေး ခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများကို ယခုပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူ ၅၉ ဦးအား ဆေးတက္ကသိုလ်များသို့ တက်ရောက်ခွင့်ပြုခဲ့သည်။

ထို့ပြင် ဆရာဝန်၊ ဆရာမများနှင့် နှီးနွှယ်ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်စေရန်အတွက် အထပ်ပေါင်း (၈)ထပ်ပါဝင်သော Medical Skills, Simulation and Research Center ကို ဆေးတက္ကသိုလ်(၁) ရန်ကုန်၌ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ဆေးတက္ကသိုလ်များ၏ ဆေးပညာဘွဲ့ကြိုသင်ရိုးညွှန်းတမ်းအား သမားရိုးကျသင်ကြားနည်းမှ နိုင်ငံတကာတွင် သင်ကြားလျက်ရှိသော သင်ကြားမှုစနစ်များနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် မျှော်မှန်းရလဒ် အခြေခံသော စုစည်းချိတ်ဆက်သင်ကြားနည်းဖြင့် သင်ကြားသော သင်ရိုးညွှန်းတမ်း – Outcome Based Integrated Curriculum ဖြင့် စတင်သင်ကြားလျက်ရှိသည်။ Bachelor of Midwifery Sciences (B.M.Sc) Curriculum နှစ်နှစ်ကို အသစ်ရေးဆွဲနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်မှစ၍ စတင်ဖွင့်လှစ်သင်ကြားနိုင်ရန် စီစဉ်လျက်ရှိသည်။

သူနာပြု / သားဖွားဒီပလိုမာ (၃)နှစ်သင်တန်းတွင် ယခင်နှစ်များထက် နှစ်ဆ ပိုမိုတိုးမြှင့်ကာ ၃၇၆၉ ဦး၊ ဘက်စုံသားဖွားဒီပလိုမာ နှစ်နှစ်သင်တန်းတွင် ၃၇၆ ဦးနှင့် အမျိုးသမီးကျန်းမာရေး ဆရာမသင်တန်းတွင် ၁၅၂ ဦး တက်ရောက်ခွင့်ပြုခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် သူနာပြု–သားဖွား ၄၈၀၀ အထိ တိုးမြှင့်ခေါ်ယူရန် စီမံချက်ရေးဆွဲပြီးဖြစ်သည်။

> **ပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေး ပညာပေးအထောက်အကူပြုပိုစတာ ၃၃ မျိုးနှင့် တိုက်တွန်းနှိုးဆော်ချက် ၃၉ မျိုး၊ တိုင်းရင်းသားဘာသာစကား အသံဖိုင် ၄၆ မျိုး၊ ပိုစတာ (တိုင်းရင်းသားဘာသာစကား) ၁၉ မျိုး၊ ရုပ်/သံဖိုင်ပေါင်း ၃၀၊ တိုင်းရင်းသားဘာသာ စကားဖြင့် ရုပ်/သံဖိုင် ၅ မျိုး စုစုပေါင်း ၁၇၂ မျိုး ပြုစုထုတ်ဝေခဲ့ပြီးဖြစ်**

**ဆေးသုတေသနဦးစီးဌာန**

ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်ရုံးခွဲ) တွင် သုတေသနစွမ်းဆောင်ရည် လေ့ကျင့်မြှင့်တင်ရေးဗဟိုဌာန – Research Capacity Strengthening Training Centre ကို ဖွင့်လှစ်နိုင်ခဲ့ပြီး ယင်းဗဟိုဌာန၌ သုတေသနစွမ်းဆောင်ရည်မြှင့်တင်ရေး လက်မှတ်ရသင်တန်းများ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများကို သင်ကြားပေးလျက်ရှိသည်။

**အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

အစားအသောက်နှင့် ဆေးဝါးဆိုင်ရာ ကိစ္စရပ်များအပြင် အလှကုန်၊ လူသုံးကုန်ကဲ့သို့ ကျန်းမာရေးဆိုင်ရာပစ္စည်းများ၊ ဆေးပစ္စည်းများ၏ အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် လမ်းဘေးဈေးသည်များ ရောင်းချနေသော အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးသင်တန်းများအား နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှစ၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၏ အစားအသောက် အဏုဇီဝဓာတ်ခွဲခန်း (Food Microbiology Laboratory) သည် ၂၀၁၉ ခုနှစ် မေလတွင် ISO လက်မှတ်ရရှိခဲ့ပြီး ဈေးကွက် ထောက်လှမ်းစောင့်ကြည့်ခြင်း လုပ်ငန်း (Post–market Surveillance) ဆောင်ရွက်ခြင်းအနေဖြင့် ဆေးပစ္စည်းနမူနာ ၃၄၇ မျိုး၊ အလှကုန် ၁၂၄၁ မျိုး၊ ဆေးဝါး ၁၆၇၇ မျိုးနှင့် အစားအသောက် ၁၄၄၄ မျိုးတို့ကို စစ်ဆေးနိုင်ခဲ့သည်။

**တိုင်းရင်းဆေးပညာဦးစီးဌာန**

(၂၅) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ နှစ်ရုံနှင့် (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ နှစ်ရုံကို တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ယခုအခါ မြန်မာနိုင်ငံ၌ ဖွင့်လှစ်ပြီးသော တိုင်းရင်းဆေးရုံ ၄၄ ရုံနှင့် တိုင်းရင်းဆေးကုဌာန ၂၁၀ ရှိပြီဖြစ်သည်။

တိုင်းရင်းဆေးပညာ ဦးစီးဌာနသည် University of Toyama (Japan) ၊ Yunnan University of Chinese Medicine (China)၊ ကူမင်းပြည်နယ်၊ ယူနန်တိုင်းရင်းဆေး တက္ကသိုလ်များနှင့် နားလည်မှုစာချွန်လွှာ ရေးထိုး၍ တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ အရည်အသွေးမြှင့်မားရန် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းဆေးတက္ကသိုလ် သင်ကြားရေးတွင် အထောက်အကူဖြစ်စေရန်နှင့် တိုင်းရင်းဆေးတက္ကသိုလ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအကြံပေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး Emeritus Professor (၃)ဦး၊ Honorary Professor (၃)ဦး၊ Honorary Associate Professor (၁)ဦးနှင့် Visiting Lecturer (၁)ဦးတို့ကို ဂုဏ်ပြုချီးမြှင့်၍တာဝန်ပေးအပ်ခဲ့သည်။

**အားကစားနှင့် ကာယပညာဦးစီးဌာန**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ National Sports Seminar မှပေါ်ထွက်လာသော ကဏ္ဍအလိုက် ဆောင်ရွက်ရန် အကြံပြုချက် ၇၃ ချက်အနက် ၁၉ ချက်ကို ဦးစားပေးဆောင်ရွက်နေပြီဖြစ်သည်။

ပြည်သူများ အားကစားလှုပ်ရှားမှုလုပ်နိုင်ရန်အတွက် အားကစားကွင်း၊ အားကစားရုံ၊ ရေကူးကန်များ ဆောက်လုပ်ပေးလျက်ရှိရာ အားကစားကွင်း ရှစ်ကွင်း၊ အားကစားရုံ ၄၄ ရုံ ဆောက်လုပ်ပေးနိုင်ခဲ့သည်။

"နေပြည်တော်ရှိ ဝန်ကြီးဌာနတွေက ဝန်ထမ်းတွေ၊ တိုင်းဒေသကြီး/ပြည်နယ်တွေက ဝန်ထမ်းတွေ၊ အားကစားဝါသနာရှင်တွေအတွက် Physical Fitness Dance သင်တန်း လေးကြိမ် ဖွင့်လှစ်ခဲ့ရာ ၇၁၂ ဦး တက်ရောက်ခဲ့ပါတယ်။ ယောဂနည်းပြသင်တန်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်တန်းသား ၂၅၄ ဦး တက်ရောက်ခဲ့ပါတယ်။ ဒါ့ပြင် အများပြည်သူတွေ လွတ်လပ်စွာ လေ့ကျင့်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်တွေမှာ Outdoor Fitness Equipments ၁၈၁၇ စုံ တပ်ဆင်ပေးခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားလာစေရေးအတွက် အဓိကကျတဲ့ Physical Education Today for an Active and Healthy Population Tomorrow Seminar ကို ကျင်းပပြုလုပ်ခဲ့ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောသည်။

နိုင်ငံ၏ အားကစားအဆင့်အတန်း မြင့်မားလာစေရန် အားကစားဆိုင်ရာ တားမြစ်ဆေးဝါးသုံးစွဲမှုကင်းစင်သော အားကစားလောကအဖြစ် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရန် ရည်ရွယ်၍ "အားကစားသိပ္ပံပညာနှင့် အားကစားဆေးပညာဆိုင်ရာ ညီလာခံ" ကို ကျင်းပပြုလုပ်ခဲ့သည်။

ထို့ပြင် မြန်မာ့အားကစား အဆင့်အတန်း တိုးတက်စေရန်ရည်ရွယ်၍ အားကစားနှင့် ကာယပညာသိပ္ပံကျောင်း ခြောက်ကျောင်း ဆောင်ရွက်နေမှုများ သုံးသပ်ခြင်းနှင့် ပြုပြင်ပြောင်းလဲရေး အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခဲ့ပြီး ဆုံးဖြတ်ချက်များကို ဆောင်ရွက်လျက်ရှိသည်။

အလားတူ ကိုယ်လက်လှုပ်ရှားအားကစား အစီအစဉ် (EIM) ကို ကျောင်းသားလူငယ်များ၊ လုပ်သားပြည်သူများ၊ ဝန်ကြီးဌာနမှဝန်ထမ်းများ၊ မူးယစ်ဆေးဝါးကုသရေးစခန်းများ၊ အကျဉ်းထောင်များ၊ IDP Camp များတွင် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် နိုင်ငံတကာအားကစားပြိုင်ပွဲများသို့ ၁၁၄ ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၅၈ ခု၊ ငွေတံဆိပ် ၈၄ ခုနှင့် ကြေးတံဆိပ် ၁၃၅ ခု ရရှိခဲ့သည်။

မျိုးဆက်သစ် လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်စေရန် ရည်ရွယ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများကို ၂၇ ကြိမ် ကျင်းပခဲ့သည်။ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ ဖွင့်လှစ်ထားရှိပြီး ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့၌ B.Sc(Sports) ဘာသာရပ်၊ သိပ္ပံဘွဲ့(အားကစားပညာ) ဂုဏ်ထူးတန်းများကို ဖွင့်လှစ်ထားသည်။

"အားကစားလှုပ်ရှားမှု အကျိုးကျေးဇူးတွေကို သိရှိနားလည်လာစေပြီး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လှုပ်ရှားဆောင်ရွက်လာကြစေဖို့ ဒီဇင်ဘာအားကစားလှုပ်ရှားမှုတွေမှာ တစ်နိုင်ငံလုံးက အင်အား ၂၈၈၂၇၀၀၊ နိုင်ငံလူဦးရေရဲ့ ၁၄ ရာခိုင်နှုန်း ပါဝင်ဆောင်ရွက်ခဲ့ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

ထို့ပြင် ထူးချွန်ထက်မြက်သော အားကစားသမားများ ပေါ်ထွက်လာစေရေး ရည်ရွယ်ချက်ဖြင့် မူဝါဒနှင့်ကိုက်ညီပြီး အမြဲတစေဖွဲ့စည်းထားသော အားကစားကလပ်များကို ပြန်လည်စိစစ်ခဲ့ရာ တိုင်းဒေသကြီး/ ပြည်နယ်များ၌ ကလပ်ပေါင်း ၁၀၂၀ အထိ ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်သည်။

COVID–19 ဖြစ်ပွားနေသောကာလတွင် လူကြီး၊ လူငယ်၊ ကလေးအရွယ်များအတွက် မိမိနေအိမ်တွင် ပြုလုပ်နိုင်သော အားကစားလေ့ကျင့်ခန်းများကို American College of Sports Medicine ၏ Guideline များဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာန၏ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် တင်ပြပေးနိုင်ခဲ့သည်။

ထို့ပြင် ASEAN University Games အား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သလို ကျောင်းသားအားကစားပွဲတော်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြန်လည်ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများ ပေါ်ထွန်းရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်မည့် အရည်အသွေးပြည့်ဝသော ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုများ ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။